မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့။

မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို
ပြင်ဆင်သည့် ဥပဒေ
(၂၀၁၃ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "fifty kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂)တွင်ပါရှိသော-

(က) "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

စာမျက်နှာ ၃ ကော်လံ ၅ ❐

ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၆/၂၀၁၃)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)
ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဒေါ်စီစီအား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူ့စွမ်းအားအရင်းအမြစ် မြင့်မားလာသည်နှင့်အတူ ပြည်သူများ၏ လူနေမှုစနစ်ပါ ပြောင်းလဲသွားစေမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ လျင်မြန်စွာပြောင်းလဲနေသည့် ၂၁ ရာစုခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်မှုသည် ယင်းနိုင်ငံ၏ ပညာရေးအဆင့်အတန်း၊ ဖန်တီးမှုစွမ်းရည်ဖြစ်သည့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအပေါ် များစွာမူတည်နေပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု နည်းသည့်အတွက် နည်းပညာမှာရော၊ တီထွင်ကြံဆမှုများပါ နောက်ကျကျန်နေသည်နှင့်အမျှ ဖွံ့ဖြိုးမှုနှေးကွေးမည်ဖြစ်ပါကြောင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့တွင် ပြောကြားခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတွင် တစ်ဦးချင်းစီနှင့် တစ်ဖွဲ့လုံး၏ အရည်အသွေး တိုးတက်ရန်လိုအပ်သည့်အပြင် အရည်အသွေးရော၊ အရေအတွက်ပါ ပြိုင်တူဖွံ့ဖြိုးပါမှ ယှဉ်ပြိုင်စွမ်းအားလည်း မြင့်မားနိုင်မည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွားများအတွက် လုံခြုံဘေးကင်းစွာ တည်းခိုနိုင်ရေးဆောင်ရွက်ပေးမည်

ရန်ကုန် အောက်တိုဘာ ၂၂

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုတဖြည်းဖြည်းတိုးတက်လာလျက်ရှိရာ ခရီးသွားဧည့်သည်များအား လုံခြုံရေးနှင့် စောင့်ရှောက်မှုများ ပိုမိုပြုလုပ်နိုင်ရန် ဟိုတယ်များတွင် စီစီတီဗွီကင်မရာများနှင့် လုံခြုံရေးကိရိယာများ ထားရှိတပ်ဆင်ဆောင်ရွက်ရန် စီစဉ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ချောင်းသာ၊ ငွေဆောင်စသည့်နေရာများတွင် ဟိုတယ်၊ မိုတယ်နှင့် အင်းများတည်ရှိနေရာ ယခုအခါ ဟိုတယ်ပေါင်း ၈၈၀ ကျော် ရှိနေပြီဖြစ်သည်။ အဆိုပါ ဟိုတယ်များတွင် လုံခြုံရေးကင်မရာများ၊ စစ်ဆေးရေးကိရိယာများ ထားရှိဆောင်ရွက်သွားရန် စီစဉ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တည်ဆောက်နေသော ဟိုတယ်အသစ်များ၌ လုံခြုံရေးကင်မရာများ၊ လုံခြုံရေးစနစ်များ ထားရှိရန်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်များ လာရောက်မှုမှာ ၂၀၁၂ ခုနှစ်က ခရီးသွားဧည့်သည်ပေါင်း ၁ ဒသမ ၅ သန်းခန့် လာရောက်ခဲ့ရာ ယခု ၂၀၁၃ ခုနှစ်၌ ခရီးသွားဧည့်သည် တိုးတက်လာရောက်လျက်ရှိရာ ယခင်နှစ်ကထက် ပိုမိုများပြားစွာလာရောက်မည်ဟု မျှော်မှန်းထားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

"ပေါ့ဆမီး" သတိ

'မီး'သည် သုံးတတ်လျှင် 'မိတ်ဆွေ'၊ မသုံးတတ်လျှင် 'ရန်သူ' ဟူ၍ စကားရှိပါသည်။ ဤမသုံးတတ်ဟူသော စကားတွင် ပေါ့ဆခြင်းလည်းပါဝင်သည်။ မီးဘေးအန္တရာယ်သည် လူတို့၏ ပယောဂကြောင့်သာ အများစု မီးလောင်ရခြင်းဖြစ်သည်။ မီးလောင်မည်ကို သတိမမူခြင်း၊ အလေးမထားခြင်း၊ မေ့လျော့တတ်ခြင်းတို့သည် ပေါ့ဆမီးလောင်ကျွမ်းခြင်းကို ဖြစ်စေသည့် အခြေခံအကြောင်းတရားများပင် ဖြစ်သည်။ မီးလောင်မှုပုံစံအမျိုးမျိုးရှိရာတွင် ပေါ့ဆမီးသည် အဖြစ်များဆုံးနှင့် လူတို့ကိုဒုက္ခအပေးနိုင်ဆုံးဖြစ်၍ အထူးအလေးပြုသတိပြုရမည့် မီးဖြစ်ပါသည်။

ယခုရက်ပိုင်းအတွင်း ပေါ့ဆမီးလောင်မှု သတင်းများကို အဆက်မပြတ်ဖတ်ရှုရသည်။ လူတိုင်း လူတိုင်း မီးကိုမပေါ့ဆဖို့ သတိပေးနေခြင်းဖြစ်ပါသည်။ နေအိမ်အိပ်ခန်းအတွင်း ခြင်ဆေးခွေ ထွန်းညှိခဲ့ရာမှ စတင်မီးလောင်ကျွမ်းသည်ဆိုသော သတင်း၊ ကလေးကစားစရာအရုပ်များ ဘက်ထရီခြောက် အပူလွန်ကဲရာမှ မီးလောင်သည်ဆိုသော သတင်း၊ ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်သည်ဆိုသော သတင်း၊ စတိုခန်းတစ်ခုအတွင်း သိုလှောင်ထားသောပစ္စည်းများ အချင်းချင်းဓာတ်ပြု မီးလောင်သည်ဆိုသော သတင်း၊ ပစ္စည်းသိုလှောင်ခန်းအတွင်း တစ်နေကုန်ဖွင့်ထားသော မီးချောင်းအပူလွန်ကဲပြီး မီးလောင်သည်ဆိုသော သတင်း၊ ဆေးလိပ်တိုပစ်ချထားရာမှ ကားဝင်းကြီးတစ်ခုလုံး မီးလောင်သွားသည်ဆိုသောသတင်း စသော မီးလောင်မှုသတင်းများကို ဖတ်ရှုကြားသိရပါသည်။ ဤမီးလောင်မှုဖြစ်စဉ်အားလုံးသည် ပေါ့ဆမီးများပင်ဖြစ်၏။ လူတို့၏ မီးဘေးအန္တရာယ်ကို အလေးထားမှုအားနည်းခြင်းကြောင့်ဖြစ်ရသော မီးလောင်မှုများပင်ဖြစ်ပါသည်။

မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်ခြင်း၊ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ခြင်း၊ လျှပ်စစ်ရေနွေးအိုး၊ မီးပူ၊ ပေါင်းအိုး စသည်တို့မှတစ်ဆင့် မီးလောင်ခြင်းတို့မှာလည်း ပေါ့ဆမီးလောင်မှုများပင် ဖြစ်ပါသည်။ ပေါ့ဆမီးလောင်မှု ပုံစံများစွာရှိသည်ကို သတိပြုမိပါသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ မီးလောင်ခြင်းကို မဖြစ်စေလိုပါ။ သို့သော်သတိမမူ ပေါ့ဆခြင်းကြောင့်သာ မီးလောင်ရခြင်းဖြစ်ပါသည်။

ဤသို့ဆိုလျှင် ပေါ့ဆမီးမလောင်အောင် ဝိုင်းဝန်းတားဆီးရန်ကား အခြားအကြောင်းမရှိပါ။ အထက်ဖော်ပြပါ မီးလောင်မှုပုံစံများမဖြစ်ပွားအောင် လူတိုင်းက မီးအန္တရာယ် အသိ၊ မီးသတိရှိစွာသုံးစွဲကြခြင်းဖြင့် ပေါ့ဆမီးအန္တရာယ်ကို တားဆီးကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။ ။

ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂)တွင်ပါရှိသော ထင်သာမြင်သာကဏ္ဍ၌ ချစ်ကြည်ရေးတံတားပေါ်မှ စည်းကမ်းမဲ့ဈေးသည်များနှင့် တောင်းရမ်းစားသောက်သူများ ကြပ်မတ်သင့် သတင်း၏ ကော်လံ(၂) စာကြောင်းရေ (၆)တွင် တံတားရဲ့အနေအထားက (၁၂)လမ်းမောင်းအစား **(၂)လမ်းမောင်း** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် အောက်တိုဘာ ၂၂

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ထင်သာမြင်သာ ပြုပြင်စရာ

ကျုံ့ဒိုးမြို့တွင် အမှိုက်များစွန့်ပစ်နေရာထားရှိရန် ပြည်သူများမျှော်လင့်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ကျုံ့ဒိုးမြို့တွင် မြို့ပေါ်(၄)ရပ်ကွက်ရှိ ဒေသခံမိဘပြည်သူများသည် သုံးပြီးသား အမှိုက်ပစ္စည်းမျိုးစုံကို စွန့်ပစ်မည့်နေရာမရှိခြင်းကြောင့် အခက်ကြုံနေကြရသည်။ ကျုံ့ဒိုးမြို့သည် ရွာကလေးတစ်ရွာမှ တိုက်နယ်၊ တိုက်နယ်မှမြို့အဖြစ်သို့ပြောင်းလဲပြီး ကော့ကရိတ်မြို့နယ်အဖြစ် ပေါင်းစပ်ခြင်းခံရသော မြို့ဖြစ်သည်။

ယခုလို အဆင့်ဆင့်ပြောင်းလဲလာသော်လည်း အမှိုက်ပစ်မည့်နေရာမရှိ၍ မိဘပြည်သူများသည် စွန့်ပစ်ပစ္စည်းအမှိုက်များကို ကျုံ့ဒိုးမြို့ရှိ အဓိကရေလမ်းဖြစ်သော ဟောင်သရောမြစ်၊ အမှတ်(၂)တံတား၊ အမှတ်(၆) ကျောင်းခြံစည်းရိုးနားနှင့် ကျုံ့ဒိုးမြို့၏ အဓိကလမ်းမဖြစ်သော ဂျိုင်း-ကော့ကရိတ်လမ်း မြို့အဝင်အထွက်နေရာများတွင် စွန့်ပစ်ကြရသည်။ ယခု ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် စိုးရိမ်နေရပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဧည့်သည်များလာရောက်လည်ပတ်ကြည့်ရှုမည်ဆိုပါက အခက်ကြုံတွေ့နိုင်ပါသည်။

တင်ပြ

စည်ပင်သာယာဈေးမှ ဈေးသူဈေးသားများသည် တစ်နေ့စာ စွန့်ပစ်အမှိုက်များကို နံနက်ဈေးရောင်းစုပုံကြပြီး ညနေကျလျှင် ဟောင်သရောမြစ်ထဲသို့ စွန့်ပစ်နေကြသည်။ အလားတူ မြို့ပေါ်(၄)ရပ်ကွက်ရှိ မိဘပြည်သူများသည် အမှိုက်ပစ်သည့်နေရာမရှိ၍ ကျောင်းဘေးနား ခြံစည်းရိုး၊ လမ်းတံတားများ၏ ဘေးအောက်နှင့် လယ်သမားများ၏ စိုက်ပျိုးလယ်ဘေးနားတွင် စွန့်ပစ်ကြရသည်။ စွန့်ပစ်အမှိုက်များပစ်ရန်နေရာနှင့် ပြည်

သူများအတွက် အမှိုက်ပုံးများကို သက်ဆိုင်ရာက အမြန်ဆုံး ဆောင်ရွက်ပေးမည်ဆိုပါက စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ပြီး ပြည်သူများ၏ ကျန်းမာရေးကို ကြိုတင်ထိန်းသိမ်းကာကွယ်မှုပေးရာရောက်သလို မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပတင့်တယ်မည်ဖြစ်ပါကြောင်း အပြုသဘောဆောင်၍ တင်ပြလိုက်ရပါသည်။

နိုင်နိုင်ထွန်း(ကျုံ့ဒိုး)

နမ့်ခမ်း၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း အသိပညာပေးဟောပြော

မူဆယ် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက်က ဟိုနားကျေးရွာ ရွှေဝတ်ရည်စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ဆွေးနွေး

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဘီနော်လီက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းအကြောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ ကျော်ကျော်ခိုင်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်သွေးက ရေရှည်ရှင်သန်စေရန် ပုံမှန်ရှင်သန်လည်ပတ်နေသော ကျေးရွာစာကြည့်တိုက်ဖြစ်၍ စာကြည့်တိုက်အတွက် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးခဲ့ကြောင်းသိရသည်။

အယ်စိုး(iprd)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

■ ရှေ့ဖုံးမှ

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကျိုးရလဒ်နှင့်နိုင်ငံတော်၏ လူသားဖွံ့ဖြိုးမှု ညွှန်းကိန်း(HDI)ကို နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်သည့်အခါ သိသာသည့် တိုးတက်မှုရရှိလာအောင်နှင့် မြန်မာနိုင်ငံ၏ ထောင်စုနှစ်ရည်မှန်းချက်လည်း ပြည့်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ လူတစ်ဦးချင်းစီ၏ အရည်အသွေး၊ အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေးဖွံ့ဖြိုးခြင်းကို ဆိုလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးမှုအခြေခံဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ရခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း နိုင်ငံ့စီးပွားရေးကဏ္ဍတွင် သဘာဝသယံဇာတမှီခိုစီးပွားရေး၊ ကျွမ်းကျင်မှုနည်းသည့် လုပ်သားအခြေခံစီးပွားရေးဖြစ်သည့်အတွက် ရေရှည်တည်တံ့သော စီးပွားရေးမဟုတ်သည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ ဤသို့သောစီးပွားရေးလုပ်ငန်းမှ လူသားစွမ်းရည် ဦးနှောက်အခြေခံလုပ်ငန်းမျိုး ပြောင်းနိုင်မှသာ စီးပွားရေးအရ အလျင်အမြန်နှင့် အဆပေါင်းမြောက်များစွာ တိုးတက်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော စီးပွားရေးကို ရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် နိုင်ငံ့ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်အချိုးကျသည်ကို တွေ့ရပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် တစ်ဦးချင်းစီနှင့် တစ်ဖွဲ့လုံး၏ အရည်အသွေး တိုးတက်ရန် လိုအပ်သည့်အပြင် အရည်အသွေးရော၊ အရေအတွက်ပါ ပြိုင်တူဖွံ့ဖြိုးပါမှ ယှဉ်ပြိုင်စွမ်းအားလည်း မြင့်မားနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့မြင့်မားလာအောင် လိုအပ်သည့် ပညာ၊ အရည်အချင်း၊ ဗဟုသုတ၊ စာတွေ့လက်တွေ့အပြင် မြေပြင်အတွေ့အကြုံများကိုပါ ပေါင်းစပ်သင်တန်းပေးသွားနိုင်ရန် လိုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်း

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အားအရင်းအမြစ်ဖွံ့ဖြိုးမှု အဆင့်အတန်းကို ယင်းနိုင်ငံ၏ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းဖြင့် တိုင်းတာနှိုင်းယှဉ်ကြည့်ကြပါကြောင်း၊ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း အနိမ့်အမြင့်သည်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအနိမ့်အမြင့်နှင့် တိုက်ရိုက်အချိုးကျနေပြန်ပါကြောင်း၊ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းကို ယင်းနိုင်ငံမှ ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းပြည့်စုံမှု၊ ပညာရေးအဆင့်အတန်း ပြည့်စုံမှု၊ လူနေမှုအဆင့်အတန်းပြည့်စုံမှု စသည့်အခြေခံအချက်များအပေါ် မူတည်တိုင်းတာကြခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ၂၀၁၂ ခုနှစ် လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းအနေဖြင့် နိုင်ငံ ၁၈၇ အနက် ၁၄၉ အဆင့်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းအဆင့်ကို သိရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုရေတိုစီမံချက်အနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်း၊ ဌာန၏စွမ်းဆောင်ရည်မြင့်တက်လာအောင် လုပ်ငန်းခွင်ပညာပေးသင်တန်းကို ထိထိရောက်ရောက်ပို့ချပေးခြင်း၊ နိုင်ငံတကာ အတွေ့အကြုံရအောင် ပို့ဆောင်ပေးခြင်း၊ ဆုပေးဒဏ်ပေးစနစ်ဖြင့် ဖွံ့ဖြိုးအောင်လုပ်နိုင်မည်ဖြစ်ပါကြောင်း။

ရေရှည်စီမံချက်အနေဖြင့် ပညာရေးဝန်ကြီးဌာနအပါအဝင် သင်ကြားရေးတာဝန်ပါသည့် အခြားသောဝန်ကြီးဌာန ၁၂ ခုတို့၏ စာတွေ့လက်တွေ့ အဆင့်အတန်းမြင့်မားလာအောင်၊ သင့်တော်သည့် နည်းလမ်းပေါင်းစုံနှင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်း၍လည်းကောင်း ချမှတ်ဆောင်ရွက်ပါမှ ဤနိုင်ငံမှ မွေးထုတ်လိုက်သည့် အရင်းအမြစ်သည် အမှန်တကယ်ယှဉ်ပြိုင်နိုင်စွမ်းဖွံ့ဖြိုးမှုကို ရရှိမည်ဖြစ်ပါကြောင်းဖြင့်လည်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့သည်။

ရှင်းလင်းတင်ပြကြ

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒေါက်တာကိုကိုဦးနှင့် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်တို့က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဌာနအလိုက်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့မှုနှင့် ဘက်စုံလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ စီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးနှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်တိုးတက် မြင့်မားလာခြင်းအားဖြင့် ကုန်ထုတ်လုပ်စွမ်းအား မြင့်တက်ပြီး နိုင်ငံ၏ လူမှုစီးပွားရေးလည်း လိုက်ပါဖွံ့ဖြိုးမည်ဖြစ်ပါကြောင်း၊ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးမှုရှိလာသည်နှင့်အမျှ စာပေဗဟုသုတလည်း အလားတူဖွံ့ဖြိုးမည်ဖြစ်သည့်အတွက် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကိုပါ လျော့ကျ စေနိုင်မည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်မြင့်မားလာသည်နှင့်အတူ ပြည်သူများ၏ လူနေမှုစနစ်ပါ ပြောင်းလဲသွားစေမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပြည်သူများ၏ လူနေမှုဘဝ ပြောင်းလဲသွားခြင်းမှာ အကောင်းဆုံး သာဓကပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်မှာ ကဏ္ဍအလိုက်၊ ဒေသန္တရအလိုက် အရင်းအမြစ်စာရင်း

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဇယားများ စုဆောင်းခြင်း၊ လေ့လာသုံးသပ်ခြင်းများပြုလုပ်ပြီး စီမံကိန်းရေးဆွဲနိုင်ရေး မူဝါဒချမှတ်ပေးနိုင်ရန်၊ ပြည်တွင်းပြည်ပ အတိုင်ပင်ခံကျွမ်းကျင်သူပညာရှင်များ၊ အကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရန်၊ ရေးဆွဲရရှိလာသည့်စီမံကိန်းကို စီမံကိန်းတစ်ခု၏ လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်သွားရန်နှင့် အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းသွားရန်ဖြစ်ကြောင်း သိရသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် လိုအပ်သည့်အရင်းအနှီးနှင့်နည်းပညာများကို နိုင်ငံတော်အစိုးရဘဏ္ဍာငွေမှလည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်း၊ NGO များနှင့် ပူးပေါင်းခြင်းဖြင့်လည်းကောင်း၊ ရန်ပုံငွေရယူပြီး အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်း၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားရန်နှင့် စီမံကိန်းရေးဆွဲရေး Focal Ministry မှာ ပညာရေးဝန်ကြီးဌာန ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

(ခ) " to the State" ဆိုသည့် စကားရပ်ကို "to the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "relevant Ministry" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၉ တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Finance" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ(၁)၌ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce may,with the approval of the Union Government "ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(၄)၌ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မိုင်းစံမြို့နယ်ခွဲ ရုပ်မြင်သံကြားအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်

နေပြည်တော် အောက်တိုဘာ ၂၂

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းစံမြို့နယ်ခွဲ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား 50W TX ၊ လိုင်းနှုန်း (UHF Channel J-13) ဖြင့် အောက်တိုဘာ ၂၀ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (ယူအင်န်ဒဗလျူတီအို)က ၂၀၁၃ ခုနှစ်အတွင်းထုတ်ဝေသည့် ခရီးသွားလုပ်ငန်း သုံးသပ်ချက်တွင် ၂၀၁၁ ခုနှစ်က ကမ္ဘာတစ်ဝန်းခရီးသွားလာမှုတွင် ကမ္ဘာလှည့်ခရီးသည်ပေါင်း ၉၉၅ သန်းရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ခရီးသွားဦးရေ ၁၀၃၅ သန်းရှိခဲ့ကြောင်း၊ အဆိုပါခရီးသည်များသွားရောက်မှုတွင် အာရှ-ပစိဖိတ်ဒေသသို့ ၇ ရာခိုင်နှုန်း၊ အာဖရိကသို့ ၆ ရာခိုင်နှုန်း၊ အမေရိကသို့ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။အရှေ့တောင်အာရှတွင် ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံက ၁၆ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံက ၂၄ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၁၄ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံက ၅၂ ရာခိုင်နှုန်းအထိရှိကြောင်း ယူအင်န်ဒဗလျူတီအိုက သုံးသပ်ထားသည်။

ထို့ကြောင့် တဖြည်းဖြည်းလာရောက်မှုတိုးတက်များပြားလာသော ခရီးသွားဧည့်သည်များအား မြန်မာနိုင်ငံတွင် လုံခြုံဘေးကင်းစွာ နေထိုင်လည်ပတ်နိုင်ရေးအတွက် အစီအစဉ်များ စနစ်တကျဆောင်ရွက်ရန် စီစဉ်နေပြီးဖြစ်သည်။ **(မြန်မာ့အလင်း)**

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ

နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင်ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ **(မိုး/ဇလ)**



နိုင်ငံတကာသတင်း

မော်လ်ဒိုက်သမ္မတ ရွေးကောက်ပွဲဖျက်သိမ်း လွတ်လပ်၍ တရားမျှတသော သမ္မတရွေးပွဲ ထပ်မံကျင်းပမည်

မော်လ်ဒိုက် အောက်တိုဘာ ၂၂

မော်လ်ဒိုက်နိုင်ငံ၌ ဆိုင်းငံ့ထားသော ရွေးကောက်ပွဲအပေါ် အငြင်းပွားမှုများ မြင့်တက်လာချိန် သမ္မတ ရွေးကောက်ပွဲ ကျင်းပရန်နေ့ရက်သစ်များ ရွေးကောက်ပွဲတာဝန်ရှိသူများက ကြေညာလိုက်သည်။

မော်လ်ဒိုက်သမ္မတ မိုဟာမက်ဝါဟီးဒ်

အဆိုပါ သမ္မတရွေးကောက်ပွဲ ပထမအကျော့ကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ဒုတိယအကျော့ကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ကြေညာထားသည်။

စက်တင်ဘာလ ပထမအကျော့ ရွေးကောက်ပွဲကို တရားရုံးက ဖျက်သိမ်းလိုက်သည်။ လွန်ခဲ့သည့် စနေနေ့က ရွေးကောက်ပွဲ ကျင်းပရန် ကြိုးပမ်းမှုကို ရဲတပ်ဖွဲ့က ပိတ်ပင်တားဆီးခဲ့သည်။ ထိုစဉ်အတွင်း သမ္မတ မိုဟာမက်ဝါဟီးဒ်က ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု ရှိရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။မော်လ်ဒိုက် အတိုက်အခံခေါင်းဆောင်က လက်ရှိသမ္မတအား ချက်ချင်းဆင်းပေးရန် တိုက်တွန်းလိုက်သည်။

ရွေးကောက်ပွဲသစ် ကျင်းပရန်ရက်များကို ရွေးကောက်ပွဲကော်မရှင် အကြီးအကဲ ဖူဝပ်တောဖီးခ်က ကြေညာလိုက်ခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသစ်ကို နိုဝင်ဘာ ၁၁ ရက်တွင် ရွေးကောက်တင်မြှောက်ရမည်ဟု ဆိုထားသည်။ ယခုကျင်းပမည့် ရွေးကောက်ပွဲသစ်သည် ဒုတိယအကျော့ ကျင်းပရန် လိုအပ်လာလျှင် ကြားဖြတ်အာဏာကို မည်သူကဦးဆောင်ဦးရွက်ပြုမည်ကို ရှင်းလင်းစွာ မသိရသေးဟု ဆိုသည်။ **(ဘီဘီစီ)**

ဝေဟင်ပိုင်နက်ကျူးကျော်လာသော အပေါ့စား လေယာဉ်နှစ်စင်း ဗင်နီဇွဲလား တိုက်လေယာဉ်များက ပစ်ချ

ကာရာကာ့စ် အောက်တိုဘာ ၂၂

ဗင်နီဇွဲလားနိုင်ငံက ၎င်း၏ ဝေဟင်ပိုင်နက်အတွင်း ဝင်ရောက်လာသော အပေါ့စားလေယာဉ်နှစ်စင်းကို သီတင်းပတ်ကုန်ပိုင်းက ပစ်ချလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းကဲ့သို့ပစ်ချခဲ့ခြင်းသည် ယခုလစောစောပိုင်းက တရားမဝင်လေယာဉ်များ ဝင်ရောက်လာမှုကို ပစ်ချရန် သဘောတူခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဂျက်တိုက်လေယာဉ်များက ဝေဟင် တိုက်ပွဲဆင်နွှဲခဲ့ခြင်း ဖြစ်ကြောင်း ဗင်နီဇွဲလားစစ်ဘက်က ပြောသည်။

အဆိုပါ လေယာဉ်များသည် အမေရိက အလယ်ပိုင်းမှ မူးယစ်ဆေးဝါးမှောင်ခိုပြုလုပ်သည့် လေယာဉ်များဖြစ်သည်ဟု စွပ်စွဲထားသည်။ ဗင်နီဇွဲလားလေတပ် အရာရှိများ၏အမိန့်ကို ငြင်းဆိုခဲ့သည်ဟုလည်း ဆိုသည်။ ယခုနှစ်အတွင်း ဗင်နီဇွဲလားနိုင်ငံက အခြားလေယာဉ် ၁၁ စင်းကိုလည်း ပစ်ချခဲ့သည်ဟု ဆိုသည်။ ယခုနှစ်အတွင်း မူးယစ်ဆေးဝါး ၃၅ တန်ကျော် ဖမ်းဆီးရမိကြောင်းလည်း ဗင်နီဇွဲလား လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ပထမဆုံးလေယာဉ်ကို သမ္မတမာဒူရို၏ အမိန့်ရပြီးနောက် အောက်တိုဘာ ၁၉ ရက် အစောပိုင်းက ဝေဟင်၌ ပစ်ချခဲ့ကြောင်း ဗိုလ်ချုပ်ကြီး ပါဒရီနိုက ပြောသည်။ အခြားတစ်စင်းကိုလည်း တောနက်တစ်ခုအတွင်း တရားမဝင်ဆင်းသက်ရန် ကြိုးစားစဉ် ပစ်ချလိုက်သည်ဟု ဆိုသည်။

သမ္မတမာဒူရိုက မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအား သတိပေးလိုက်ပြီးနောက် ဗင်နီဇွဲလားအစိုးရက တရားမဝင်မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုကို တားဆီးသည့်အနေဖြင့် ပစ်ချခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ **(ဘီဘီစီ)**

ဘဂ္ဂဒက်ညနေခင်း ဗုံးခွဲတိုက်ခိုက်မှု သုံးကြိမ်ဖြစ် အသေအပျောက်များပြား

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အောက်တိုဘာ ၂၀ ရက် တစ်နေ့တည်း၌ ဗုံးခွဲတိုက်ခိုက်မှုသုံးကြိမ်ဖြစ်ပွားခဲ့ပြီး လူ ၃၉ ဦးသေဆုံးခဲ့ကာ ၅၁ ဦးဒဏ်ရာရရှိကြောင်း ရဲဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ပိုင်း အမိုင်ရေယက်ရှ်အရပ်နားရှိ အဝေးပြေးလမ်းမပေါ်တွင် အရပ်သားများပါရှိသည့် ခရီးသည်တင်ကားတစ်စီးကို လမ်းဘေးဗုံးခွဲရာ လူနှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရသည်။

မြို့အနောက်ပိုင်းမှာပင် ဂါဇာလီယာနယ်မြေအတွင်း လမ်းဘေးဗုံး တစ်လုံးပေါက်ကွဲပြန်ရာ လူငါးဦးဒဏ်ရာရသည်။ ယခု အသေအပျောက်များသော ဗုံးခွဲမှုသုံးရပ်သည် ညနေပိုင်းအချိန်များတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းနေ့ နေ့လယ်ပိုင်းကလည်း အန်ဘာပြည်နယ်အတွင်း ဒေသဆိုင်ရာ အစိုးရဝင်းတစ်ခု အသေခံဗုံးခွဲတိုက်ခိုက်ခံရပြီး လူ ၁၂ ဦးသေဆုံးခဲ့ကာ ၂၇ ဦး ဒဏ်ရာအနာတရဖြစ်ခဲ့သည်။ **(ဆင်ဟွာ)**

တောင်ဆူဒန်တွင် ကျွဲ၊ နွားမွေးမြူရေးစခန်းများ သူပုန်များဝင်စီး လူ ၄၀ ကျော်သတ်ဖြတ်သွားခဲ့

ဂျူဘား အောက်တိုဘာ ၂၂

တောင်ဆူဒန်နိုင်ငံရှိ ပဋိပက္ခဖြစ်ပွားနေသော ပြည်နယ်ဂျုံလိုင်တွင် ကျွဲ၊ နွား တိရစ္ဆာန်မွေးမြူရေး စခန်းသုံးခုကို သူပုန်များက ဝင်စီးပြီး လူ ၄၁ဦးကို သတ်ဖြတ်သွားကြောင်း၊ ဒဏ်ရာရသူ ဒါဇင်များစွာရှိကြောင်း ဆင်ဟွာသတင်းတွင် အောက်တိုဘာ ၂၁ ရက်က ဖော်ပြသည်။

မောင်းပြန်သေနတ်များ ကိုင်ဆောင်ထားသည့် သူပုန်များသည် ပြည်သူ့စစ်ခေါင်းဆောင် ဒါဗစ်ယူယူ၏ သစ္စာခံသွေးသောက်များ ဖြစ်ဖွယ်ရှိပြီး စခန်းသုံးခု စလုံးတွင် ပစ်ခတ်ဝင် ရောက်ကာ ကျွဲ၊ နွား ကောင်ရေ ထောင်ချီ၍ ယူသွားကြကြောင်း ဒေသအာဏာပိုင်များကို ကိုးကားလျက်သတင်းတွင် ဖော်ပြသည်။

ဟော်လီလူမျိုးစု ခေါင်းဆောင် ယူယူသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာ ရှုံးနိမ့်သွားပြီးနောက် တောင်ဆူဒန်အစိုးရကို ဆန့်ကျင်သူပုန်ထခြင်းများ အကြီးအကျယ်လုပ်ဆောင်လာခဲ့သည်။

ကုလသမဂ္ဂ၏အဆိုအရ ၂၀၁၁ ခုနှစ်တွင် ဆူဒန်မှ တောင်ဆူဒန်နိုင်ငံခွဲထွက်ပြီး ကာလမှစ၍ ဂျုံလိုင်ပြည်နယ်တွင် အသတ်ခံရသူ ပြည်သူဦးရေသည် ၁၅၀၀ ထက်မနည်းရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံ ဟာဘင်းမြို့ကို မြူများဖုံးလွှမ်း

ဟာဘင်း အောက်တိုဘာ ၂၂

တရုတ်နိုင်ငံရှိ ဟာဘင်းမြို့တွင် မြူများထူထပ်စွာ ကျရောက်၍ အောက်တိုဘာ ၂၂ ရက်အထိ အဝေးပြေးယာဉ်လိုင်းများ၊ ကျောင်းများနှင့် လေဆိပ်များကို ပိတ်ထားရကြောင်း အောက်တိုဘာ ၂၂ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မူကြို၊ မူလတန်းနှင့် အလယ်တန်းကျောင်းကို ပိတ်ခိုင်းထားရကြောင်း၊ ဟေလုံကျန်ပြည်နယ်၏ မြို့တော်ဖြစ်သော ဟာဘင်းမြို့ မြူဖုံးနေသည်မှာ ဒုတိယရက်တိုင် မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဟာဘင်းတိုင်ပေ နိုင်ငံတကာ လေဆိပ်ကို အောက်တိုဘာ ၂၁ ရက်ကတည်းက ပိတ်ထားခဲ့ရခြင်းဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ဟာဘင်းမြို့၏ မြူဖုံးလွှမ်းသည့် အခြေအနေကို အနီရောင်အဆင့် သတိပေးထားသည်။ မြို့တွင်း၌လည်း မြူခိုးမြူငွေ့များကြောင့် အကွာအဝေး မီတာ ၂၀ အောက်သာမြင်တွေ့ရကြောင်း ဆိုသည်။

မြူခိုးငွေ့များသည် အရှေ့မြောက်ပိုင်းတွင် ဖုံးလွှမ်းခဲ့သည်မှာ အောက်တိုဘာ ၂၀ ရက်က စတင်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

တိုက်တန်းနစ်သင်္ဘောမှ ဂီတတီးဝိုင်းတွင် တီးခတ်ခဲ့သောတယော လေလံဈေးဒေါ်လာ ၁ ဒသမ ၆ သန်းရရှိ

လန်ဒန် အောက်တိုဘာ ၂၂

၁၉၁၂ ခုနှစ် ဧပြီလတွင်းက နစ်မြုပ်ခဲ့သော တိုက်တန်းနစ် သင်္ဘောကြီးပေါ်မှ ဂီတဝိုင်းတွင် တီးခတ်ခဲ့သည့် တယောတစ်လက်ကို ဗြိတိန်တွင် လေလံတင်ရောင်းချရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းဖြင့် ရောင်းချခဲ့ကြောင်း ဆင်ဟွာသတင်းတွင် အောက်တိုဘာ ၂၂ ရက်က ဖော်ပြသည်။ လေလံတင်ရောင်းချခဲ့သည့် အဆိုပါ တယောကို တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဝဲလ်လေ့ဟာတလေး ပိုင်ဆိုင်ခဲ့ဖွယ်ရှိကြောင်း၊ ယင်းသင်္ဘောနစ်မြုပ်သေဆုံးသူ ၁၅၀၀ ကျော်တွင် ပါဝင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တယောကိုယ်ထည်တွင် ဟာတလေး၏ နာမည်ရေးထိုးသွားပြီး သင်္ဘောကြီးနစ်မြုပ်ပြီး တစ်ပတ်ကျော်ကြာတွင် ဂီတပညာရှင် ဟာတလေး၏ရုပ်အလောင်းနှင့် အတူ ယင်းတယောကို ပင်လယ်တွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရာစုနှစ်ကြာ သက်တမ်းရှိ ပင်လယ်တွင်းမှ ပြန်ရရှိသော နာမည်ထင်ရှား တိုက်တန်းနစ်သင်္ဘောကြီး၏ ဂီတဝိုင်းမှတယောဖြစ်သောကြောင့် ယခုကဲ့သို့ လေလံဈေးရရှိခဲ့ခြင်းဖြစ်သည်။ ယင်းတယောမှာ တီးခတ်၍မရတော့ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

Hein Thit ကားတာယာ ၊ အလှို့င်းဘတ္တရီ၊ အင်ဂျင်ဝိုင် နှင့်ကားအလှဆင်ပစ္စည်း ရောင်းဝယ်ရေးအား(၁၂.၁၀.၂၀၁၃) ရက်နေ့တွင် အမှတ် (၂၇) ၊ ဝေဇယန္တာလမ်း၊သစ္စာလမ်းနှင့်ရတနာလမ်း ထောင့်၌ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နေကြယ်ဦးကုမ္ပဏီများအုပ်စု

ဇမ္ဗူသီရိမြို့နယ်ဝဏ္ဏသိဒ္ဓိရပ်ကွက် ဆွမ်းလောင်းလှူပွဲ

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်အတွင်းရှိ သီတင်းသုံးနေထိုင်တော်မူကြကုန်သော ဝါဆိုသံဃာတော်များအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းလှူပွဲ ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဓမ္မာရုံရှေ့၌ကျင်းပရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဦးစီး၍ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များနှင့်မြို့နယ် အထောက်အကူပြုအဖွဲ့များက ကျောင်းတိုက်ပေါင်း ၃၅ ကျောင်းမှ ဝါဆိုသံဃာတော်အပါး ၂၀၀ ကျော်ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)** **ကိုပေါက်(ဥက္ကာမြေ)**

လမ်းဘေးဈေးသည်နှင့် စည်းကမ်းမဲ့ယာဉ်ရပ်နား မောင်းနှင်မှု ကွင်းဆင်းစစ်ဆေးအရေးယူရန်လို

ရန်ကုန် အောက်တိုဘာ ၂၂

အောက်တိုဘာ ၂၀ ရက် ည ၈ နာရီဝန်းကျင်က လသာမြို့နယ် ၂၄ လမ်း အထက်လမ်း သိမ်ကြီးဈေး ဒီရုံ လေးလွှာတွင် မီးလောင်မှုဖြစ်ပွားရာ မီးသတ်ကားအချို့ မဟာဗန္ဓုလလမ်းအတိုင်းအနောက်မှအရှေ့သို့ ဥဩအချက်ပေးသံဆွဲပြီး မောင်းနှင်လာသော်လည်း လသာမြို့နယ်အတွင်း လမ်းမတော်လမ်းနှင့် လသာလမ်းကြား မဟာဗန္ဓုလလမ်းပေါ်တွင် ကားများပိတ်ဆို့မှုကြောင့် အရှိန်လျှော့မောင်းနှင်ခဲ့ကြရကြောင်း၊ မီးသတ်ကားအုပ်စုများ တစ်သုတ်ပြီးတစ်သုတ် အချိန်ခြားလာရောက်သော်လည်း ယင်းလမ်းမကြီး၏ လမ်းဘေးနှစ်ဖက်နှင့်လမ်းလယ်မျဉ်းဝါကွက်တို့တွင် အိမ်စီးယာဉ်မျိုးစုံစီတန်းရပ်ထားခြင်း၊ လမ်းမများပေါ်တွင် ဈေးဆိုင်များ တည်ခင်းရောင်းချခြင်းတို့ကြောင့် အရေးပေါ်သွားလာမှုတွင် အခက်အခဲနှင့်ကြုံတွေ့ကြောင်း ယင်းနေရာတွင် ရှိနေသော ပြည်သူများက ဆိုသည်။

လမ်းဘေးဈေးသည်ဟုဆိုရာတွင် ဝမ်းရေးအတွက်ရောင်းချနေခြင်းနှင့် ဆိုင်ခန်းငှားရမ်းခ၊ စားသောက်ဆိုင်လိုင်စင်၊ အခွန်အခများရှောင်တိမ်းလို၍ လမ်းဘေးတွင်ရောင်းချခြင်းဟူ၍ခွဲခြားမြင်တတ်ရန်လိုကြောင်း၊ ဈေးသည်များအနေဖြင့် နားလည်မှုကြေးများဖြင့် ရောင်းချနေကြရသဖြင့် ယခုကဲ့သို့အရေးယူမှု အားနည်းနေရခြင်းဖြစ်နိုင်ကြောင်း ခရီးသွားတစ်ဦးက ဆိုသည်။

လမ်းဘေးဈေးသည်များခွင့်ပြုနေရာ၊ ခွင့်ပြုချိန်အတိုင်း ရောင်းချရေး၊ လမ်းဘေးဈေးသည် စည်းကမ်းမဲ့ရောင်းချမှုများကို ကားရပ်ရန်နေရာများ၊ ကျဉ်းမြောင်းလာသော လူသွားစင်္ကြံများပေါ်တွင် မြင်တွေ့နေရပြီး အိမ်စီးယာဉ်ငယ်များမှာ လမ်းဘေးတွင် ရပ်နေရဆဲဖြစ်ကြောင်း၊ လမ်းဘေးဈေးသည်နှင့် စည်းကမ်းမဲ့ယာဉ်ရပ်နား၊ မောင်းနှင်မှုများကို ကွင်းဆင်းစစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူရန်လိုနေပြီဖြစ်ကြောင်း ရန်ကုန်မြို့နေပြည်သူအချို့က ဆိုသည်။ **ခင်ဆိုင်**

ရွှေရောင်စတီးလ်နှင့်ပန်းတဉ်းလုပ်ငန်း အပြောင်းအလဲမြင်ကွင်း

တင်ဝင်းလေး (ကြည့်မြင်တိုင်)

မြန်မာ့ရိုးရာ ပန်းပညာရပ်များအနက် ပန်းတဉ်းပညာရပ်သည် ကြေးပြား၊ သွပ်ပြားတို့ဖြင့် ပုံဖော်ထွင်းဖောက်အလှတန်ဆာ ဆင်ရသော လက်မှုပညာစစ်စစ် တစ်ရပ်ပင်ဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် ပန်းတဉ်းလုပ်ငန်း၌ အသုံးပြုလာကြသည်မှာ ကြေးနီပြားနှင့် ပြောင်သွပ်ပြားတို့သာလျှင် ဖြစ်သည်။ မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားအဆူဆူတို့၌ တင်လှူအပ်သော ထီးတော်များမှာ များသောအားဖြင့် ကြေးနီပြားဖြင့်သာ ပြုလုပ်မှုများကြောင်း ပန်းတဉ်းပညာရှင် ဦးကြည်မောင်က ဆိုခဲ့သည်။

ပန်းတဉ်းလုပ်ငန်းသုံး ကြေးပြားကြိတ်ခြင်းလုပ်ငန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးရွာထောင်အရပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တို့၌ ရှိခဲ့သည်။ ကြေးအတုံးများကို လိုချင်သည့် အထူအပါးရှိအောင် ကြိတ်ယူရသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော် ကာလအထိပင် ထိုလုပ်ငန်းက အားကောင်းခဲ့သည်။ ယခုနောက်တဖြည်းဖြည်းနှင့် လုပ်ငန်းပါးလျားလာခဲ့သည်ကို တွေ့ရသည်။

ရန်ကုန်မြို့၌ ဘုရားထီးတော်များ အဓိကပြုလုပ်ရာ ရပ်ဝန်းမှာ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်တွင် ဖြစ်သည်။ ဗားကရာချောက်ကြီးအနီး၌ တည်ရှိပြီး မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အောက်ကြည့်မြင်တိုင်လမ်းမကြီးဟု အမည်သညာသတ်မှတ်ပေးထားသော်လည်း ပန်းတဉ်းပညာရှင်များ စုစည်းနေထိုင်ရာ အရပ်ဖြစ်၍ အရပ်အခေါ် "ပန်းတဉ်းတန်းလမ်း" ဟုမြန်မာပြည်တစ်ဝန်း လူသိများခဲ့သည်။

ပန်းတဉ်းပညာရပ်ဖြင့် ထီးတော်များကို ကြေးနီပြားဖြင့် အဓိကပြုလုပ်သကဲ့သို့ သာသနိကအဆောက်အအုံများ၌ အလှဆင်အပ်သော ပန်း (နှစ်ထပ်ကနုတ်ပန်း) သို့မဟုတ် ပြာသာဒ်ပန်းကို များသောအားဖြင့် ပြောင်သွပ်ပြား အဖြူပြားများဖြင့်သာ ပြုလုပ်ခဲ့ကြသည်။ ပြုလုပ်ပြီးသော ထီးတော်များအား ရွှေချပြီးမှသာ တင်လှူလေ့ရှိကြသကဲ့သို့ ပြာသာဒ်ပန်းကို ရွှေဆေးမှုတ်ပြီးမှသာ အလှဆင် တပ်ဆင်လေ့ရှိကြသည်။

ထီးတော်တစ်ဆူအား ရွှေချရာ၌ ပထမ တစ်ရေ သစ်စေးသုတ်ရသည်။ သုတ်ပြီးပါက အခြောက်ခံရန် မြေခာတ်ပေးရသည်။ (မြေတိုက်အတွင်း နှစ်ရက်၊ သုံးရက် ချထားရသည်) ခြောက်သွားပါက ဒုတိယတစ်ရေထပ်သုတ်ရပြီး ပထမနည်းအတိုင်း မြေတိုက်သွင်းရသည်။ အချို့လည်း သုံးကြိမ်တိုင်တိုင်သစ်စေးသုတ်၊ မြေတိုက်သွင်းသော်လည်း ပစ္စည်းမှာသူက ရက်မရ၊ အလျင်လိုပါက နှစ်ရေနှင့်ပင် သုတ်ပြီး မျက်ပါးရွှေအစစ် ချကြသည်။

ထို့အတူ သာသနိကအဆောက်အအုံတို့တွင် အလှဆင်အပ် ပြာသာဒ်ပန်းကို ပြောင်သွပ်ပြားဖြင့် ပြုလုပ်ပြီးပါက ဆေးအဝါ(သို့မဟုတ်)အညိုအောက်ခံဆေးမှုတ်ရသည်။ ၎င်းအပေါ်မှ ရွှေဆေး ထပ်မံမှုတ်ရသည်။ ၎င်းသည်လည်း ကုန်ကျမှုစရိတ်မြင့်ခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံမှ ဈေးသက်သာသော ရွှေရောင်စတီးလ်များ ပြည်တွင်းသို့ ဝင်ရောက်မှုများပြားလာခဲ့ရာ ပန်းတဉ်းလုပ်ငန်း၌ ပြောင်သွပ်ပြားများနေရာတွင် အစားထိုးအသုံးပြုလာကြသည်ကို တွေ့ရသည်။ လုပ်ငန်း၌လွန်စွာမှပင် အသုံးတည့်လာသည်။ ဈေးအားဖြင့်လည်း သက်သာသည် ဟုဆိုသည်။ ပန်းတဉ်းတန်းတစ်တန်းလုံး တစ်ခေတ်ဆန်းလာခဲ့ကြသည်။ အလုပ်အိမ်တိုင်း လုပ်ငန်းပြန်လည်ကောင်းလာကြသည်။ ယခင်ကာလကဤလုပ်ငန်းသည် တစ်နွေတစ်ဆောင်း၌သာ လုပ်ငန်းကောင်းပြီး မိုးတွင်း၌ ထိုင်နားနေခဲ့ရသော အစဉ်အလာရှိခဲ့သည်။ ယခုအခါ နှစ်ပတ်လည် အလုပ်အိမ်တိုင်းစေ့ တူထုသံ၊ စို့ရိုက်သံတို့က နေ့ညဆက်လျက်ရှိလာကြသည်။ သနုဂိုရွှေရောင်အတိုင်း ပင်တိုက်ရိုက် တင်လှူသွားနိုင်သည်။ ထို့အတူ ပြာသာဒ်ပန်းအနေဖြင့်လည်း အောက်ခံဆေးမှုတ်ရန်၊ ရွှေဆေးမှုတ်ရန်မလိုတော့ပေ။ မူလရွှေရောင် အတိုင်းတောက်ပသော ရွှေအဆင်းဖြင့် ဝင်းဝါလျက်ရှိနေသည်။

ရောင်းဈေးမှာလည်း အလွန်မှပင် ခြားနားသွားခဲ့သည်။ ကိရိယာအစုံ မျက်ပါးရွှေ(ရွှေအစစ်) ချပြီး တစ်တောင်အရွယ် ကြေးနီထီးတစ်လက်လျှင် ငွေကျပ် ၄၀၀၀၀၀ ဖြင့် အနည်းဆုံး ရောင်းချပေးနိုင်သော်လည်း ၎င်းအရွယ်ရွှေရောင် စတီးလ်ထီးတစ်လက်ကို ငွေကျပ် ၁၁၀၀၀၀ ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။ အဆအားဖြင့် များစွာ ကွာခြားသွားခဲ့သည်။

သို့သော် ရွှေအစစ်နှင့် ရွှေရောင်စတီးလ် ဂုဏ်ဒြပ်ခြင်းအားဖြင့်လည်း လွန်စွာမှပင် ကွာခြားသည်သာ အမှန်ပင်ဖြစ်သည်။ သို့သော် အဖိုးနည်း ဝန်ပါဆိုသကဲ့သို့ ဈေးနှုန်းနိမ့်ပါးလာခြင်း၊ ကြာရှည်ခံမှုတွင်လည်း များစွာကွာခြားခြင်း မရှိသည်တို့ကြောင့် ယခုနောက်ပိုင်း၌ ရွှေရောင်စတီးလ်ထီးများ တင်လှူမှုများလာခဲ့ခြင်းနှင့်အတူ မြန်မာ့ရိုးရာ ပန်းတဉ်းလုပ်ငန်းတစ်ခေတ်ဆန်းလာခြင်း၊ ရောင်းပန်းသာ၍ ဝယ်ပန်းလှပလာခြင်းကို ခေတ်တစ်ခေတ်၏ ပြောင်းလဲလာခြင်း မှတ်တမ်းအဖြစ် တင်ပြရေးသားလိုက်ရပါသည်။

ရွှေရောင်စတီးလ်ပြားဖြင့် ပြုလုပ်ထားသော ပြာသာဒ်မုခ်ဦးပန်းကို တွေ့ရစဉ်။

တောတောင်ရှိမှ စမ်းရေရ၏

စစ်တွေအဘိဓမ္မာအခါတော်နေ့တွင် ယခင်နှစ်များကထက် ထူးကဲစွာစည်ကား

စစ်တွေ အောက်တိုဘာ ၂၂

သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာနေ့တစ်နေ့ဖြစ်သည်။ ယခုနှစ်တွင် စစ်တွေမြို့၏ အဘိဓမ္မာအခါတော်နေ့၌ ယခင်နှစ်များကထက်ထူးကဲစွာ စည်ကားနေကြောင်း တွေ့ရသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့) ကပင် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းများတွင် ကုသိုလ်ဒါနပြုလုပ်နေသူများအား တွေ့ရသည်။ သီတင်းနေ့ (လပြည့်နေ့) လင်းအရုဏ်တက်ချိန်မှစ၍ စစ်တွေမြို့ရှိ လမ်းများတွင် ဥပုသ်သီတင်းဆောက်တည်ရန် သွားသူများ၊ ကုသိုလ်ဒါနပြုလုပ်ရန်သွားသူများ၏ ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များ၊ ဆိုက်ကားများဖြင့် စည်ကားနေသည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော စစ်တွေမြို့လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲကို စစ်တွေမြို့ ကြက်သရေဆောင် အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးအနီးရှိ ဝက်ပါကွင်း၌ ကျင်းပရာ စစ်တွေမြို့ပေါ်ရှိ ကျောင်းများက ဆရာတော်ကြီးများနှင့် သီလရှင်များ ကြွရောက်ကြသည်။

ပွဲတော်သို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စစ်တွေဒေသကွပ်ကဲရေးစစ်ဌာနချုပ်မှူးနှင့်ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများ၊ မြို့သူမြို့သားများ လာရောက်ပြီးဆွမ်းစသောခဲဖွယ်မျိုးစုံနှင့်နဝကမ္မငွေများ လောင်းလှူကြသည်။

ဆွမ်းတော်ကြီး လောင်းပွဲကို နံနက် ၉ နာရီတွင် ကျင်းပသော်လည်း ဒါနပြုလိုသောသူများက နံနက်လင်းအရုဏ်တက်ချိန်ကပင် ဝက်ပါကွင်းသို့ တဖွဲဖွဲရောက်ရှိကာ နေရာယူထားကြသည်။ ယခုနှစ်ဆွမ်းတော်ကြီးလောင်းပွဲသည် ယခင်နှစ်များကထက် ထူးကဲစွာစည်ကားသည်။

အာဂိုတ်တော်ကုန်းမြေရှိ ခတ်လယ်ကျောင်းတိုက်၊ အဓိဋ္ဌာန်ကျောင်းတိုက်၊ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်စသော ဘုန်းတော်ကြီးကျောင်းများ၊ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရား၊ စေတီများတွင် ဥပုသ်သီလဆောက်တည်သူများ၊ ဝိပဿနာတရားအားထုတ်ကြသူများ အလွန်များပြားကြောင်းတွေ့ရသည်။ ထို့ပြင် ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းစသော လှူဖွယ်ဝတ္ထုအစုစုတို့အား လှူဒါန်းနေသူများလည်း အလွန်များပြားနေသည်။

ညနေပိုင်းတွင် ပြည်လုံးချမ်းသာဘုရားကြီး၊ လောကနန္ဒာစေတီတော်မြတ်ကြီးများ၌လည်း ဘုရားဖူးလာသူများဖြင့် စည်ကားနေကြောင်းတွေ့ရသည်။ **လ/၀၀၃**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၉၁၁၃ ZAR THA PYIN TRUCK, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၁၂/ဒလန(နိုင်)၀၀၁၁၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းညွန့် ၁၂/တတန(နိုင်) ၀၆၅၂၄၅ ၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၀၂၄၀

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုသည် အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်မည့်သူကို ရှာဖွေလျက်ရှိပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီတွင် နိုင်ငံတကာအဆင့်မီ စိတ်ကူးနှင့် ဘဏ္ဍာရေးလုပ်ငန်းလုပ်ကိုင်မှုအတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားပါသည်။ မြေပိုင်ရှင်များအနေဖြင့် ၎င်းတို့၏မြေပေါ်တွင် အဆောက်အအုံဆောက်လိုပါက ကျွန်ုပ်တို့ဘက်မှ အကောင်းဆုံးဆောက်လုပ်ပေးပါမည်။ မြန်မာနိုင်ငံမှ စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါသည်။ ပူးပေါင်းဆောင်ရွက်မည့် မြန်မာအင်ဂျင်နီယာများကိုလည်း နိုင်ငံတကာစံချိန်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရန်နှင့် နိုင်ငံခြားအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် သင်တန်းများပို့ချကူညီပေးသွားမည်ဖြစ်ပါသည်။

(၁) ပုဂ္ဂလိက(သို့မဟုတ်) ကုမ္ပဏီရေိယာ ၂ ဧကမှ ဧက ၂၀အတွင်း နေရာကောင်း အဆောက်အအုံ ဆောက်နိုင်သောနေရာ။
(၂) နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုအရ ဝင်ငွေကိုခွဲဝေခြင်း။
(၃) မြို့လယ်ကောင်မြေနေရာ (သို့မဟုတ်) ယာဉ်အသွားအလာများသော လမ်းမကြီးဘေး။

ဖုန်း-၀၉-၄၃၁၀၀၈၈၄၊ ၀၁-၆၆၇၆၁၈၊ ၀၉-၄၅၀၀၁၁၀၂၇၊ ၀၉-၈၆၃၄၀၉၉
E-mail:braver 2013 ww.@gmail.com

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကြည်နူးမျက်ရည်ဝဲခဲ့ရသည့် မြင်ကွင်းတစ်ခု

ကိုဌေး(ကနောင်)

ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု မြန်မာလူမျိုးများက ခံယူထားကြပါသည်။ နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား၊ အရာရှိ/စစ်သည်များအား ဘွဲ့တံဆိပ်များချီးမြှင့်သည့်သတင်းအား အကြိမ်ကြိမ်ဖတ်ရှုခဲ့ရဖူးပါသည်။ အရာရှိ/စစ်သည်အများစုမှာ ထိုက်တန်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဘွဲ့၊ သီဟသူရဘွဲ့၊ အောင်ဆန်းသူရိယဘွဲ့ စသည့်ဘွဲ့တံဆိပ်များ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းခံရသော်လည်း ပေးအပ်ခြင်းခံရသည့် အရာရှိ/စစ်သည်အများစု အမည်နောက်တွင် (ကျဆုံး)ဟု ဖော်ပြထားသည့်အတွက်လည်း ကာယကံရှင် အရာရှိ/ စစ်သည်များ၏ မိသားစုနှင့် ထပ်တူကြေကွဲဝမ်းနည်းခဲ့ရဖူးပါသည်။ နိုင်ငံနှင့်လူမျိုးအတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသူများအား မတွေ့ဖူး၊ မမြင်ဖူးသော်လည်း မိမိ၏ ဆွေမျိုးရင်းချာတစ်ဦး ဆုံးရှုံးသကဲ့သို့ ခံစားရ၏။ တိုင်းပြည်အတွက် အဖိုးတန်ရတနာများ ဆုံးရှုံးခဲ့ရပြီဟုလည်း တွေးရင်းနှမြောမိ၏။ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်း ဂုဏ်ယူလေးစားမိခဲ့ရပါသည်။

ယနေ့ အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံတော်သမ္မတကြီးက လူမှုရေးနှင့်စီးပွားရေးကဏ္ဍနယ်ပယ်အသီးသီးတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်အောင် စွမ်းဆောင်ခဲ့ကြသည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များအားလည်း နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်ကိုလည်း ကြည်နူးစွာမြင်တွေ့ရသည်။ ပေးအပ်သည့်ဆုများတွင် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးတောင်သူလယ်သမားဆု၊ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု၊ မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု၊အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်ရည်ဆု၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည် အကောင်းဆုံးဆု၊ အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်ဆု၊ တန်ဖိုးမြှင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုများအား နိုင်ငံတော်အတွက် စီးပွားရေးနှင့် လူမှုရေးစွမ်းဆောင်ရှင်များ တိုးတက်ပေါ်ထွန်းလာစေရန် အားပေးမြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည့်အတွက် စွမ်းဆောင်ရည်ဆုချီးမြှင့်ခံရသူများအတွက် ဝမ်းသာဂုဏ်ယူမိသလို၊ စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ စိတ်စေတနာအား လေးစားကြည်ညိုခဲ့ရပါသည်။

ပြီးခဲ့သည့် အောက်တိုဘာလ ၁ ရက်နေ့တွင်လည်း နေပြည်တော် ဝဏ္ဏသိဒ္ဓိ မိုးလုံ/လေလုံ အားကစားရုံကြီးတွင် အာရှနှင့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများကို မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံဂုဏ်ပြုချီးမြှင့်ပွဲ မြင်ကွင်းကို မြင်တွေ့ခဲ့ရသည်။ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက **"တစ်ချိန်က နိုင်ငံအတွက် စွမ်းဆောင်ပေးခဲ့ကြသလို ယခုပြိုင်ပွဲကြီးတွင်လည်း နိုင်ငံချစ်စိတ်၊ အားကစားကိုချစ်မြတ်နိုးသောစိတ်၊ အားကစားသမားကောင်းတို့ရဲ့ အရှုံးမပေးသောဇွဲစိတ်ဓာတ်တို့ဖြင့် နိုင်ငံအတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတကာက လေးစားခဲ့ရတဲ့ အားကစားသမားကြီးတွေကို ယနေ့လူငယ်လူရွယ်အားကစားသမားများအနေဖြင့် တစ်ချိန်က အာရှနှင့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွေမှာ ပြိုင်ဘက်နိုင်ငံက အားကစားသမားတွေအပေါ် အနိုင်ယူဗိုလ်စွဲခဲ့တဲ့ အားကစားသမားကြီးများအဖြစ် တွေ့မြင်လေးစားနိုင်စေရေးအတွက် ယခုကျင်းပမည့် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးမှာ တစ်တပ်တစ်အား ပါဝင်လှုပ်ရှား ဆောင်ရွက်စေဖို့ ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ကြောင်း"**ဖြင့် ထည့်သွင်းပြောကြားသွားခဲ့ပါသည်။ ထူးခြားမှုအဖြစ် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ၁၉၆၉ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းဖြင့် ရွှေတံဆိပ်သုံးခု ရယူဆွတ်ခူးပေးခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်လက်မှတ်၊ ငွေသားဆုနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ၎င်းအပြင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ပြေးခုန်ပစ်အားကစားနည်းဖြင့် ရွှေတံဆိပ် ၁၅ခု ရယူပေးခဲ့သည့် ဒေါ်ဂျယ်နီဖာတင်လေး၊ ပြေးခုန်ပစ်အားကစားဖြင့် ရွှေတံဆိပ် ၁၂ ခု ရယူပေးခဲ့သည့် ဒေါ်သန်းသန်း၊ ဘောလုံးအားကစားနည်းဖြင့် အာရှအဆင့် ရွှေတံဆိပ် နှစ်ခု၊ အရှေ့တောင်အာရှအဆင့်တွင် ရွှေတံဆိပ် ငါးခု ရယူပေးခဲ့သည့် ဂိုးတင်အောင်၊ အာရှအဆင့် ရွှေတံဆိပ် နှစ်ခု၊ အရှေ့တောင်အာရှအဆင့် ရွှေတံဆိပ် လေးခု ရယူပေးခဲ့သည့် မြန်မာ့ဘောလုံး အကျော်အမော် ဦးအေးမောင်ကြီး၊ ပြေးခုန်ပစ်အားကစားနည်းဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ခြောက်ခု ရယူပေးခဲ့သည့် ဦးသန့်ဇင်၊ ဂျူဒိုအားကစားဖြင့် ရွှေတံဆိပ်ခြောက်ခုရယူပေးခဲ့သည့် ဒေါ်ခင်မူမူ၊ ပြေးခုန်ပစ်အားကစားဖြင့်ရွှေတံဆိပ်ငါးခုရယူပေးခဲ့သည့် ဗိုလ်ကြီးကိုကို(ငြိမ်း)၊ ဘောလုံးအားကစားနည်းဖြင့် ရွှေတံဆိပ် ငါးခုရယူပေးခဲ့သည့် ဦးမျိုးဝင်းညွန့်၊ ဝူရှူးအားကစားဖြင့် ရွှေတံဆိပ် လေးခုရယူပေးခဲ့သည့် ဒေါ်ဆွေဆွေသန့်၊ ပြေးခုန်ပစ်အားကစားဖြင့် ရွှေတံဆိပ်လေးခုရယူပေးခဲ့သည့် ဦးအောင်သန်း၊ ဒေါ်အေးရွှေ၊ ဦးမောင်လှ၊ ဦးခင်စိုး၊ ဘော်လီဘောအားကစားဖြင့် ရွှေတံဆိပ် လေးခုရယူပေးခဲ့သည့် ဦးထွန်းလင်း၊ အလေးမအားကစားဖြင့် ရွှေတံဆိပ်လေးခုရယူပေးခဲ့သည့် ဦးအေးဝင်း၊ ပြေးခုန်ပစ်အားကစားဖြင့် ရွှေတံဆိပ်သုံးခု ရယူပေးခဲ့သည့် ဦးထွန်းတင်၊ ဒေါ်အိုင်လင်းချစ်၊ ဒေါ်ကျင်လွမ်၊ ဦးအောင်ချိုမြင့်၊ ဘော်လီဘောအားကစားဖြင့် ရွှေတံဆိပ်သုံးခု ရယူပေးနိုင်ခဲ့သည့် ဦးစိုးသိန်း၊ ဦးအုန်းရှိန်၊ အလေးမအားကစားဖြင့် ရွှေတံဆိပ်နှစ်ခု ရယူပေးခဲ့သည့် ဒေါ်ဆွေဆွေဝင်း၊ ဘောလုံးအားကစားဖြင့် ရွှေတံဆိပ်နှစ်ခု ရယူပေးခဲ့သည့် ဦးသန်းအောင်(ဂိုး)နှင့် ဦးသန်းစိုး(ဆပ်သီး)၊ ဦးသန်းမောင်(ဂျူဒို)၊ ပြေးခုန်ပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်နှစ်ခု ရယူပေးခဲ့ကြသည့် ဦးစောဆာလာလ (ယခု ကရင်ပြည်နယ် အားကစားဝန်ကြီး)၊ ဦးဘုန်းမြင့်၊ ဒေါ်ခင်ခင်ထွေး၊ ဦးစိုးမြင့်အောင်တို့အပါအဝင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ရွှေတံဆိပ် အသီးသီးရယူဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့ကြသည့် အားကစားသမား ၉၃ ဦးအား ရွှေတံဆိပ်တစ်ခုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၀၉ သိန်းအား ချီးမြှင့်ပေးအပ်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။ ဂုဏ်ပြုခံရသည့် အားကစားသမားကြီးများ၏ ဝမ်းသာကြည်နူးမှုမြင်ကွင်းများကိုလည်း ဂုဏ်ယူဖွယ်မြင်တွေ့ခဲ့ရပါသည်။

လက်ရှိအစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ အာရှနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများအား တွေ့ဆုံပြီး ပထမဆုံးအကြိမ် ဖိတ်ကြားတွေ့ဆုံဂုဏ်ပြုပွဲ ကျင်းပပြုလုပ်ပေးခဲ့ဖူးပါသည်။ ထိုအချိန်က လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၏ ရင်တွင်းစကားသံများကို ယနေ့တိုင်ကြားယောင်နေမိပါသည်။ ၁၉၆၉ ခုနှစ်၊ ကျွန်းဆွယ် ရွှေတံဆိပ်ဆုရှင် ဘောလုံးသမားဟောင်းကြီး ဦးပန်စစ်က **"ကျွန်တော့်တစ်သက်နဲ့ တစ်ကိုယ် မကြားဖူးတာတွေ ကြားရတော့ ဝမ်းလည်းသာတယ်၊ ဝမ်းလည်း နည်းတယ်၊ ဝမ်းသာတာက အခုလိုမျိုး အသိအမှတ်ပြုခံရတာ တစ်သက်လုံး မကြုံဖူး၊ မကြားဖူးလို့ပါ၊ ဝမ်းနည်းတာက ကျွန်တော်ရခဲ့တဲ့ ရွှေတံဆိပ်တွေ ပျောက်သွားပြီး မလှူနိုင်တော့လို့ပါ"** ဟု ပြောခဲ့သည်။ အသင်းအုပ်ချုပ်သူနှင့် နည်းပြဟောင်း ဦးခင်မောင်ကြိုင်ကလည်း **"ကျွန်တော့်သားကို အင်ဂျင်နီယာကြီးဖြစ်အောင်၊ ဆရာဝန်ကြီးဖြစ်အောင် ကျွန်တော်ကြိုးစားပေးကောင်းပေးနိုင်လိမ့်မယ်၊ ဒါပေမယ့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတစ်ယောက်ဖြစ်အောင် လုပ်ပေးမယ်လို့တော့ ကျွန်တော်လုံးဝ အာမမခံနိုင်ပါဘူး။ အဲ့ဒါ အားကစားသမားတစ်ယောက်ရဲ့ တန်ဖိုးပဲ"**ဟု ပြောခဲ့သည်။ လက်ရွေးစင် ဘောလုံးသမားဟောင်းကြီး ဦးရဲညွန့်ကလည်း **"ကျွန်တော်တို့ကို မေ့ထားတာထက်စာရင် အခုလိုသတိတရ ဂုဏ်ပြုတာ ကောင်းတဲ့ကိစ္စပါ။ ကျွန်တော်တို့ကို ဘာမှလုပ်ပေးဖို့ မဟုတ်ပါဘူး။အသိအမှတ်ပြုတာလေးနဲ့တင် လုံလောက်ပါတယ်"** ဟု ပြောခဲ့သည်။ မှန်ပါသည်။ အားကစားသမားကြီးများ အားလုံး၏ကိုယ်စား တွေးမိသည်မှာ ရွှေကိုမလို၊ ငွေကိုမလို၊ နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြသူများဖြစ်၍ နိုင်ငံတော်က အသိအမှတ်ပြုတာကိုတော့ ခံချင်ကြသည်မှာ သဘာဝကျလှပါသည်။ ထိုစဉ်က အခမ်းအနားကို နိုင်ငံ့ဂုဏ်ဆောင်ကစားသမား ၄၅၂ ဦး တက်ရောက်ခဲ့ကြပြီး မြန်မာပြည်အနှံ့ ကွဲကွာနေကြသည့် ကစားသမားများအချင်းချင်း ပြန်လည်ဆုံတွေ့ကြစဉ် ပျော်ပွဲဖွဲ့၍ ပြောမဆုံးနိုင်အောင် ဝမ်းသာကြည်နူးနေကြသည့် မြင်ကွင်းများကိုလည်း ယနေ့တိုင်မမေ့နိုင်ပါ။ ထိုပွဲကို ဖြစ်မြောက်အောင်စီစဉ်ပေးသော ပြည်ထောင်စုဝန်ကြီးများကိုလည်း ၎င်းတို့ကိုယ်စား အထူးကျေးဇူးတင်မိပါသည်။

နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် လက်ရွေးစင်အားကစားသမားတစ်ယောက်ဖြစ်ဖို့ မလွယ်ကူပါ။ တော်ရုံတန်ရုံ ဇွဲ၊ သတ္တိ၊ အပင်ပန်းအဆင်းရဲခံနိုင်မှုဖြင့် မဖြစ်နိုင်ပါ။ နှစ်ရှည်လများ လေ့ကျင့်သားပြည့်ဝမှု၊ ဝါသနာနှင့်စိတ်ဓာတ် အရင်းခံ၍ စည်းကမ်းတကျ ကြိုးစားလေ့ကျင့်မှုသာ နိုင်ငံ့လက်ရွေးစင်ဖြစ်နိုင်ပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ပြိုင်ဘက်အားကစားသမားများအား ကျော်လွှား အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ယခင်က အဘက်ဘက်မှ ပြည့်စုံမှု မရှိခဲ့သည့် အခြေအနေများကြားမှ အာရှနှင့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးများတွင် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် စွမ်းဆောင်မြှင့်တင်နိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကြီးများ အားလုံးကို လေးစားဂုဏ်ယူမိပါသည်။

ထိုနည်းတူ လာမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် အားကစားသမားမျိုးဆက်သစ် လူငယ်မောင်မယ်များကိုလည်း ဤဂုဏ်ပြုပွဲကို မျက်ဝါးထင်ထင်တက်ရောက်စေချင်လှသည်။ သို့မှသာ သူတို့၏ ရင်ထဲ၊ စိတ်ထဲတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများအပေါ် အားအကျအတုယူလိုစိတ်၊ ရေကုန်ရေခန်း ယှဉ်ပြိုင်လိုစိတ်များ ပေါ်ပေါက်လာမည် အမှန်ပင်။

ဤသို့ နိုင်ငံတော်၏ ဂုဏ်ဒြပ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့် အားကစားသမားကြီးများအား ဂုဏ်ပြုချီးမြှင့်ပေးသည့် ဂုဏ်ပြုပွဲများကို အစဉ်အဆက် နှစ်စဉ်ကျင်းပပြုလုပ်ပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်အား ကစားသမားများ၏ အားကျအတုယူကြိုးစားလိုစိတ်များ အစဉ်မပြတ် ဖြစ်ပေါ်နေစေမည်ဟု ယူဆမိပါကြောင်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနား မြင်ကွင်းမှတစ်ဆင့် ခံစားရေးသားတင်ပြလိုက်ရပါသည်။ ။

Test Match 2013 ပြိုင်ပွဲဖွင့်

နေပြည်တော် အောက်တိုဘာ ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ကြက်တောင် Test Match 2013 ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်ဦးဇော်ဝင်း၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်အား ကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ပြိုင်ပွဲကို အောက်တိုဘာ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်း အောက်တိုဘာ ၂၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့်အဖွဲ့က ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူများအား ကွင်းဆင်းကြပ်မတ်ကြည့်ရှုစစ်ဆေးစဉ်။

(မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၄၉)နှစ်မြောက် နှစ်ပတ်လည်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ကျင်းပရာ ပါမောက္ခချုပ် ဦးစိုးတင့်က အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုများအသင်း အထောက်အကူပြုအဖွဲ့ (မြန်မာ-တရုတ်နယ်စပ်ဒေသ) ဖွဲ့စည်းတာဝန်ပေးအပ်

မူဆယ် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ မူဆယ်နမ့်ခမ်းကုန်သည်များ အသင်းရုံးတွင် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းက မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း အထောက်အကူပြုအဖွဲ့ (မြန်မာ-တရုတ်နယ်စပ်ဒေသ) ဖွဲ့စည်းတာဝန်ပေးအပ်ပွဲနှင့် အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်းမှ လိုက်နာကျင့်သုံး၊ သိစရာများ ရှင်းလင်းပွဲ ကျင်းပရာ ရှေးဦးစွာ မူဆယ်နမ့်ခမ်း ကုန်သည်များအသင်းနာယက မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက အမှာစကား ပြောကြားပြီး အကောက်ခွန်ဦးစီးဌာန ပြည်နယ်ဦးစီးမှူးကိုယ်စား မြို့နယ်ဦးစီးမှူး ဦးအောင်သူရက အကောက်ခွန်လုပ်ငန်းဆိုင်ရာ သိသင့်သည်များ ရှင်းလင်းသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာဝန်ဆောင်သူများ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ဝန်ဆောင်မှုအသင်းဖြစ်ပေါ်ရေးနှင့် ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ဆွေးနွေးသည်။ ထို့နောက် မူဆယ်မြို့နယ် အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းတာဝန်ပေး အပ်ရာ ဥက္ကဋ္ဌ ဦးမင်းနိုင်စိုး (ရွှေ နေမင်းကုမ္ပဏီ)၊ အတွင်းရေးမှူး ဦးမောင်မောင်အေးသက်ထွန်းတို့ ပါဝင်သော အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

"ကျွန်တော်တို့ မူဆယ်ဒေသ ကုန်သွယ်ရေးဝန်ဆောင်မှု ဆောင်ရွက်ရာမှာ အခုလို အထောက်အကူပြုအဖွဲ့ ဖွဲ့ပြီး စနစ်တကျဆောင်ရွက်ခြင်း၊ နောက်ပြီး အကျိုးဆောင်ကုမ္ပဏီ ဝန်ထမ်းတွေကို အကောက်ခွန်ဦးစီးဌာနမှ အခုရက်ပိုင်းအတွင်း သင်တန်းပို့ချတဲ့အတွက် အရည်အသွေးတိုးမြှင့်လာပြီး ကျွန်တော်တို့အတွက်ရော၊ အကျိုးဆောင်တွေ အတွက်ရော၊ အကောက်ခွန်လုပ်ငန်းဆိုင်ရာတွေမှာ ပိုမိုလျင်မြန်သွက်လက်ပြီး ကုန်သွယ်မှု တစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမယ့်အစီအမံတွေ ဖြစ်တဲ့အတွက် ကောင်းပါတယ်"ဟု မူဆယ်နမ့်ခမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးဌေးဦးက ပြောကြားသည်။

မြန်မာနိုင်ငံ အကောက်ခွန် လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုအသင်းအနေဖြင့် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သော မူဆယ်တွင် အထောက်အကူပြုအဖွဲ့ ပထမဆုံးဖွဲ့စည်းခဲ့ပြီး ကော့သောင်း၊ မြဝတီ၊ တာချီလိတ် စသည့် နေရာများတွင် အထောက်အကူပြုအဖွဲ့များ ဆက်လက်ဖွဲ့စည်းပေးပြီး ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာများကို ပေါင်းစည်းချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေးမှ

အဖွဲ့အနေဖြင့် သက်သေခံမော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များကို လေလံတင် ထုခွဲရောင်းချနိုင်သည့် အခြေအနေဖြစ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှတစ်ဆင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ကြမ်းခင်းဈေးတောင်းခံပြီး သက်ဆိုင်ရာတရားရုံးများက ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားရမည်ဖြစ်ပါကြောင်း။

ပြုပြင်သုံးစွဲ၍ မရတော့သည့် သက်သေခံ မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များကိုမူ နိုင်ငံပိုင်စာရင်းရေးသွင်းရန်နှင့်သံရည်ကျိုဖျက်ဆီးရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြေကြားစဉ်။
(သတင်းစဉ်)

သက်ဆိုင်ရာတရားရုံးများက ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းဆောင်ရွက်ပေးအပ်သွားရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော သက်သေခံမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအနက် လေလံတင် ထုခွဲရောင်းချနိုင်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချနိုင်ရေးနှင့်ပြုပြင်သုံးစွဲ၍ မရတော့သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို သံရည်ကျိုဖျက်ဆီးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားမဝင် Chain Saw ကိုင်တွယ်သူများကို မည်မျှအရေးယူပြီးသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လက်ကိုင်စက်လွှ (Chain Saw)များနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းစဉ်။
(သတင်းစဉ်)

များ သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ အမှတ်(၂၉/၂၀၁၃) ထုတ်ပြန်ထားကြောင်းကို အများပြည်သူသိရှိစေရန် နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြခဲ့ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနရုံးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးများ၏ ကြော်ငြာသင်ပုန်းများ၌လည်း အများပြည်သူသိရှိစေရန် ကြေညာခဲ့ပါကြောင်း။

ဂွမြို့နယ် သစ်တောဦးစီးဌာနတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးချိန် ၂၀၁၃ခုနှစ် ဇွန်လ ၆ ရက်မှ အောက်တိုဘာ ၃ ရက်အထိ လက်ကိုင်စက်လွှ(၅၂)လက်အား လိုင်စင်ခွင့်ပြုထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ဂွမြို့နယ်အတွင်းရှိ မှတ်ပုံတင်ရန် ကျန်ရှိနေသော လက်ကိုင်စက်လွှများအား အချိန်မီလာရောက်၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက စုံစမ်းဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် စက်တင်ဘာအထိ တရားမဝင် သစ်ဖမ်းဆီးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုသည့် လက်ကိုင်စက်လွှ စုစုပေါင်း ၂၁၉ လက်ကို သိမ်းဆည်းအရေးယူပြီးဖြစ်ပါကြောင်း။

ဆောင်ရွက်သွားမည်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လက်ကိုင်စက်လွှများ စနစ်တကျ သုံးစွဲစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊ တရားမဝင်ကိုင်ဆောင်ခြင်းနှင့်စည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်းများအတွက် အရေးယူခြင်းများ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀တွင်ရပ်နားခဲ့ပြီး အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို အောက်တိုဘာ၂၃ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ "မူကြမ်း" ရေးဆွဲရေး အကြိုညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၂၂

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ"မူကြမ်း" ရေးဆွဲရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဤဥပဒေ၏ အခန်း(၂)တွင် ဥပဒေရေးဆွဲရခြင်း၏ ရည်ရွယ်ချက်(၅) ရပ်ကို ဖော်ပြထားသည့်အတိုင်း လက်တွေ့ဆောင်ရွက်ကြရာတွင် ကျင့်သုံးလိုက်နာကြရမည့်ဌာနကြီးအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဆုံးအဖြတ်ပေးနိုင်သော ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ စုံညီစွာဖြင့် နည်းဥပဒေရေးဆွဲရေး ဥပဒေကို ဖွဲ့စည်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အဆိုပါ ဥပဒေ၏အခန်း(၃) တွင် ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ဖော်ပြချက်နှင့် ညီညွတ်စွာဖြင့် နည်းဥပဒေရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းရန် ဦးဆောင်အဖွဲ့အား ပထမအဆင့် မဖြစ်မနေ ဦးစားပေးလုပ်ငန်းအဖြစ် ဖွဲ့စည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဤဥပဒေ၏ခေါင်းစဉ်ဖြစ်သည့် တောင်သူ လယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို အမှန်တကယ်လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်နိုင်သည့် နည်းဥပဒေများ ခိုင်ခိုင်ခံ့ခံ့ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးအတွက် အလေးအနက်ထားပြီး ဥပဒေပိုင်းဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ချက်အပေါ်တွင် နိုင်ငံတော်အစိုးရ၏အဆုံးအဖြတ်ကိုခံယူ၍ ဦးဆောင်အဖွဲ့အား ဖွဲ့စည်းနိုင်ရေးအတွက် တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြရန် ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ဦးဆောင်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကော်မတီဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၈၅ ဦး၊ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဆင့်ဆင့်မှ ကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၆၀ နှင့် နေပြည်တော် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၂၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာကင်မ်ပေးယွန်၏နေရာတွင် မစ္စတာလီဘက်ဆွန်းအားခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရက သဘောတူလိုက်ပြီဖြစ်သည်။

မစ္စတာလီဘက်ဆွန်းကို ၁၉၅၉ ခုနှစ် ဇွန်လတွင်မွေးဖွားခဲ့ပြီး ၁၉၈၂ ခုနှစ်နှင့် ၁၉၈၅ ခုနှစ်များတွင် ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ဂျာမန်ဘာသာအထူးပြုဖြင့် ဝိဇ္ဇာဘွဲ့နှင့် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဘွဲ့တို့ကိုရရှိခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားတက္ကသိုလ်မှ နိုင်ငံခြားရေးရာ မဟာဘွဲ့ကိုလည်း ရရှိထားသူဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိ ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံးတွင် ဒုတိယအတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနတွင် လူသားအရင်းအမြစ်ရေးရာ ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် မြောက်အမေရိကရေးရာဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကာ လက်ရှိအချိန်အထိ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာလီဘက်ဆွန်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ယောက်ရှိသည်။

(သတင်းစဉ်)

ဒီပါဝလီနေ့ အများပြည်သူအလုပ်ပိတ်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၆၈/၂၀၁၃
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်) စနေနေ့သည် **"ဒီပါဝလီနေ့"** ဖြစ်သည့်အတွက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ-
(ဇော်သန်းသင်း)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ဇလွန်မြို့နယ်လုံးကျွတ် လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေး

ဇလွန် အောက်တိုဘာ ၂၂

ဇလွန်မြို့နယ်အနေဖြင့် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်းကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်က တောင်သူလယ်သမားများ၏ လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့လယ်ယာမြေများကို သားစဉ်မြေးဆက်ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့်ရရှိနိုင်စေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။ အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များထုတ်ပေးခြင်းကို ဇလွန်မြို့နယ်အနေဖြင့် ဦးပိုင်ပေါင်း ၄၀၇၂ ဆောင်ရွက်ရန် လျာထားပြီး ဦးပိုင် ၇၁၈ တိုးလာ၍ အောက်တိုဘာ ၁၈ ရက်အထိ ဦးပိုင်ပေါင်း ၄၁၆၉၀၊ ၁၀၂ ရာခိုင်နှုန်း ထုတ်ပေးပြီးဖြစ်ကာ မြို့နယ်လုံးကျွတ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။**(မြို့နယ်မြေစာရင်း)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှမိုဘိုင်းတယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများထံသို့ အသိပေးတင်ပြချက်

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိဘပြည်သူများ အဆင်ပြေချောမွေ့စေရန်အတွက် မိုဘိုင်းတယ်လီဖုန်းစနစ်များ အဆင့်ဆင့်တိုးချဲ့မြှင့်တင်လျက်ရှိရာ ယခုအခါတွင် လုပ်ငန်းလိုအပ်ချက်အရ နေပြည်တော်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ပင်မလိုင်းများ ပြောင်းလဲချိတ်ဆက်ရန် စီမံလျက်ရှိပါသည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် အနီးတစ်ဝိုက်တွင် အောက်တိုဘာ ၂၃ ရက်နေ့ နံနက် ၂ နာရီတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် အနီးတစ်ဝိုက်တို့တွင် အောက်တိုဘာ ၂၆ ရက်နေ့ နံနက် ၂ နာရီတွင်လည်းကောင်း၊ နေပြည်တော် (တောင်ပိုင်း)တွင် အောက်တိုဘာ ၂၈ ရက်နှင့် ၃၀ ရက်နေ့ နံနက် ၂ နာရီတွင်လည်းကောင်း စုစုပေါင်း ၁၀ မိနစ်ခန့်စီ GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းများ ဆက်သွယ်မှု ယာယီပြတ်တောက်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးခန်ဒါးယော်ပါ ၁၈ ဦးတို့က လျှောက်ထားသည့် **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ** တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❖ *ကျောဖုံးမှ*

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်သတ္တုနှင့် သယံဇာတရေးရာ ကော်မတီအတွင်းရေးမှူး၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ၊ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ၏ တတိယအကြိမ်ပြုလုပ်သော အစည်းအဝေးဖြစ်ကြောင်း၊ ယနေ့စွမ်းအင်ကဏ္ဍတွင် စိတ်ချရပြီး ရေရှည်တည်တံ့မည့် စွမ်းအင်အရင်းအမြစ်များကို ဖော်ထုတ်အသုံးချနိုင်သည့် အခြေခံအဆောက်အအုံ၊ ဖွဲ့စည်းမှုနှင့် လူသားအရင်းအမြစ်ဆိုင်ရာ စွမ်းရည်များအားနည်းခြင်း၊ မလုံလောက်ခြင်းစသည့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါကြောင်း၊ ယင်းပြဿနာများကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအချိုး လျော့ကျခြင်း၊ နည်းပညာဆိုင်ရာလေလွင့်ဆုံးရှုံးမှုမြင့်မားခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့်ဖြန့်ဖြူးခြင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းတို့ကြောင့် ယုံကြည်စိတ်ချရမှုရှိသည့် စွမ်းအင်ထောက်ပံ့မှု မပေးနိုင်ခြင်းအပြင် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှု အကန့်အသတ်ရှိသည့်အတွက် စွမ်းအင်သဘာဝအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးမချနိုင်ခြင်း စသည့် စွမ်းအင်ကဏ္ဍအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာရကြောင်း၊ အဆိုပါသက်ရောက်မှုများကြောင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် မိမိတို့ထင်သလောက် ခရီးမပေါက်ခဲ့ပါကြောင်း၊ ထိုသို့ အမျိုးသား စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နေသည့် သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် တိကျခိုင်မာသည့် အမျိုးသားစွမ်းအင်မူဝါဒလိုအပ်ချက်အရ ရေးဆွဲရာတွင် မူဝါဒ၏ရေရှည်မျှော်မှန်းချက်အမြင် (vision) အနေဖြင့် နိုင်ငံသားအားလုံး၏ ဘဝအရည်အသွေးမြင့်မားရေးအတွက် စိတ်ချယုံကြည်ရပြီး ရေရှည်တည်တံ့သော အရည်အသွေးပြည့်ဝသည့် စွမ်းအင်ဝန်ဆောင်မှုများ ပေးနိုင်ရန်နှင့် လိုက်နာသင့်သည့် လမ်းညွှန်ဥပဒေသများ (Guiding Principles) ကို ယခင်အစည်းအဝေးများတွင် မိမိဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

စွမ်းအင်စီမံကိန်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့်၊ ရေရှည်တည်တံ့ခိုင်မြဲသည့်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအရ လက်သင့်ခံနိုင်သည့်၊ စီးပွားရေးအရတွက်ခြေကိုက်သည့် စွမ်းအင်ထောက်ပံ့မှုများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားလုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ကို အစဉ်သတိပြုရမှာဖြစ်ကြောင်း၊ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ဘူမိအပူ၊ ဇီဝဒြပ်ထု၊ ရေအားလျှပ်စစ် စသည့် စွမ်းအင်အရင်းအမြစ်များကို သုံးစွဲရာတွင်

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဟန်ချက်ညီ ပေါင်းစည်းပေးရန် လိုအပ်ပါကြောင်း၊ စွမ်းအင်ဆိုင်ရာ ကောင်းမွန်သည့် နည်းပညာအသုံးပြုမှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်နှင့် သယ်ယူပို့ဆောင်ရေး၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများဆိုင်ရာ စွမ်းအင်နည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်ရန် ရေရှည်တည်တံ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ လိုအပ်ပါကြောင်း၊ ထို့အပြင် စွမ်းအင် ထိန်းသိမ်းမှုနှင့် အကျိုးရှိထိရောက်စွာ ခြိုးခြံသုံးစွဲမှုတို့ကိုလည်း ထည့်သွင်းရမှာ ဖြစ်ပါကြောင်း။

ရေတိုကာလ စွမ်းအင်ဖူလုံမှုနှင့် လျှပ်စစ်မီးရရှိရေး စဉ်းစားရာတွင် လက်ရှိသုံးစွဲနေသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုဆိုင်ရာ စက်ပစ္စည်းနှင့် ကွန်ရက်စနစ်များစစ်ဆေး၍ စွမ်းရည်မြှင့်တင်ခြင်းကို နည်းပညာစစ်ဆေးမှု အစီရင်ခံစာများအရ ထိရောက်စွာဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ထို့အပြင် စွမ်းအင်နှင့် လျှပ်စစ်မီးသုံးစွဲမှု စီးပွားရေးစစ်တမ်းများအရ ဝယ်လိုအားနှင့် ရောင်းလိုအားကို တိကျမှန်ကန်သော စွမ်းအင်ဆိုင်ရာ ကိန်းဂဏန်းများ အပေါ်အခြေပြု၍ စနစ်တကျတွက်ချက်ရမှာဖြစ်ကြောင်း၊ ဝယ်လိုအားများကို ဖြည့်ဆည်းပေးနိုင်မည့် ဓာတ်အားပေးစက်ရုံများ တည်ထောင် ရင်းနှီးမြှုပ်နှံမှုများကို အားပေးသွားရန် လိုအပ်ကြောင်း၊ စက်မှုဇုန်များအလိုက် လျှပ်စစ်လိုအပ်ချက်ကို မဟာဓာတ်အားလိုင်းမှ မဖြည့်ဆည်းပေးနိုင်သည့်အချိန်များတွင် ပုဂ္ဂလိကဓာတ်အားထုတ်လုပ်ရောင်းချမှုကို လွယ်ကူရိုးရှင်းစွာ ဆောင်ရွက်နိုင်ရေး ပံ့ပိုးသွားရန်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများလည်း အကျိုးရှိ၊ သုံးစွဲသူများလည်း သက်သာစေမည့် လျှပ်စစ်ဈေးနှုန်းများဖြစ်စေရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်မှုအတွက် ခိုင်မာသောဥပဒေများ၊ လျှပ်စစ်ဓာတ်အား ဝယ်ယူရေး သဘောတူစာချုပ်များကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းကျင့်သုံးရန် လိုအပ်ကြောင်း၊ စွမ်းအင်နှင့် လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ ထင်မြင်ချက်နှင့် ဆန္ဒသဘောထားများကိုအလေးထား၍ ပြုပြင်ဖြည့်ဆည်းပေးသွားရန် ဖြစ်ပါကြောင်း၊ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေးအတွက်ကိုလည်း ကော်မတီအတွင်းပါဝင်သောဌာန အချင်းချင်း အလေးအနက်ထား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုနိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် မူဝါဒဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်ပြီး နည်းပညာအထောက်အပံ့ရယူခြင်းတို့ကို ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

သို့ပါ၍ ရေးဆွဲပြီးဖြစ်သည့် အမျိုးသားစွမ်းအင်မူဝါဒမူကြမ်းကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပေမိဒေါက်မီ၊ စံမီကိုက်မီဖြစ်စေရေးအတွက် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ပညာရှင်များက ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က (၃၁) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ဆွေးနွေးချမှတ်ခဲ့သော မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များနှင့် သဘောတူဆုံးဖြတ်ချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်စွမ်းအားကဏ္ဍဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထုတ်လုပ်၊ ထုတ်လွှတ်၊ ဖြန့်ဖြူးရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ International Energy Sector Advisor Mr. Sadiq H.Zaidi က မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် ပြုစုရေးဆွဲထားသော Draft Working Paper ပါ အချက်အလက်များကို လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ National Energy Sector Advisor ဦးစိုးမြင့်က စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များနှင့် အမျိုးသားစွမ်းအင်မူကြမ်းကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စွမ်းအင်နှင့်သက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စွမ်းအင်နှင့်သက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က သတ္တုတွင်းဝန်ကြီးဌာန၏ စွမ်းအင်နှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်မှုဝန်ကြီးဌာန၏ စွမ်းအင်နှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီ အသီးသီးတို့မှ အတွင်းရေးမှူးများ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပညာရှင်များက အမျိုးသားစွမ်းအင်မူဝါဒများအပေါ် ၎င်းတို့၏အတွေ့အကြုံများကိုအခြေခံ၍ ဘက်ပေါင်းစုံမှ သုံးသပ်ဆွေးနွေးကြပြီး ရေးဆွဲပြီးဖြစ်သည့် အမျိုးသားစွမ်းအင်မူဝါဒ (မူကြမ်း)တွင် ထပ်မံဖြည့်စွက်ရန်လိုအပ်သည့်အချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

စစ်တွေ အောက်တိုဘာ ၂၂

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် သက်ဆိုင်ရာဆပ်ကော်မတီများမှ မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို အားထည့်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ဆပ်ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီဝင်များက ဒုက္ခသည်စခန်းများရှိ အိမ်ထောင်စု၊ လူဦးရေ၊ အဆောက်အအုံနှင့် နေရာချထားပေးမှု ရိက္ခာထောက်ပံ့ရေး၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူတို့က ကော်မတီအလိုက်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်ဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၂၂

ဟိုတယ်ဆိုင်ရာလုံခြုံရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ဈေးချိုဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းက မသမာသူများမှ မြန်မာ့နိုင်ငံရေးမတည်ငြိမ်ဖြစ်စေရန်၊ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်များ လာရောက်မလည်ပတ်စေရန်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး၏ပုံရိပ်ကို ထိခိုက်စေရန်ရည်ရွယ်ပြီး ပြုလုပ်ခဲ့သော မိုင်းခွဲမှုဖြစ်စဉ်များအခြေအနေကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၂၁၃ ဦး တက်ရောက်ပြီး အောက်တိုဘာ ၂၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် သပြေကုန်းအဝိုင်းပတ်တွင် ဆီးဂိမ်းလှုံ့ဆော်ရေး မြေစိုက်ကာတွန်းပုံများစိုက်ထူ

နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံတွင် မကြာခင်ကျင်းပတော့မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)ပွဲတော်အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် သပြေကုန်းအဝိုင်းပတ်တွင် ဆီးဂိမ်းလှုံ့ဆော်ရေး မြေစိုက်ကာတွန်းများဖြင့် ပြသထားသည်ကို တွေ့မြင်ရသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော် မြို့တော်နေပြည်တော်၏ ဗဟိုအချက်အချာ အလယ်တည့်တည့်တွင် တည်ရှိသော ပျဉ်းမနား-တောင်ညိုလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီးဆုံရာ သပြေကုန်းအဝိုင်းပတ်၏ဘေးဘက် တစ်ဖက်တစ်ချက်စီတွင်ရှိသော မြေသားနံရံများအား အုတ်အင်္ဂတေကျောက်သားကွက်များဖြင့် အလှခြယ်သထားပြီး ၎င်းကျောက်သားနံရံများ၏ အထက်ဘက် မူလမြေသား (ORGINAL GROUND) အားသက်ဆိုင်ရာမှ မြေယာရှုခင်း အလှမြက်ခင်းများ စိုက်ပျိုးထားပြီး အလှမြက်ခင်းများပေါ်တွင် အားကစားအမျိုးအမည်အလိုက် တစ်မျိုးချင်းစီ အားကစားပစ္စည်း (Instrument) တစ်မျိုးစီကိုင်၍ လှုပ်ရှားဟန်ပြသနေသော ကာတွန်းပုံကလေးများသည် သပြေကုန်းအဝိုင်းပတ်မှ ဖြတ်သန်းသွားလာနေကြသောယာဉ်စီးနင်းသူများအဖို့ စိတ်ကြည်လင်မှုဖြစ်ပေါ်စေသည်ကို တွေ့မြင်ရသည်။

ထို့အတူ ရာဇသင်္ဂဟလမ်းမကြီးမှ သပြေကုန်းအဝိုင်းဘက်သို့ မျက်နှာမူကာ တည်ဆောက်ထားသည့် မုခ်ဦးပေါ်တွင် WELCOME PARTICIPANTS စာတန်းနှင့်အတူ နိုင်ငံ့အကြီးအကဲပါဝင်သော နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့၏ ဓာတ်ပုံနှင့်တကွ ပြသထားသည်ကို တွေ့မြင်ရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး တောင်းဆိုနေသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို မဖြစ်မနေပြုလုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့တို့၏ တတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း **(ယာပုံ)**က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ ရှိသည့်အနက် ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးဖြစ်ပါကြောင်း၊ ကျန်နေသည့် နှစ်ဖွဲ့ထဲမှ (KIO) အဖွဲ့နှင့်လည်း သဘောတူညီချက်များ ရရှိခဲ့ပြီး တစ်ပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲတက်ရောက်နိုင်ရန်နှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မကြာမီ ကျင်းပမည့်တစ်ပြည်လုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲကြီးသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် လမ်းစပင်ဖြစ်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အားလုံး တောင်းဆိုနေသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို မဖြစ်မနေ ပြုလုပ်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် မနားမနေကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မကြာမကြာ တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာ၍ မိမိတို့လုပ်ငန်းစဉ်များ အောင်မြင်အောင် တက်ညီလက်ညီ လုပ်ဆောင်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကယားပြည်နယ်သည်သေးငယ်ပြီး ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိပါကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ငြိမ်းချမ်းရေးသည် အဓိကအရေးကြီးပါကြောင်း၊ ထို့အပြင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံကလည်း ငြိမ်းချမ်းရေးကို အထူးလိုလား တောင့်တနေသောကြောင့် မိမိတို့၏ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့်အောင်မြင်မှုများရရှိအောင် ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွင် အားလုံးပါဝင်နိုင်လာရန် အတွက် လက်တွဲ၍အတူတကွကြိုးစားဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးသန်းဌေး၊ တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုများ တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ လမ်းပန်းဆက်သွယ်သွားလာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အသီးသီး ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် (KNPP) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌခူဦးရယ်ကအခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့များ ပိုမိုများပြားပါကြောင်း၊ မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ အချိန်တိုအတွင်းငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရခြင်းသည် အင်မတန်ခဲယဉ်းပါကြောင်း။

အခြား နိုင်ငံများတွင်လည်း ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သည့်အခါ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာလျက်ရှိသည်ကို လေ့လာသိရှိရပါကြောင်း။

သို့သော်လည်း မိမိတို့သည် အချိန်တိုအတွင်း အဆင့်(၁)ခုသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အပစ်အခတ်ရပ်စဲသည့်ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးရရှိပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်သည်အထိ အချိန်ပေးပြီး စိတ်ရှည်သည်းခံမှုအပြည့်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (KNPP) အဖွဲ့မှ ဦးစီးချုပ်ဗိုလ်ချုပ်ဘီထူးက မိမိတို့သည် တစ်ဖက်နှင့်တစ်ဖက်ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ခိုင်မာမှုရှိရန် လိုအပ်သည့်အတွက် ယနေ့ဆွေးနွေးပွဲမှ ခိုင်မာသည့် ရလဒ်များရရှိအောင် ဆွေးနွေးညှိနှိုင်းပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများမှမပြီးပြတ်သေးသည့် အကြောင်းအရာများဖြစ်သော ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာများ၊ ဒေသတွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ဆိုင်ရာများ၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး၊ နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ၍ နေကြရသူများအား ၎င်းတို့နေထိုင်ရာ ကျေးရွာများသို့ပြန်လည်ပို့ဆောင်ရေး၊နေရာချထားရေး၊ နေထိုင်/လုပ်ကိုင်စားသောက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့်အဖွဲ့ဝင်များသည်ဒုတိယဥက္ကဋ္ဌခူဦးရယ် ခေါင်းဆောင်သော(KNPP)မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တပ်နယ်ခန်းမ၌ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

ကျေးလက်မီးလင်းရေးနေစွမ်းအင်ကို အဓိကထားပြသမည်

နေပြည်တော် အောက်တိုဘာ ၂၂

ကျေးလက် မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၁၃ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စက်မှုဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် **(အပေါ်ပုံ)**က ကျေးလက်ဒေသစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ပြပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြပွဲတွင် မိမိတို့ဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကိုသာ ကြေညာပြီး ပြသခြင်းမျိုး မဟုတ်ကြောင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများကိုပါ ပြပွဲတွင် လာရောက်ပြသရန် ဖိတ်ကြားထားကြောင်း၊ ပြပွဲအတွက် အနှောင့်အယှက်၊ အတားအဆီးမရှိရစေရန်နှင့်အကုန် အကျမရှိစေရန် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ဆန္ဒကို ထဲထဲဝင်ဝင် အကောင်အထည် ဖော်ဆောင်လိုခြင်းသာဖြစ်ကြောင်း၊ ကျေးလက်မီးလင်းရေးအတွက် နေစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် အဓိကထား ပြသသွားမည်ဖြစ်ကြောင်း၊ နေစွမ်းအင် အပြင်အသေးစားရေအားလျှပ်စစ် လောင်စာခဲတင်ငွေ့ (Gasifier) နှင့် အခြားစက်မှုထုတ်ကုန်ပစ္စည်းများကိုလည်း ပြသသွားမှာဖြစ်ကြောင်း၊ မိမိတို့စက်မှု ဝန်ကြီးဌာနနှင့် ပေါင်းစပ်လုပ်ကိုင်နေသော ပုဂ္ဂလိကလုပ်ငန်းများ ထုတ်ကုန်များကိုပါ ပြသသွားမှာ ဖြစ်ကြောင်း၊ ထို့အပြင် ပြပွဲ၌ မိမိတို့ ထုတ်ကုန်ပစ္စည်းများကို ရောင်းချပေးသွားမှာဖြစ်ပါကြောင်း၊ လုံခြုံရေးပိုင်းကိုလည်း အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြပွဲအား စည်ကား၊ သိုက်မြိုက်၊ ခမ်းနားစွာဖြင့် အောင်မြင်စွာကျင်းပသွားနိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက်လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီအလိုက် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

စက်မှုဝန်ကြီးဌာနက ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းပြီး၊ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့်စက်မှုထုတ်ကုန်ပစ္စည်းပြပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုပပျောက်ရေး တို့တွေပါဝင်ကူညီပေး

ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှု ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါးတိုးတက်

နေပြည်တော် အောက်တိုဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အချိန်အားဖြင့် တစ်နှစ်နီးပါးရှိပြီဖြစ်ပြီး တရားမဝင် ကုန်သွယ်မှုများကို တားဆီးနိုင်ခဲ့သလို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှု အပိုင်းတွင် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဘီလီယံနီးပါး တိုးတက်ခဲ့ကြောင်း၊ လုပ်ငန်းစဉ်များ အဆင့်လိုက် ဆောင်ရွက်ခဲ့ရာတွင် စီမံချက်အဆင့် (၂)၊ အပိုင်း (၁) ရန်ကုန်ဆိပ်ကမ်းနယ်မြေ (ကမ်းရိုးတန်း) ဆိပ်ကမ်းခုနစ်ခုကို Mobile Team နှင့် စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ပြီး အဆင့် (၂) အပိုင်း (၂) ရန်ကုန်တိုင်းဒေသကြီး ဝင်/ထွက်ပေါက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညှိနှိုင်းခွင့်ပြုချက် ရယူပြီးဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ အဆင့် (၂) အပိုင်း (၃) အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများအား အောက်တိုဘာ နောက်ဆုံးပတ်တွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂) အရ အရေးယူဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေး အသင်းအဖွဲ့များနှင့် တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းအား အရေးယူဆောင်ရွက်ရာတွင် နစ်နာမှု မရှိစေရေး ကြိုတင်အသိပေးဆွေးနွေးခဲ့ပြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း၊ အသင်းအဖွဲ့များက တင်ပြတောင်းဆိုချက်များကိုလည်း ဥပဒေဘောင်အတွင်းမှ အရေးတယူ ပြန်လည်ဆောင်ရွက်ပေးရန်ရှိသည်များကို ဆောင်ရွက်ပေးမှာဖြစ်ပြီး အသင်းအဖွဲ့များအနေဖြင့် ကုန်ပစ္စည်းများတင်ဆောင်ရာတွင် ပစ္စည်းပိုင်ရှင်နှင့် ပေးပို့ရမည့်နေရာများကို စနစ်တကျမှတ်တမ်းတင်ရန်နှင့် ဥပဒေဘောင်အတွင်းက ပစ္စည်းများကိုသာ တင်ဆောင်ပေးကြရန် လိုအပ်ကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ နောက်ဆုံးပတ်အတွင်း အပြည်ပြည်ဆိုင်ရာသင်္ဘောများ ဆိုက်ကပ်ရာဆိပ်ကမ်းများ၌ စားသုံးသူ/သုံးစွဲသူကို ထိခိုက်စေသော ကိစ္စရပ်များကာကွယ်နိုင်ရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အရပ်ရပ်ကောက်ခံရရှိမှု၊ အခြားကိစ္စရပ်များ နစ်နာမှုမရှိစေရေးအတွက် Mobile Team အဖွဲ့များမှ ဝင်ရောက်စစ်ဆေးသွားမှာ ဖြစ်ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ဒီဇင်ဘာအတွင်း Hand Carry နှင့်Baggage စစ်ဆေးသည့်နေရာတွင် စောင့်ကြည့်စစ်ဆေးခြင်း၊ Air-Cargo ကုန်ပစ္စည်းများ စစ်ဆေးသည့်နေရာတွင် Mobile Team အဖွဲ့များမှ ဝင်ရောက်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက် ခေါက်ရိုးကျိုးနေသော မှောင်ခိုအလေ့အထကို ယနေ့အထိလည်း တွေ့မြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် ပြည်သူ့အသံနားထောင်ပြီး ဖြေလျှော့ပေးမှုများစွာပြုလုပ်ပေးခဲ့ကြောင်း၊ ထို့အပြင် စားသုံးသူပြည်သူများ ဘေးကင်း လုံခြုံရေးအတွက်လည်း အရည်အသွေးမမီသည့် ကုန်စည်များ တရားမဝင် ဝင်ရောက်မှုကို ထိန်းသိမ်းပေးရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံသားဧည့်သည်များ နယ်စပ်မှ ဝင်ရောက်

မြဝတီ အောက်တိုဘာ ၂၂

Wide View Travels & Tours Co.,Ltd. ၏အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသား ဧည့်သည် ၂၃ ဦးသည် အောက်တိုဘာ ၂၂ ရက်က မော်တော်ဆိုင်ကယ် ၁၆ စီး၊ ထိုင်းကားတစ်စီးဖြင့် မဲဆောက်-မြဝတီ နယ်စပ်မှဝင်ရောက်လာပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့ခရီးသွားလုပ်ငန်းဌာန ရန်ကုန်ရုံးခွဲမှ တာဝန်ခံဆက်သွယ်ဆက်ဆံရေး အရာရှိ ဦးအေးမောင်လှိုင်နှင့် ဧည့်လမ်းညွှန် ဦးစိုင်းလုံတစ်တို့လိုက်ပါလျက် မြဝတီ- ဘားအံ - ကျိုက်ထီးရိုး-သန်လျင်-ရန်ကုန်-ပဲခူး-မော်လမြိုင်မြို့များသို့ သွားရောက်လည်ပတ်ကာ အောက်တိုဘာ ၂၇ ရက်နေ့တွင် မြဝတီနယ်စပ်ဝင်ပေါက်မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဲပုံ) နဒီမြင့်မိုရ်(မြဝတီ)**

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

မန္တလေးကားလောကသားများထံမှ ကျပ်သိန်းပေါင်းလေးသောင်းကျော် ငွေကြေးအလွဲသုံးစားမှုဖြင့် စစ်ဆေးခံရသူ သေကြောင်းကြံစည်

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးမြို့တွင် အောက်တိုဘာ ၅ ရက်က ကားလောကသားများထံမှ ငွေကြေး ကျပ်သိန်းပေါင်းလေးသောင်းကျော် အလွဲသုံးစားလုပ်ခဲ့သည်ဟုဆိုကာ နားကွင်းကျော်ကြီးနှင့် လင်းကမ္ဘာကုမ္ပဏီအပေါ် တရားစွဲဆိုရန် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာ ၁၀ ရက်က နားကွင်းကျော်ကြီး(ခ) ကိုကျော်ခိုင်စိုးသည် အမှတ်(၆)ရဲစခန်းသို့ လာရောက်အစစ်ဆေးခံ၍ ဥပဒေပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်ထားခြင်းအပေါ် အာမခံရယူခဲ့ပြီး အောက်တိုဘာ ၂၀ ရက် နံနက် ၅ နာရီက မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့ကြောင်း သိရသည်။

အာမခံယူချိန်၌ ကိုကျော်ခိုင်စိုးကို အနီးကပ်စောင့်ရှောက်ရန် လူတစ်ယောက် အမြဲတမ်းထားရှိစေခဲ့သော်လည်း အောက်တိုဘာ ၂၂ ရက် နံနက် ၄ နာရီခန့်တွင် ၎င်းကို စောင့်ကြည့်စောင့်ရှောက်နေသူအား ကိုကျော်ခိုင်စိုးက ၎င်းမိခင်လာမည်ဖြစ်၍ သွားကြိုရန်စေလွှတ်လိုက်ချိန်တွင် မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း ဖြစ်ကြောင်း သိရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ပြောကြားရာတွင် "သူ့အနားမှာ အခုလိုမဖြစ်အောင် ကြည့်ရှုစောင့်ရှောက်မယ့်လူတစ်ဦး အလှည့်ကျထားဖို့ပြောထားတယ်။ ဒီနေ့နံနက်မှာ ဧည့်ခန်းထဲက ပန်ကာချိတ်မှာ နိုင်လွန်ကြိုးအစိမ်းရောင်နဲ့ ကြိုးဆွဲချ သေဆုံးနေတာပါ။ နံနက် ၅ နာရီ လောက်ရောက်သွားချိန်မှာ ကိုကျော်ခိုင်စိုးရဲ့ လက်မတွေကွေးနေပြီ။ အသက်မရှိတော့ဘူး။ အရင်ညက သူနဲ့ရှယ်ယာရှင် ကိုအောင်ရဲလင်းဆီ ဖုန်းဆက်သွယ်ခဲ့တာ မရခဲ့ဘူးဆိုတာ သိရတယ်။ သူ့အမေလာမယ်။ ကားဂိတ်သွားကြိုခိုင်းတာကလည်း သေကြောင်းကြံစည်ဖို့အခွင့်အရေးရအောင် စောင့်ရှောက်နေသူကို အပြင်သွားခိုင်းလိုက်တာပဲ။ တကယ်တော့ သူ့အမေမလာပါဘူး။ ကိုကျော်ခိုင်စိုးက ပျဉ်းမနားဇာတိပါ။ အရှုပ်အရှင်းမရှိဘဲ လူအေးတစ်ယောက်ပဲ။ ကွမ်းစားတာနဲ့ ဆေးလိပ်သောက်တာပဲရှိတယ်။ သူ့အမျိုးသမီးကလည်း နိုင်ငံခြားမှာ အသည်းရောဂါနဲ့ ဆေးကုပြီး ပြန်ရောက်တာမကြာသေးဘူး။ လူမမည်ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့တယ်"ဟု စိတ်မကောင်းစွာ ပြောကြားသည်။ ကိုကျော်ခိုင်စိုးသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက် အကွက်နံပါတ် ၃၂၀ ရှိ ယောက္ခမအိမ်၌ နေထိုင်စဉ် ယခုကဲ့သို့ သေကြောင်းကြံစည်ခြင်းဖြစ်ပြီး ကိုကျော်ခိုင်စိုးအနေဖြင့် ရှင်းရန်ငွေမှာ ကျပ်သိန်းပေါင်း နှစ်သောင်းဝန်းကျင်ဖြစ်သည်"ဟု ဆိုသည်။

ဥပဒေပုဒ်မ ၄၂၀ ဖြင့် ကိုကျော်ခိုင်စိုးနှင့် ၎င်း၏ဇနီးသည်တို့အား တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုထားကြောင်း သိရပြီး အမှတ် (၆) ရဲစခန်းသို့ ၎င်းကိုယ်တိုင် လာရောက်ရှင်းလင်းပြီး အာမခံရယူထားကြောင်း၊ အောက်တိုဘာ ၁၃ ရက် ည ၈ နာရီတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့၍ အတတ်နိုင်ဆုံးဖြေရှင်းပေးမည်ဟု ကိုကျော်ခိုင်စိုးက ပြောကြားခဲ့ကြောင်း သိရသည်။

ကိုကျော်ခိုင်စိုးက သတင်းစာရှင်းလင်းပွဲတွင် "ကိုယ်ကျိုးအတွက် သုံးတာ တစ်ခုမှမရှိပါဘူး။ လုပ်ငန်း လုပ်ကိုင်ရင်း ငွေကြေးအကျပ်အတည်းဖြစ်သွားတာပါ။ ဒီကိစ္စကို ကျွန်တော့်ဖောက်သည်တွေကို ရှင်းပြခဲ့ပေမယ့် အများစုက လက်ခံတယ်၊ တချို့က စိတ်လောပြီး အမြန်ဆုံးစလစ်ကပ်ပေးဖို့ တောင်းဆိုတာကြောင့် ခဏတာခရီးထွက်သွားခဲ့တယ်။ နိုင်သလောက်ဖြေရှင်းပေးသွားမှာပါ။ လင်းကမ္ဘာကလည်း အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးစေချင်တယ်"ဟု မန္တလေးမြို့ ကားလောကသားများနှင့် မီဒီယာသမားများအား ပြောကြားခဲ့သည်။ နစ်နာသူကားလောကသားတို့၏ ကိုယ်စားလှယ် ၁၀ ဦးက ဦးအောင်နိုင်ဝင်းနှင့် လင်းကမ္ဘာကုမ္ပဏီရှိ ကိုအောင်ရဲလင်းတို့ထံ ဖုန်းဆက်သွယ် မေးမြန်းသော်လည်း စက်ပိတ်ထားသဖြင့် လုပ်သက်ရင့် ကားပွဲစား ဦးကိုအောင်လွင်ထံ မေးမြန်းရာ "ကိုကျော်ခိုင်စိုး အခုလို သေကြောင်းကြံစည်တာမျိုး မလုပ်သင့်ပါဘူး။ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်မှာပါ။ စိတ်မကောင်းပါဘူး"ဟု ပြောကြားသည်။

၎င်းနေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ ကိုကျော်ခိုင်စိုး၏လက်ဝယ်၌ ငွေကြေးများစွာမရှိဘဲ ဘဏ်ငွေစာရင်းတွင် ကျပ်သိန်း တစ်ထောင်ခန့်နှင့် ၎င်းပိုင်မြေကွက်တစ်ကွက်သာရှိကြောင်း၊ ယခုကဲ့သို့ ငွေကြေးသိန်းပေါင်း သောင်းချီ၍ အကျပ်အတည်းဖြစ်ရသည့် အကြောင်းအရင်းမှာ ၎င်းကိုယ်တိုင်သာ သိရှိမှာဖြစ်ကြောင်း၊ စလစ်ဈေးမြင့်တက်၍ အကျပ်အတည်းဖြစ်သည်ဟုဆိုပါက ယခုလောက် ငွေကြေးများမည် မဟုတ်ကြောင်း၊ အာမခံယူထားချိန်၌ ယခုကဲ့သို့ တစ်စုံတစ်ခုဖြစ်မည်စိုးရိမ်၍ လူတစ်ယောက် အစောင့်အရှောက်ထားပါလျက် သေဆုံးခဲ့ခြင်းအပေါ် စိတ်မကောင်းဖြစ်ရကြောင်း သုံးသပ်ပြောဆိုခဲ့သည်။

တင်မောင်(မန္တလေးကိုယ်ပွား)

သန်းခေါင်စာရင်းကောက်ယူရေး နယ်လှည့်စာပေဟောပြော

ရိဒ်ခေါဒါရ် အောက်တိုဘာ ၂၂

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လူဦးရေနှင့် အိမ်အကြောင်းအရာ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း နယ်လှည့်စာပေဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက်က ကြောင်ပွေ့ကျေးရွာ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလာလ်ပက်လောမ်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ရည်ရွယ်ချက်နှင့် ခံစားရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုသမိုင်း၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးသောလူ့အဖွဲ့အစည်းများ၏ အကျိုးကျေးဇူးရရှိခံစားမှုကို ဟောပြောခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ရွှေပြည်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းတော့မည်

စဉ့်ကူး အောက်တိုဘာ ၂၂

စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာအုပ်စုသည် မြို့နယ်အတွင်း ရေဝင်ကျေးရွာများနှင့် ကုန်းတွင်းပိုင်းကျေးရွာများကို ဆက်သွယ်ပေးရာလမ်းကြောင်းတွင် အဓိကအရေးပါသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ ယခုအခါ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ရန်ပုံငွေများချမှတ်ကာ ရာသီမရွေး သွားလာနိုင်ရေးအတွက် ရေလွှတ်မိုးလွှတ်မိုးပျံ့တံတားကြီးများ တည်ဆောက်လျက်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ရွှေပြည်ကျေးရွာအုပ်စုသည် ရွှေပြည်၊ ရွာသစ်ကုန်း၊ ဈေးကုန်း၊ ညောင်ကုန်းနှင့် ကျွန်းစည်ကျေးရွာများပါဝင်ပြီး အိမ်ခြေပေါင်း ၁၀၀၀ ခန့်ရှိကာ အထက်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်း၊ ကျေးလက်ဆေးပေးခန်းတစ်ခု၊ လုံခြုံရေးရဲကင်းတစ်ခုနှင့် သမိုင်းဝင် ရွှေမြင်တင်တောင်ဘုရားပွဲတော်ကျင်းပပြီး ရေပိုင်းကျေးရွာအုပ်စု ၁၇ အုပ်စုမှ လှည်းများ၊ လှေများဖြင့် လာရောက်၍ ဘုရားဖူးများဖြင့် စည်ကားခဲ့သော်လည်း လျှပ်စစ်မီးမရရှိသည့်အတွက် ဆယ်စုနှစ်များစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ခဲ့ရကြောင်း သိရသည်။

လျှပ်စစ်မီးရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရထံမှ ငွေကျပ်သိန်း ၃၅၀ ချေးယူပြီး ငွေကျပ်သိန်း ၁၅၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ထားရှိသည့် (315 KVA)ထရန်စဖော်မာနှစ်လုံးဖြင့် အိမ်ခြေ ၁၀၀၀ ကို လျှပ်စစ်မီးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(၄၃၃)

စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်

မတ္တရာ အောက်တိုဘာ ၂၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြင်ဦးလွင် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီခွဲက မတ္တရာမြို့နယ် ဘေးမဲ့ကျေးရွာအနီး တောင်သူဦးထွန်းအောင်၏ ဧက ၃၀ လယ်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုလေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့်ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်ခိုင်၊ ရေနံ့သာငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်ကိုလတ်နှင့်ဝန်ထမ်းများ တက်ရောက်ကြပြီး ရွှေဝါငါးကြင်းကောင်ရေ ၂၅၀၀၀၊ တီလားပီးယား ၃၅၀၀၀ နှင့် ငါးခုံးမကြီး ၂၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၈၅၀၀၀ စုပေါင်းစိုက်ထည့်ပေးကြပြီး အခြားသက်ဆိုင်ရာ လယ်သမားများ၏ စပါးစိုက်ခင်းဧက ၄၀ တို့တွင်လည်း ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

ဝင်းမောင်

ကြော်ငြာ

ကလေးမြို့တွင် ပထမဆုံးဒီဇိုင်းသစ်ဖြင့် မီးပွိုင့်စတင် တပ်ဆင်နိုင်ရေးဆောင်ရွက်

ကလေး အောက်တိုလာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကားနှင့်မော်တော်ဆိုင်ကယ်များ ပေါများလာသည်နှင့်အမျှ ယာဉ်အန္တရာယ် မဖြစ်စေရေးနှင့် ခရိုင်မြို့၏ ဂုဏ်ကိုမြှင့်တင်ပေးရန်၊ ခရိုင်မြို့၏ အင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိစေရေးအတွက် ဗိုလ်ချုပ်လမ်းဆုံ (ယခင်ဗန္ဓုလလမ်းဆုံ) နေရာတွင် လေးဖက်လေးတန် မီးပွိုင့်များ တပ်ဆင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကလေးမြို့မှာ ကားတွေရော၊ ဆိုင်ကယ်တွေပါ တစ်နေ့တခြား ပေါများလာတာကိုတွေ့ရပါတယ်။ **(ယာပုံ)** ကလေးမြို့ ကညနတွင် မှတ်ပုံတင်ထားသည့်ကားအစီးရေ ၁၆၈၆ စီး၊ သုံးဘီးဆိုင်ကယ် ၈၁၄ စီး၊ ဆိုင်ကယ် ၅၃၈၀၅ စီး၊ ထော်လာဂျီအစီး ၁၈၀၊ စက်ယန္တရား ၅၉ စီး စုစုပေါင်း ၅၆၅၄၄ စီး မှတ်ပုံတင်ထားကြောင်း သိရတယ်။ နောက်ပြီးတော့ ကလေးမြို့၏ ဆက်စပ်ဒေသတွေဖြစ်တဲ့ တီးတိန်၊ ဖလမ်း၊ ဂန့်ဂေါ၊ တမူး၊ ကလေးဝမြို့များကနေပြီး နေ့စဉ်ကားအဝင်အထွက်တွေရှိပါတယ်။ ဒီလမ်းဆုံက မြို့မဈေးကြီးနှင့်လည်းနီးတယ်၊ လမ်းတွေအားလုံးနှင့်လည်း ချိတ်ဆက်ထားတာကြောင့် ယာဉ်သွား၊ ယာဉ်လာတွေ တော်တော်ကိုများပါတယ်၊ ကလေးမြို့ကအထက် ချင်းတွင်းဒေသမှာတော့ အစည်ကားဆုံးမြို့ ဖြစ်ပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဒီလမ်းဆုံမှာတပ်မယ့်မီးပွိုင့်တွေက မြန်မာနိုင်ငံမှာ ပထမဆုံးဒီဇိုင်းပုံစံဖြစ်ပြီး အရှေ့တောင်အာရှမှာဆိုရင် ထိုင်းနိုင်ငံမှာပဲ ရှိပါသေးတယ်၊ ထိုင်းနိုင်ငံ၏ ဒီဇိုင်းဖြင့်တပ်ဆင်သွားပါမယ်၊ လျှပ်စစ်ဓာတ်အားအတွက်ကတော့ ဆိုလာစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးစနစ်ဖြင့် ခေတ်အမီဆုံးနည်းပညာများသုံးပြီး ဆောင်ရွက်သွားပါမယ်၊ မီးပွိုင့်များ၏ တန်ဖိုးကတော့ LED စာသားဘုတ်အတွက် ငွေကျပ် ၃၆၀၀၀၀၊ LED မီးပွိုင့် (ဝါ၊ စိမ်း၊ နီ) လေးစုံအတွက် ငွေကျပ် ၄၇၂၅၀၀၀၊ Power System အတွက် ကျပ် ၃၆၇၅၀၀၊ Transport အတွက် ငွေကျပ် ၂၀၀၀၀၀ တို့ ကုန်ကျမှာဖြစ်ပြီး အပြီးအစီးဆိုလျှင် ငွေကျပ် ၆၁၂၆၅၀၀ ဖြစ်ပါတယ်။ လုပ်အားခတွေ မပါသေးပါဘူး၊ မီးပွိုင့်ကို အောက်တိုဘာ ၂၀ ရက်က တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း မြို့နယ် အထောက်အကူပြုထံက သိရသည်။

သျှင်နေမင်း

ပြည်ပပို့ ပဲဈေးနှုန်းများ ဈေးမြင့်တက်လာ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန် ပဲဈေးကွက်တွင် ပြည်တွင်းပဲဈေးနှုန်းနှင့် ပြည်ပပို့ FOB ပဲဈေးနှုန်းများ သိသာစွာမြင့်တက်လာရာ အောက်တိုဘာ ၂၁ ရက်တွင် မတ်ပဲ RAW တစ်ပိဿာလျှင် ၉၂၅ ကျပ်၊ RC တစ်တန်လျှင် ငွေကျပ် ၅၇၄၀၀၀၊ SQ.RC တစ်တန်လျှင် ငွေကျပ် ၆၂၄၀၀၀၊ ပဲစင်းငုံနီ RC တစ်တန်လျှင် ငွေကျပ် ၅၉၅၀၀၀၊ ပြည်ပပို့ FOB ပဲဈေးနှုန်းများမှာ မတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၆၀၀-၆၂၀၊ SQ.RC တစ်တန်လျှင် ဒေါ်လာ ၆၆၀-၆၈၀-၊ ပဲစင်းငုံနီ FAQတစ်တန်လျှင် ဒေါ်လာ ၆၃၀-၆၆၀ ဈေးနှုန်းသို့ မြင့်တက်လာကြောင်း ပဲဈေးနှုန်းများအရ သိရသည်။

ယခင် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၅၁၃၀၀၀၊ SQ.RC တစ်တန်လျှင် ငွေကျပ် ၅၆၅၀၀၀၊ ပဲစင်းငုံနီ RC တစ်တန်လျှင် ငွေကျပ် ၅၈၀၀၀၀၊ ပြည်ပပို့ FOB ပဲဈေးနှုန်းများမှာ မတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၆၃၀-၆၅၀၊ ပဲစင်းငုံနီ FAQ တစ်တန်လျှင် ဒေါ်လာ ၇၁၀-၇၃၀ နှုန်းရှိကြောင်း ဈေးနှုန်းဟောင်းများအရသိရ၍ ယခုနှစ်ပြည်တွင်း မတ်ပဲနှင့် ပဲစင်းငုံနီရောင်းဈေးများမှာ ယခင်နှစ်ကာလတူထက် ဈေးမြင့်နေသော်လည်း ပြည်ပပို့ FOB ပဲဈေးနှုန်းများမှာ ဈေးနည်းနေသေးကြောင်း ပဲရောင်းဝယ်သူများက ဆိုသည်။

စားအုန်းဆီပြည်ပ FOB တစ်တန် ဈေးနှုန်းမှာ အောက်တိုဘာ ၂၁ ရက်တွင် ၈၃၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၇၃ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာဈေးနှုန်း (အရင်းဈေး)၁၅၂၄ ကျပ်သို့ မြင့်တက်လာသကဲ့သို့ ပြည်တွင်းရောင်းဈေးမှာလည်း အောက်တိုဘာ ၂၁ ရက်တွင် ၁၅၀၅ ကျပ်နှုန်းသို့ မြင့်တက်လာကြောင်း၊ အောက်တိုဘာ ၇ ရက်တွင် FOB တစ်တန်ဈေးနှုန်းဒေါ်လာ ၈၀၀ အရင်းဈေးတစ်ပိဿာလျှင် ၁၃၅၉ ကျပ်ရှိပြီး ပြည်တွင်းရောင်းဈေး တစ်ပိဿာ ငွေကျပ် ၁၄၇၀နှုန်းသာ ရှိခဲ့ကြောင်း ဆီဈေးကွက်မှ သိရသည်။

ဝင်ရောက်

ကြက်သွန်နီမှာ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ပိဿာချိန်ရှစ်သိန်းခန့် ဝင်ရောက်နေသော်လည်း ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀-၈၅၀-၉၅၀-၁၀၀၀ နှုန်းဖြင့် ဈေးမြင့်တွင်ရှိနေဆဲဖြစ်ကြောင်း ကြက်သွန်အဝယ်တော်များက ဆိုသည်။

ခင်ဆိုင်

တောင်ကြီး မီးပုံးပျံပြိုင်ပွဲဝင်လိုက စာရင်းပေးသွင်းနိုင်

တောင်ကြီး အောက်တိုဘာ ၂၂

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပမည့် တန်ဆောင်တိုင်ပွဲတော်၏ မီးပုံးပျံလွှတ်တင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မီးပုံးပျံအဖွဲ့များအနေဖြင့် အောက်တိုဘာ ၁၇ ရက်မှ ၃၁ ရက်အထိ ပင်လုံလမ်း ကန်ရှေ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ဦးတင်ဝင်း မီးပုံးပျံပညာရှင် မီးပုံးပျံလွှတ်တင်ရေးကော်မတီ အတွင်းရေးမှူး ဖုန်း-၀၈၁-၂၀၁၁၅၄ တို့ထံ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက်အထိ ညမီးကြီး အလုံး၃၀ ၊ စိန်နားပန် ၁၀ လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၄ လုံး၊ ခြေလေးချောင်း ၁၁ လုံး၊ အုပ်စုနှစ်လုံး စာရင်းပေးသွင်းထားပြီးကြောင်းနှင့် ပြိုင်ပွဲဝင်ရက် သတ်မှတ်မှုအတွက် နိုဝင်ဘာ ၂ ရက်တွင် မဲနှိုက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် မီးပုံးပျံပြင်ဆင်မှုများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးလောင်ပေါက်ကွဲမှုများ မဖြစ်စေရေး မီးပုံးပျံလွှတ်တင်ရေးကော်မတီမှ အဖွဲ့ဖွဲ့စည်းစစ်ဆေးသွားမည်ဖြစ်ပြီး မီးပုံးများကို မီးသတ်ကားများ ဝင်လမ်းထွက်လမ်းကောင်းသည့် နေရာများတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအကြို သေနတ်ပစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို သေနတ်ပစ် အားကစားပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း (ဒဂုံမြောက်)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲ၌ နိုင်ငံလေးနိုင်ငံမှ ပြိုင်ပွဲဝင်ဦးရေ တစ်နိုင်ငံလျှင် ၁၉ ဦးဖြင့် အမျိုးသားတစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲတွင် ၁၀ မီတာလေပစ္စတို၊ ၅၀ မီတာ အမျိုးသားပစ္စတို၊ ၅၀ မီတာ ဝမ်းလျားမှောက်ရိုင်ဖယ်နှင့် အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲတွင် ၁၀ မီတာလေပစ္စတို၊ ၂၅ မီတာ အမျိုးသမီးပစ္စတို၊ ၅၀ မီတာ ဝမ်းလျားမှောက်ရိုင်ဖယ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ရွှေ ၁၂ ဆု ၊ ငွေ ၁၂ဆု၊ ကြေး ၁၂ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

၂၀၁၂ခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သော စတုတ္ထအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ဖြေဆိုအောင်မြင်ပြီး အလုပ်ခေါ်စာ စောင့်ဆိုင်းနေသူများအတွက် အသိပေးကြေညာချက်

၁။ ကိုရီးယားသမ္မတနိုင်ငံရှိ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၌ ပေါ်ပေါက်မည့်အလုပ်အကိုင်များအတွက် ၂၀၁၂ခုနှစ် ဇူလိုင် ၁ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ဖြေဆို အောင်မြင်ခဲ့ကြသူများအနက် အလုပ်လျှောက်လွှာတင်သွင်းခဲ့သူများ၏ တန်းစီဇယားသည် (၁)နှစ်ပြည့်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အလုပ်လျှောက်ထားသူများအနက် အလုပ်ခေါ်စာ မရရှိသေးသူများသည် ကျန်ရှိသော စာမေးပွဲသက်တမ်းကာလဖြစ်သည့် ၂၀၁၄ခုနှစ် ဇူလိုင်လအထိ ကာလအတွက် ပြန်လည်မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ စတုတ္ထအကြိမ် ကိုရီးယားဘာသာစကားစာမေးပွဲ EPS-TOPIK အောင်မြင်ပြီး အလုပ်ခေါ်စာ စောင့်ဆိုင်းနေသူများ၊ လျှောက်လွှာစတင်စဉ်က ဆေးမအောင်ခဲ့သူများနှင့် အကြောင်းကြောင်းကြောင့် လျှောက်လွှာမတင်ဖြစ်ခဲ့သူများသည် EPS စနစ်အရ ထပ်မံ၍ အလုပ်လျှောက်လွှာတင်သွင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီရုံးသို့ ၃၀-၁၀-၂၀၁၃ရက်မှ ၇-၁၁-၂၀၁၃ရက်အထိ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ပါရန်နှင့် ဖော်ပြပါလိပ်စာတွင် လျှောက်လွှာများထုတ်ပေးခြင်း/လက်ခံခြင်းများကို အောက်ပါအစီအစဉ်အတိုင်း နေ့စဉ် ၀၉း၃၀နာရီမှ ၁၇း၀၀နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

(က) **အလုပ်လျှောက်လွှာထုတ်ပေးမည့်ရက်** - ၃၀-၁၀-၂၀၁၃ရက်မှ ၁-၁၁-၂၀၁၃ရက်အထိ

(ခ) **အလုပ်လျှောက်လွှာပြန်လည်လက်ခံမည့်ရက်** - ၄-၁၁-၂၀၁၃ရက်မှ ၇-၁၁-၂၀၁၃ရက်အထိ

၃။ အလုပ်လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြပါ စာမေးပွဲဖြေဆိုခဲ့သောခုံနံပါတ်များအတိုင်း ထုတ်ပေးပါမည်-

(က)	၃၀-၁၀-၂၀၁၃ရက်	ခုံအမှတ်	၁၀၀၀၀၀၀၁ မှ ၁၀၀၀၁၀၇၇ ထိ
(ခ)	၃၁-၁၀-၂၀၁၃ရက်	။	၁၀၀၀၁၀၇၈ မှ ၁၀၀၀၂၁၅၃ ထိ
(ဂ)	၁-၁၁-၂၀၁၃ရက်	။	၁၀၀၀၂၁၅၄ မှ ၁၀၀၀၃၂၃၀ ထိ

၄။ အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြထားသည့် စာမေးပွဲဖြေဆိုခဲ့စဉ်က ခုံနံပါတ်များအတိုင်း လျှောက်လွှာပြန်လည်တင်ရမည်-

(က)	၄-၁၁-၂၀၁၃ရက်	ခုံအမှတ်	၁၀၀၀၀၀၀၁ မှ ၁၀၀၀၀၈၀၇ ထိ
(ခ)	၅-၁၁-၂၀၁၃ရက်	။	၁၀၀၀၀၈၀၈ မှ ၁၀၀၀၁၆၁၅ ထိ
(ဂ)	၆-၁၁-၂၀၁၃ရက်	။	၁၀၀၀၁၆၁၆ မှ ၁၀၀၀၂၄၂၂ ထိ
(ဃ)	၇-၁၁-၂၀၁၃ရက်	။	၁၀၀၀၂၄၂၃ မှ ၁၀၀၀၃၂၃၀ ထိ

၅။ လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-

(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့်ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။

(ခ) ဓာတ်ပုံရိုက်ခြင်းအား သတ်မှတ်ပုံစံ အရွယ်အစား (၃.၅စင်တီမီတာ×၄.၅စင်တီမီတာ)အတိုင်း ရိုက်ကူးရပါမည်။

(ဂ) ကျန်းမာရေးဆေးစစ်ခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၆။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-

(က) အလုပ်လျှောက်လွှာနှင့် ပတ်စ်ပို့ဓာတ်ပုံ(၆)ပုံ၊

(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့် မိတ္တူ၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊

(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ (နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး တစ်နှစ်ကျန်ရှိရမည်။)

(င) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့်မိတ္တူ၊

(စ) ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ၊

(ဆ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အထောက်အထားရှိက မူရင်းနှင့်မိတ္တူ၊

(ဇ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ၊

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များ မှန်ကန်စွာ ဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်။ မှားယွင်းစွာ ဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏တာဝန်သာဖြစ်ပါမည်။ သတ်မှတ်ရက်ထက် ကျော်လွန်၍ တင်ပြလာသည့် လျှောက်လွှာများအား တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါ။

* အလုပ်လျှောက်လွှာ တင်သွင်းခြင်းနှင့်ပတ်သက်၍ သိရှိလိုသောအချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စီးပွားရေးအဆောက်အအုံများ စီမံကိန်းများအတွက် မြေငှားရမ်းခြင်း တင်ဒါတင်သွင်းနိုင်ခွင့်နှင့် တင်ဒါတင်သွင်းရန်

နောက်ဆုံးရက်တို့ကို ပြင်ဆင်သတ်မှတ်ခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၃ခုနှစ် စက်တင်ဘာ ၉၊ ၁၆၊ ၁၉ရက်ထုတ် မြန်မာ့အလင်းနေ့စဉ်သတင်းစာ၌ ဖော်ပြခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဒုတိယဗဟို စီးပွားရေးဇုန်စီမံကိန်းနှင့်မင်္ဂလာတောင်ညွန့်မြို့နယ်၊ စီးပွားရေးအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခြင်း တင်ဒါခေါ်ယူခြင်းကြော်ငြာများတွင် ပါဝင်သော စာပိုဒ် (၁)နှင့်စာပိုဒ်(၇)တို့ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

(က)စာပိုဒ် ၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့်နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ (Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

(ခ)စာပိုဒ် ၇။ တင်ဒါများကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂ ရက် ၁၅း၀၀နာရီ မတိုင်မီ အထက်ဖော်ပြပါ ရုံးသို့တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်၁၄၃၆၊ မြေကွက်တည်နေရာအမှတ်-၁၄၃၆၊ ဗိုလ်မင်းရောင်လမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးထွန်းငွေ ၁၂/သဃက(နိုင်)၀၆၉၉၉၇ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအားအမည်ပေါက်ဦးထွန်းငွေထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် $\frac{၄၃၁၈/၀၂}{(၁၂-၇-၀၂)}$ ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်ဝေ ၁၂/သဃက(နိုင်) ၀၈၅၄၅၆မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်း

အပူးဂဏန်းနှင့် ရွေးဂဏန်းနံပါတ်များအတွက် ကျပ် ၁၀၆၉ သိန်းရရှိ

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်ပမှ မော်တော်ယာဉ် တင်သွင်းသူများအနေဖြင့် ယခုအခါ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန(ကညန)ရုံးချုပ်ရှိ ကနဦး မော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် မိမိတို့ မော်တော်ယာဉ်အတွက် အပူးဂဏန်းနှင့် ရွေးဂဏန်းနံပါတ်များကို ယာဉ်ပိုင်ရှင်များ၏ဆန္ဒအရ ပွင့်လင်းမြင်သာစွာ ရွေးချယ်ဝယ်ယူခွင့် ရရှိနေပြီဖြစ်သည်။

ကညန(ရုံးချုပ်)ရှိ ကနဦး မော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် အောက်တိုဘာ ၁ ရက်မှ ၁၈ ရက်အထိ အပူးဂဏန်းနှင့် ရွေးဂဏန်း နံပါတ်များဖြစ်သော မော်တော်ယာဉ် အစီး ၁၅၀ အတွက် ငွေကျပ်သိန်းပေါင်း ၁၀၆၉ သိန်း ကောက်ခံရရှိကြောင်း အဆိုပါဌာန၏ စာရင်းအရ သိရသည်။

အောက်တိုဘာလအတွင်း လေးလုံးပူး ဂဏန်းနံပါတ်များဖြစ်သော 1G-9999 အား ငွေကျပ် ၃၂ သိန်း၊ 1G-8888 အား ငွေကျပ် ၃၆ သိန်း၊ 1G-6666 အား ငွေကျပ် ၂၆ သိန်း၊ 1G-4444 အား ငွေကျပ် သိန်း ၃၀၊ 1G-3333 အား ငွေကျပ် ၁၈ သိန်းနှင့် 1G-1111 အား ငွေကျပ် ၁၂ သိန်းဖြင့် ယာဉ်ပိုင်ရှင်များက ဝယ်ယူကြကြောင်း သိရသည်။

ကညနတိုင်းဦးစီးမှူးရုံး၌ ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး အစားထိုးယာဉ်များ တင်သွင်းရေးစီမံချက်အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ အပ်နှံပြီး ယာဉ်အို ယာဉ်ဟောင်း အစီးရေမှာ ၅၉၄၀၀ စီးကျော်ရှိကြောင်း သိရသည်။ **အေးကို(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြု ဝါးလက်မှုသင်တန်းဖွင့်

တောင်ငူ အောက်တိုဘာ ၂၂

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြု ဝါးလက်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက တောင်ငူမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်း ဆရာဝန်များအသင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သတ္တုနှင့်သစ်တောဝန်ကြီး ဦးကျော်ဌေးက အမှာစကားပြောကြားသည်။**(ယာပုံ)**အဆိုပါ သင်တန်းဖွင့်ပွဲသို့ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

သင်တန်းသားများအနေဖြင့် ခေတ်မီဒီဇိုင်းဆန်းဆန်း ဝါးလက်မှုပစ္စည်း ၁၀ မျိုးကို သင်ကြားရမည်ဖြစ်သည်။ ယင်းသင်တန်းကို ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးပွားပြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဝါးအခြေခံ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ ကျွမ်းကျင်စွာ တတ်မြောက်စေရန်နှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၄၅၀၀-၆၄၄၂၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၄၄၀၀-၆၄၄၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၆	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၀-၁၃၃၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၄-၃၁. ၅၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၇၄	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ခါတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၁၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၃၀၀-၃၈၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၂၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေ့ဆန်	တစ်အိတ်	၁၈၀၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၀၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၅၀-၁၀၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၈၀-၅၆၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၀၅၀-၂၁၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၃၀-၁၁၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကုန်တင်ကုန်ချအလုပ်သမားများအား ချေးငွေများထုတ်ပေး

ဟုမ္မလင်း အောက်တိုဘာ ၂၂

ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချ အလုပ်သမားများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားသည့် ကုန်တင် ကုန်ချ အလုပ်သမားအစုအဖွဲ့ကိုးဖွဲ့မှ အလုပ်သမား ၄၅ ဦးအား ချေးငွေ ၂၂ ဒသမ ၅ သိန်း ပေးအပ်ပွဲကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ကက်တီတို့က ချေးငွေများကိုပေးအပ်ရာ အလုပ်သမား ခေါင်းဆောင် ဦးသိန်းဇော်က လက်ခံယူပြီး အစုအဖွဲ့ခေါင်းဆောင်များသို့ ခွဲဝေ၍ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် အလုပ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါဌာနများမှ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁) ကတ္တရာ	၂/၀	မိုင်/ဖာလုံ
(၂) မြေသားလမ်းသစ်	၁၆၉/၄	မိုင်/ဖာလုံ
(၃) ၁၈ပေ အကျယ်မြေသားလမ်းတိုးချဲ့ခြင်း	၉၃/၀	မိုင်/ဖာလုံ
(၄) ဘေလီသံဘောင်တံတား	၇၅	ပေ
(၅) မြေသားရေကန်	၁	ကန်
(၆) ဂါလန် (၁၀၀၀၀)ဆံ့ အုတ်ရေကန်	၄	ကန်
(၇) စိမ့်စမ်းရေသွယ်	၃၀	လုပ်ငန်း
(၈) နေရောင်ခြည်စွမ်းအင်	၆၃၉	လုပ်ငန်း

(ခ) ပြည်နယ်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁) မြေသားလမ်းသစ်	၈၃/၀	မိုင်/ဖာလုံ
(၂) ကျောက်လမ်း	၂၆/၀	မိုင်/ဖာလုံ
(၃) စိမ့်စမ်းရေသွယ်	၉	လုပ်ငန်း
(၄) နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ	၉	လုံး

(ဂ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၁) မြေသားလမ်း	၄၉	မိုင်/ဖာလုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၀-၁၀-၂၀၁၃ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၃၁-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဟားခါး-ဂန့်ဂေါလမ်း၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၃၂၅၊ ၀၉-၂၄၅၀၃၈၅၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၂၄၅၀၀၂၁၊ ၀၉-၄၇၁၇၀၀၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်ဝင်း(KTM-၀၂၇၆၅၆)၏သားဖြစ်သူ မောင်ရဲရင့်ဝင်း BTHG-၀၁၃၀၃၆ သည်မိဘနှစ်ပါး၏ပြောဆိုဆုံးမမှုကို နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်ဝင်း(KTM-၀၂၇၆၅၆)

မိဘအမည်မှန်

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ နွံနောရပ်နေ မဘူးရှိ၏အမည်မှန်မှာ မဘူးမူ ၁၃/ကတန(နိုင်)၁၃၆၂၅၅ ဖြစ်ပြီး ၄င်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၀-၁၉၉၃ ဖြစ်ပါသည်။ မဘူးမူ၏ မိဘအမည်မှန်မှာ ဦးဆဲရို့ ၁၃/မဖန(နိုင်)၀၁၂၀၈၅နှင့် ဒေါ်အားရေ့ ၁၃/မဖန(နိုင်)၀၁၆၁၁၂ ဖြစ်ပါကြောင်း။ မဘူးမူ ၁၃/ကတန(နိုင်)၁၃၆၂၅၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၇(ပထမထပ်)ခြေရင်းဘက်အခန်း ပေ(၁၄×၆၀)အကျယ်အဝန်းရှိ တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ၂၆-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော်(LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၆၉၄၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၉၉၉၉၊ အဆောက်အအုံ တိုက်အမှတ် ၅၂/B-2၊ အခန်း ၆၊ မြေညီထပ်တိုက်ခန်းသည် မြေရှင် စရီမာရီ ယမ္မာန်ဘုရားကျောင်းဂေါပကအဖွဲ့တွင် ဦးကျင်ရွှေ CA-036194-ဒေါ်မယ်အိမ် EF-040391 အမည်ဖြင့် မှတ်သားထားပါသည်။ ဦးကျင်ရွှေ-ဒေါ်မယ်အိမ်မှာ ကွယ်လွန်သွားရာ အဆိုပါတိုက်ခန်းကို ၄င်းတို့၏ တရားဝင်သမီးအကြီးဖြစ်သူ ဒေါ်တင်တင်ရွှေ ၁၂/အစန(နိုင်)၀၉၉၉၅၃ ထံမှ ဒေါ်မိုးမိုးအေး ၁၂/လမန(နိုင်)၁၁၃၃၄၉က ၄-၇-၂၀၁၃ ရက်တွင် တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ဝယ်ယူထားရှိကာ တိုက်ခန်းပိုင်ဆိုင်မှုကို ဒေါ်မိုးမိုးအေးအမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

ပျောက်ဆုံးခြင်း

အရှင် စိန္တိတဉာဏ ၅/ဝလန(သ)၀၀၀၄၅၁ ၏ နိုင်ငံကူးလက်မှတ် MA-၀၉၃၉၀၇ ပျောက်ဆုံး၍ တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၀၉-၅၁၅၈၄၄၂၊ ၀၉-၄၃၁၆၈၉၇၈



ဦးဝင်းနိုင်ဦး ၁၂/သဃက(နိုင်)၁၁၇၈၂၅ နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၁၊ ကွင်းအမှတ် ၄၃၆/က၊ ကြာကန်လမ်း၊ ဦးပိုင်အမှတ် ၄၊ ဧရိယာအကျယ်အဝန်း ၂ ဒသမ ၄၃ ဧကနှင့် မြေတိုင်းရပ်ကွက် ၆၇၊ ကွင်းအမှတ် ၄၃၇၊ ကွေ့မကွင်း၊ ကွင်းအမှတ်(၂၀၀/၂+၂၀၁)ရှိ ဧရိယာအကျယ်အဝန်း ၄ ဒသမ ၉၆ ဧကတို့ကို မြေယာချထားရေးဌာနမှ ဒေါ်သန်းသန်းအေး ၁၂/ရကန(နိုင်)၀၅၃၄၄၂ တို့ကို ချထားပေးခဲ့ပါသည်။ ဦးဝင်းနိုင်ဦးကို ဒေါ်သန်းသန်းအေးမှ ၈-၉-၂၀၀၉ ရက်တွင် မြေဂရန်များရရှိရေးအတွက် ဆောင်ရွက်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာပေးခဲ့ပါသည်။ ၄င်း၏မရိုးသားမှုကိုသိရှိသောအခါ ဦးဝင်းနိုင်ဦးအား လွှဲထားသောကိုယ်စားလှယ်လွှဲစာ အမှတ်(၈၀၇၅)ကို ၈-၆-၂၀၁၂ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ရုပ်သိမ်းပြီးဖြစ်ပါသည်။ ၆-၈-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင်လည်း ကိုယ်စားလှယ်ရုပ်သိမ်းကြောင်း ကြေညာထားပါသည်။ ဒေါ်သန်းသန်းအေးနှင့် ဦးဝင်းနိုင်ဦး အရောင်းအဝယ်စာချုပ်၊ စာတမ်းများသည် တရားဝင်ချုပ်ဆိုထားသော စာချုပ်များမဟုတ်ပါ။ ၄င်းမြေကွက်များနှင့်ပတ်သက်၍ ဦးဝင်းနိုင်ဦးမှ တစ်ဦးမက အခြားသူများကိုပါ ရောင်းချထားသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ ဦးဝင်းနိုင်ဦးနှင့် ရောင်းသူ၊ ဝယ်သူ အပေါင်းပါတို့အား တရားဥပဒေအရ အရေးယူဆောင်ရွက်နေပါကြောင်းနှင့် ၄င်းမြေကွက်များနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအားလုံးသည် ဦးဝင်းနိုင်ဦးနှင့် လုံးဝပတ်သက်မှုမရှိပါကြောင်း ဦးဝင်းနိုင်ဦးနှင့် အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘထိုက်(စဉ်-၅၆၉၉)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၀၂၆၀၇၈၂၅

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရက်ပေါင်း ၄၈ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် Carabao တေးဂီတအဖွဲ့ လာရောက်ဖျော်ဖြေမည်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ နာမည်ကြီး Carabao တေးဂီတအဖွဲ့ လာရောက်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် နံနက်၁၀ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ထိုင်းနိုင်ငံမီဒီယာများနှင့် မြန်မာနိုင်ငံမီဒီယာများအား ရှင်းလင်းပွဲပြုလုပ်ရာတွင် Carabao Founding မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ Carabao တေးဂီတအဖွဲ့က ကမ္ဘာအနှံ့အပြား နိုင်ငံတွေကို သွားရောက်ဖျော်ဖြေတင်ဆက်နေပါတယ်။ မကြာမီကပဲ အနောက်ဥရောပနိုင်ငံတွေကို သွားရောက်ဖျော်ဖြေခဲ့ပြီးပါပြီ။ မြန်မာနိုင်ငံမှာ မကြာမီကျင်းပမယ့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် ကျွန်တော်တို့အဖွဲ့အနေနဲ့ ဂုဏ်ယူဝမ်းသာလို့ အခုလိုလာရောက်ဖျော်ဖြေပေးဖို့ ရည်ရွယ်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲအတွက် အလှူငွေလည်း ထည့်ဝင်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ အခုလို ဒီပွဲလေးလုပ်ဖြစ်တာကတော့ ထိုင်းနိုင်ငံမီဒီယာတွေအနေနဲ့ ဆီးဂိမ်းမှာ မြန်မာနိုင်ငံကို သတင်းလာရောက်ယူတဲ့အခါ နယ်မြေဒေသကအစ အကျွမ်းတဝင်ဖြစ်စေရန်အပြင် မြန်မာမီဒီယာတွေနဲ့ ပိုမိုရင်းနှီးမှုရရှိစေရန် ရည်ရွယ်ပြီးတော့ ဒီပွဲလေးကို လုပ်ဖြစ်တာဖြစ်ပါတယ်" ဟု ၎င်းက ထပ်မံရှင်းပြသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအများစုတွင် တေးဂီတလောက၌ နာမည်ကျော်ကြား လူကြိုက်များသည့် Carabao တေးဂီတအဖွဲ့သည် လွန်ခဲ့သည့် ၁၆ နှစ်ကတည်းက တည်ထောင်ဖွဲ့စည်းခဲ့သော တေးဂီတအဖွဲ့အစည်းကြီးဖြစ်ပြီး အဆိုပါအဖွဲ့သည် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အစဉ်တစိုက် လုပ်ဆောင်ပေးလျက်ရှိသည်။

လှူဒါန်း

ယခုအခါ မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၄၀ ကျော်ကြာမှ ပြန်လည်ကျင်းပခွင့်ရသည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်စွာဖြစ်မြောက်နိုင်ရေးအတွက် ထိုင်းဘတ်ငွေတစ်သန်းကိုလည်း မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

ထိုင်းနိုင်ငံ Carabao တေးဂီတအဖွဲ့။

တိုက်ကွမ်ဒိုအားကစား အောင်နိုင်ဆုများမျှော်မှန်း ကိုရီးယားနိုင်ငံသို့သွားရောက်ပြီး ပူးတွဲလေ့ကျင့်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပွဲ (ဆီးဂိမ်း)ပြိုင်ပွဲတွင် တိုက်ကွမ်ဒို အားကစားနည်းပြအနေဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေး မျှော်မှန်းလေ့ကျင့်နေကြောင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောသည်။

"ကျွန်တော်တို့ တိုက်ကွမ်ဒိုအားကစားသမားများအနေနဲ့ လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ဖို့ မျှော်မှန်းပြီးလေ့ကျင့်နေပါတယ်။ လောလောဆယ်မှာတော့ ဆီးဂိမ်းပြိုင်ပွဲမှာ ပါဝင်ကစားမယ့် အမျိုးသား အမျိုးသမီး တိုက်ကွမ်ဒိုအားကစားသမား ၂၄ ဦး တောင်ကိုရီးယားနိုင်ငံမှာ သွားရောက်ပြီး ပူးတွဲလေ့ကျင့်မှု (Joint Training)တွေ ပြုလုပ်နေပါတယ်။ ကိုရီးယားနိုင်ငံက နာမည်ကြီး တိုက်ကွမ်ဒိုအားကစားသမားတွေနဲ့ ပူးတွဲလေ့ကျင့်လျက်ရှိပါတယ်။ စုစုပေါင်း မြန်မာတိုက်ကွမ်ဒိုကစားသမား အတိုက် ၁၈ ဦးနဲ့ ကကွက်ခြောက်ဦးလိုက်ပါသွားပြီး လေ့ကျင့်နေကြပါတယ်။ လာမယ့်ဆီးဂိမ်းမှာ အတိုက်သုံးမျိုးနဲ့ ကကွက်သုံးမျိုးလောက် ဆုရဖို့ မျှော်မှန်းထားပါတယ်" ဟု ဦးဇော်ဝင်းက ပြောသည်။

မြန်မာတိုက်ကွမ်ဒိုကစားသမားတစ်ဦး၏ ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။

လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားအနေဖြင့် အမျိုးသားအတိုက်ခြောက်တန်း၊ ကကွက်သုံးတန်းနှင့် အမျိုးသမီးအတိုက် ခြောက်တန်းနှင့် ကကွက်သုံးတန်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုနိုင်

အဆိုပါ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ ယင်းအားကစားရုံကြီးသည် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းကြီးနှင့် ကပ်လျက်ရှိသည်။ ပြိုင်ပွဲရုံအတွင်း လေအေးပေးစက်များတပ်ဆင်ထား၍ ပွဲကြည့်ပရိသတ်များ အဆင့်မြင့်မြင့် ကြည့်ရှုနိုင်မည့် ပြိုင်ပွဲအားကစားရုံကြီး ဖြစ်သည်။

မောင်ရွှေရိုး

မြန်မာလူငယ်ဂေါက်သီးအသင်း တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Longkou City, Nanshan International Golf Club ၌ ကျင်းပမည့် Asia- Pacific Amateur Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏာမမြန်မာ့လက်ရွေးစင်လူငယ် ရဲထက်အောင်နှင့် မောင်မောင်ဦးတို့ ပါဝင်သောအသင်းသည် အောက်တိုဘာ ၂၀ ရက်တွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံရရှိရေးကိုရည်ရွယ်လျက် ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲ

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို (၃၁)ကြိမ်မြောက်အဖြစ် ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်နှင့် လပြည့်နေ့(၁၆-၁၁-၂၀၁၃)ရက်နှင့် (၁၇-၁၁-၂၀၁၃)ရက်များတွင် ကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ကျပ် ၁၃၀၀၀၀၊ တတိယဆု ကျပ် ၁၁၀၀၀၀၊ နှစ်သိမ့်ဆုများအဖြစ် ကျပ် ၈၀၀၀၀ စီနှင့် ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူ အသက်(၁၈)နှစ်မှ (၅၀)အတွင်းရှိ ရက်ကန်းကျွမ်းကျင်သူအမျိုးသမီးများသည် ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၃နာရီ မတိုင်မီ ဂေါပကအဖွဲ့သို့ လျှောက်ထားစာရင်းသွင်း၍ ယှဉ်ပြိုင်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ခင်ဆွေ
တာဝန်ခံအလှည့်ကျဂေါပက
ဗိုလ်တထောင်စေတီတော်
ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄

ညောင်ဦးမြို့၊ ရှေးဟောင်းသမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ဦးမြို့၊ ရှေးဟောင်းသမိုင်းဝင်ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ အကြိမ်(၉၅၄)ကြိမ်မြောက် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုနှစ်တွင် အစဉ်အလာမပျက်ပျော်ပွဲ၊ ရွှင်ပွဲများဖြင့် ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက် ၁၀-၁၁-၂၀၁၃ရက်မှ တန်ဆောင်မုန်းလကွယ်နေ့ ၂-၁၂-၂၀၁၃ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ဈေးဆိုင်ခန်းဖွင့်၍ ရောင်းချလိုသူများအနေဖြင့် ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည်များကို ဖော်ပြလျက် ဆိုင်ကြီးတစ်ခန်း ၁၈၀၀၀ိ/-၊ ဆိုင်ခန်းသေးတစ်ခန်း ၁၃၅၀၀ိ/-နှုန်းဖြင့် ကျသင့်ငွေတစ်ပါတည်းအကျေပေးသွင်းရမည်ဖြစ်သည်။

ဈေးဆိုင်ဟောင်းများအနေဖြင့် ၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ၁၉-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ တင်သွင်းကြရမည်။ ၎င်းရက်ကျော်လွန်ပါက ဆိုင်သစ်အဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲထည့်လိုသူများအမြန်ဆက်သွယ်နိုင်ပါသည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီး
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ညောင်ဦးမြို့
ဖုန်း-၀၆၁-၆၀၈၂၅၊ ၀၉-၂၀၄၃၉၀၉

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သားသမီးများဖြစ်ကြသော မောင်ဇော်ဇော်ဦးနှင့် မခင်မိုမို တို့သည် မိဘ၏ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘ၏ဂုဏ်သိက္ခာ ကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်စိန်း ၁၄/ညတန(နိုင်)၀၄၇၁၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၉၇ဟုခေါ်တွင်သည့် မြေအကျယ်(အလျားပေ၄၀×အနံပေ၆၀)ရှိ နှစ် ၃၀ဂရန်မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော (ခြေရင်းဘက်) အလျား ၁၅ပေ×အနံပေ၆၀ မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ် ၉၇/ခ ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁)ဒေါ်အုန်းကြည် ၁၂/မရက(နိုင်)၀၅၀၂၉၂၊ (၂)ဒေါ်တင်စိန် ၁၂/မရက(နိုင်)၀၉၅၇၃၂၊ (၃)ဒေါ်မြင့် ၁၂/မရက(နိုင်)၀၉၅၇၂၄၊ (၄)ဦးတင်ဦး T/RGN-၀၀၇၄၁၇၊ (၅)ဦးကျော်မြင့် ၁၂/ဥကမ(နိုင်)၀၇၇၄၀၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

နိုင်ငံတကာအားကစားသတင်း

ကမ္ဘာ့ဖလားယူ -၁၇ အုပ်စုပွဲစဉ် ဂျပန်က ဗင်နီဇွဲလားကို အနိုင်ယူ

ကမ္ဘာ့ဖလားယူ-၁၇ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ အာရပ်စော်ဘွားများပြည်ထောင်စုမြို့ကြီးခြောက်မြို့မှာ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းတို့က အုပ်စုပွဲ ခြောက်ခုခွဲပြီး အုပ်စုပွဲတွေယှဉ်ပြိုင်ကစားနေကြပြီဖြစ်ပါတယ်။ အောက်တိုဘာ ၂၁ ရက်က ကစားခဲ့တဲ့အုပ်စု(D) မှာတော့ ဂျပန်အသင်းက ဗင်နီဇွဲလားကို ထိုက်ထိုက်တန်တန် နိုင်ပွဲရရှိခဲ့ပါတယ်။

ဂျပန်နှင့် ဗင်နီဇွဲလား

အုပ်စု(D)မှာတော့ ဂျပန်အသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ အခုပွဲမှာ ဂျပန်ဟာ ကစားကွက် အသာစီးနဲ့ ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၇ မိနစ်မှာပဲ ဆူဂီမိုတိုက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ၁၇ မိနစ်မှာ ဗင်နီဇွဲလားရဲ့ ကာရာဘာလိုက ချေပဂိုးပြန်သွင်းခဲ့လို့ တစ်ဂိုးစီသရေပွဲဖြစ်နေခဲ့ပြီး ၄၄ မိနစ်မှာ ဝါတာနာဘီက တစ်ဂိုးပြန်သွင်းယူခဲ့လို့ ဂျပန်တို့ နှစ်ဂိုးရရှိခဲ့ပါတယ်။ ပွဲချိန် ၇၈ မိနစ်မှာ ပယ်နယ်တီရရှိပြီး ဝါတာနာဘီကပဲ ကန်သွင်းယူခဲ့လို့ ဂိုးရရှိခဲ့တာမို့ ပွဲအပြီးမှာ ဂျပန်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

တူနီးရှားနှင့် ရုရှား

အုပ်စု(D)မှာ ခြေစွမ်းပြနေတဲ့ တူနီးရှားတို့ ရုရှားကို အကြိတ်အနယ်ကစားပြီးနိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ ရှာဂျာမြို့ ရှာဂျာအားကစားကွင်းမှာ ကစားတဲ့ဒီပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး တူနီးရှားရဲ့မာကျောတဲ့ခြေစွမ်းကြောင့် ပွဲချိန် ၆၁ မိနစ်မှာ ဂါဘီစီက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ရုရှားတို့ ပွဲချိန်ပြည့်တဲ့အထိ ချေပဂိုးမသွင်းနိုင်ခဲ့လို့ အုပ်စု(D)မှာ နှစ်ပွဲကစား၊ နှစ်ပွဲရှုံးနဲ့ အခြေအနေမလှဖြစ်လျက်ရှိပါတယ်။

ဥဇဘက်နှင့် မော်ရိုကို

အုပ်စု(C)ရဲ့ နှစ်သင်းစလုံး ခြေစွမ်းပြနိုင်ခဲ့ကြလို့ အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်ခဲ့ကြပေမယ့် ပြတ်သားတဲ့ရလဒ်ကို ပုံမဖော်နိုင်ခဲ့ပါဘူး၊ ဥဇဘက်ဟာ အိမ်ကွင်းအနိုင်ရရေးအားထုတ်ခဲ့ပေမယ့် ခံစစ်ပိုင်းတောင့်တင်းတဲ့ မော်ရိုကိုအပေါ် ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ မော်ရိုကိုတိုက်စစ်မှူးတွေ ဖြစ်တဲ့ အချာဘာနဲ့ ဂျာဒီတို့လည်း ဒီပွဲမှာ ဂိုးမသွင်းနိုင်ခဲ့ကြတာမို့ ပွဲအပြီးမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့ကာ တစ်မှတ်စီခွဲယူခဲ့တာဖြစ်ပါတယ်။

ခရိုအေးရှားနှင့် ပနားမား

အုပ်စု(C)မှာ တစ်ပွဲရှုံးထားတဲ့ ခရိုအေးရှားဟာ ဒီပွဲမှာ နိုင်ပွဲယူနိုင်ခဲ့ပါတယ်။ ခရိုအေးရှားဟာ ခြေစွမ်းပိုင်းအားနည်းတဲ့ပနားမားကို အကြိတ်အနယ်ကစားခဲ့ရပြီး ပွဲချိန် ၂၆ မိနစ်မှာ ရိုဂူလ်ဂျစ်ရဲ့ သွင်းဂိုးနဲ့ တစ်ဂိုး-ဂိုးမရှိအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

အင်္ဂလန်နှင့်ဒိန်းမတ် ချစ်ကြည်ရေးကစားမည်

အင်္ဂလန်နှင့်ဒိန်းမတ်တို့သည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအကြိုအဖြစ် လာမည့် မတ် ၅ ရက်တွင် ဝင်ဘလေကွင်းကြီး၌ ချစ်ကြည်ရေးပွဲကစားမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် လာမည့်နှစ် ဘရာဇီးနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြိုအဖြစ် ချီလီနှင့် ဂျာမနီအသင်းတို့ကိုလည်း ဝင်ဘလေကွင်း၌ လက်ခံကစားမည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် ၂၀၁၁ ခုနှစ်က ဒိန်းမတ်အသင်းနှင့် ချစ်ကြည်ရေးကစားရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ ထိုစဉ် အင်္ဂလန်အတွက် ဂိုးများကို အက်ရှ်လေယန်းနှင့် ဒါရင့်ဘင့်တို့က ဂိုးများသွင်းယူပေးခဲ့သည်။

အလုပဆုံး မြေမကျဘော ကာဆာမီသွင်းယူ

ပရီမီယာလိဂ်ပွဲစဉ်(၈) လက်ကျန်ပွဲအဖြစ် ခရစ္စတယ်ပဲလေ့စ်နှင့် ဖူလ်ဟမ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖူလ်ဟမ်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ဖူလ်ဟမ်အသင်းမှ ကာဆာမီက ယခုနှစ် ပရီမီယာလိဂ်တွင် အလှပဆုံး ဂိုးသွင်းယူခဲ့သည်။ အဆိုပါ ဂိုးမှာ ယူရို-၈၈တွင် နယ်သာလန်အသင်းမှ မာကိုဗင်ဘတ်စ်တင်း မြေမကျဘဲကန်သွင်းယူခဲ့သည့် ဂိုးထက်ပိုလှသည်ဟု ဆိုသည်။ "ဒီဂိုးက အတော်လေးလှပတဲ့ဂိုးပါ၊ မာကိုသွင်းယူတဲ့ ဂိုးထက်အများကြီးသာပါတယ်"ဟု ဖူလ်ဟမ်နည်းပြ မာတင်ဂျိုးက ပြောသည်။

သို့သော် ပဲလေ့စ်အတွက် ဦးဆောင်ဂိုးကို မာရီယာပါက ခေါင်းတိုက်ဂိုးဖြင့်သွင်းယူခဲ့သည်။ ဖူလ်ဟမ်အတွက် အနိုင်ဂိုးများကို ဆစ်ဝဲလ်၊ ဘာဘာတော့ဗ်နှင့် ဆန်ဒရို့စ်ကလည်း တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ဖူလ်ဟမ်တို့ ယင်းပွဲအနိုင်ရလိုက်၍ အမှတ်ပေးဇယားနံပါတ် ၁၄ သို့ တက်လာသည်။

ကောင်းမြတ်သူ-စုစည်းသည်

ကမ္ဘာ့ဖလား ယူရိုဇုန် ရှုံးထွက်ကစားမည်

ကမ္ဘာ့ဖလား ချန်ပီယံဟောင်း ပြင်သစ်အသင်းသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားရှုံးထွက်အဆင့် ဥရောပဇုန်တွင် ယူကရိန်းနှင့် ကစားရမည်ဖြစ်သည်။ ပေါ်တူဂီက ဆွီဒင်နှင့် ကစားရမည်ဖြစ်၍ လာမည့်ကမ္ဘာ့ဖလားတွင် စီရိုနယ်ဒို သို့မဟုတ် အီဘရာဟင်မိုဗစ် တစ်ဦးဦး လွဲချော်လိမ့်မည်ဖြစ်သည်။ ယူရိုဇုန်ရှုံးထွက် အခြားပြိုင်ပွဲအဖြစ် ဂရိနှင့် ရိုမေးနီးယား၊ အိုက်စလန်နှင့်ခရိုအေးရှားတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၉ ရက်များတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ဥရောပဇုန်ခြေစစ်ပွဲ ရှစ်နိုင်ငံသည် အုပ်စုအဆင့်တွင် ဒုတိယရခဲ့သည့်အသင်းများဖြစ်ကြသည်။ ၁၉၉၈ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သည့် ပြင်သစ်အသင်းသည် လက်ရှိချန်ပီယံ စပိန်နှင့်(I)အုပ်စုတွင် ကျရောက်ပြီး ဒုတိယရခဲ့သော အသင်းဖြစ်သည်။ အုပ်စု(H)တွင် အင်္ဂလန်က ပိုလန်ကို အနိုင်ကစားပြီး ခြေစစ်ပွဲအောင်ခဲ့သည်။

ချန်ပီယံလိဂ်ပွဲစဉ်နှင့် ဘောလုံးပွဲရလဒ်များ

သီဟ

အုပ်စုပွဲစဉ်-၃ — အောက်တိုဘာ ၂၃/၂၄

CSKAမော်စကို	-	မန်စီးတီး	ည ၁၀:၃၀
အန်ဒါလက်ချ်	-	**ပီအက်စ်ဂျီ**	နံနက် ၁:၁၅
ဘိုင်ယန်မြူးနစ်	-	ပါလ်ဇန်	နံနက် ၁:၁၅
ဘင်ဖီကာ	-	**အိုလံပီယာကော့စ်**	နံနက် ၁:၁၅
ဂါလာတာစာရေး	-	ကိုပင်ဟေဂင်	နံနက် ၁:၁၅
လေဗာကူဆင်	-	ရှက်တာဒိုးနက်	နံနက် ၁:၁၅
မန်ယူ	-	ဆိုစီဒက်	နံနက် ၁:၁၅
ရီးရဲမက်ဒရစ်	-	ဂျူဗင်တပ်စ်	နံနက် ၁:၁၅

ဘင်ဖီကာ Vs အိုလံပီယာကော့စ်

ပွဲစဉ်-၂အပြီးမှာ ဒီနှစ်သင်းဟာ အမှတ်တူ သုံးမှတ်စီရရှိပြီး ဂိုးကွာခြားချက်နဲ့ အိုလံပီယာကော့စ်က ဒုတိယနေရာမှာ ရှိနေပါတယ်။ ပြည်တွင်းလိဂ်တွေမှာ ဘင်ဖီကာက အဆင့်-၃မှာ ရပ်တည်နေပြီး အိုလံပီယာကော့စ်ကတော့ ဂရိစူပါလိဂ်မှာ ဇယားထိပ်ဆုံးမှာ ရှိနေပါတယ်။ အဝေးကွင်းဖြစ်သော်လည်း ပြည်တွင်းလိဂ်မှာ ခြေမှန်ပြီး ဂိုးမြူးနေတဲ့ အိုလံပီယာကော့စ်ကို ကြိုက်မိပါတယ်။

လေဗာကူဆင် Vs ရှက်တာဒိုးနက်

လေဗာကူဆင် ပွဲစဉ်-၂အပြီး ရမှတ်သုံးမှတ်နဲ့ အဆင့်-၃မှာ ရှိနေပြီး ရှက်တာကတော့ ရမှတ်လေးမှတ်နဲ့ အဆင့်-၂မှာရှိနေပါတယ်။ တစ်မှတ်သာကွာခြားမှုရှိပြီး ဂျာမန်အသင်းတွေက အိမ်ကွင်းမာကျောမှုရှိတာကြောင့် အိမ်ရှင်လေဗာကူဆင်တို့ အမှတ်ပြည့်ရအောင် ကြိုးစားမှာပါ။

ဂါလာတာစာရေး Vs ကိုပင်ဟေဂင်

အုပ်စု-Bမှာ ဂါလာတာစာရေးက ရမှတ်တစ်မှတ်နဲ့ အောက်ဆုံးအဆင့်ရှိနေပြီး ကိုပင်ဟေဂင်လည်း ရမှတ်တစ်မှတ်နဲ့ ဂိုးကွာခြားမှုကြောင့် တတိယနေရာမှာ ရှိနေပါတယ်။ စပေါ်တိုတို စူပါလိဂ်မှာ ဂါလာတာစာရေးဟာ အဆင့်၁၁မှာ ရုန်းကန်နေရပါတယ်။ ကိုပင်ဟေဂင်ကတော့ ပြည်တွင်းလိဂ်စူပါလီဂန်မှာ အဆင့် ၇မှာရှိနေတယ်။ ပြည်တွင်းလိဂ်မှာ ရုန်းကန်နေရပေမယ့် ချန်ပီယံလိဂ်ကို အာရုံစိုက်ပြီး အိမ်ရှင်အခွင့်အရေးအားသာချက်နဲ့ အမှတ်ပြည့်ရအောင်ယူမှာပါ။ ဒီပွဲမှာ သုံးမှတ်ပြည့်ရခဲ့ရင် အဆင့်၂ကို မျှော်လင့်လို့ရပါတယ်။ ဂျူဗင်တပ်နဲ့ တစ်မှတ်သာကွာပြီး ဂျူဗင်က အဝေးကွင်းမှာ ရီးရဲလ်ကို ကစားရမှာဖြစ်တာကြောင့် အနိုင်ရဖို့ မလွယ်ပါဘူး။ အုပ်စုပွဲလေးတက်နိုင်ဖို့ အာရုံစိုက်နေတဲ့ ဂါလာတာစာရေးကို နှစ်သက်မိပါတယ်။

အောက်တိုဘာ ၂၂ ဘောလုံးပွဲရလဒ်များ

ပဲလေ့စ်	၁-၄	ဖူလ်ဟမ်
ဆယ်လ်တာဗီဂို	၀-၁	လီဗန်တေး
ဘီလ်ဘာအို	၂-၀	ဗီလာရီးရဲလ်

တရားနာပရိသတ်တွေ မျှော်လင့်နေတဲ့ .... သီတဂူ

ရေအလျှူတော်ဗိုလ်စိန်မှန်ဇမ္ဗူသဘင်

အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်း)
၂၄-၁၀-၂၀၁၃ (ကြာသပတေးနေ့)

ညစဉ် (၇:၃၀) နာရီ၊ ဗိုလ်စိန်မှန်အားကစားကွင်း

သီတဂူဆရာတော်အရှင်ဉာဏိဿရ
၂၅-၁၀-၂၀၁၃ (သောကြာနေ့)

လမင်း ... အလင်းရောင်၊ ဉာဏ်တန်ဆောင်ဖြင့်၊ မိုက်မှောင်ပယ်ခွင်း၊ နိဗ္ဗာန်ချဉ်းရန်၊ ဆောင်ပို့ရည်သန်၊ ဗိုလ်စိန်မှန်

ဗုဒ္ဓ ဓမ္မ သံဃ
BR ရဲရင့်နှင်းဆီ ဆောက်လုပ်ရေး Co.,Ltd
"လုံးချင်းတိုက်" Specialists
ခေတ်မီဒိုင်ခံ့လှပသော "လုံးချင်းတိုက်" များကို
RC (သို့) Steel Structure ဖြင့် ဆောက်လုပ်လိုသူများအတွက်
➤ ပုံဆွဲခြင်း (Archi & Structure)
➤ ကုန်ကျစရိတ်အသေးစိတ် တွက်ခြင်း
➤ ဆောက်လုပ်စဉ် ကြီးကြပ်ပေးခြင်း
➤ PAE နှုန်းဖြင့် ဆောက်လုပ်ပေးခြင်း
တို့ကို စေတနာပါစွာဖြင့် ဆောင်ရွက်ပေးပါသည်။
Structure Design Engineers & Architects
"Brave Rose" Design & Construction Co., Ltd
Office 657-A, မြကန်သာ (၁)လမ်း အင်းယားတာန်ဆောင်အနီး၊ ကမာရွတ်မြို့နယ်။
Phone 09-73065460, 09-421164675, 09-421020813, 01-527773
(နယ်မြို့များအထိ လိုက်လံလုပ်ဆောင်ပေးပါသည်။)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
TAXI 1H KIA Morning (2009)

ရွှေကြောင်ခြည်-ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)

ဝန်ထမ်းအလိုရှိသည်။
လုပ်ငန်း အတွေ့အကြုံရှိသော -
1. Architect
2. Civil အင်ဂျင်နီယာ
3. Wiring အင်ဂျင်နီယာ
4. Interior Decoration အင်ဂျင်နီယာ
5. Driver
(အခြေခံလစာ (၃ ~ ၅)သိန်း + တိုက်တလုံးချင်းအလိုက် %ခံစားခွင့်)
ဆက်သွယ်ရန်
01-527773
09-73065460
09-421164675

သတင်းဆောင်းပါးနှင့်ကြော်ငြာ

မိုးရွာတုန်းရေခံသောမြို့များ

ရှေးမြန်မာပညာရှိများက အချိန်နှင့်ပတ်သက်၍ 'လသာတုန်းဗိုင်းငင်'၊ 'မိုးရွာတုန်းရေခံ'၊ 'ဒီရေသည် အချိန်ကိုမစောင့်'၊ 'အချိန်ရှိခိုက်လှံ့လစိုက်'ဟူသော စကားပုံများသတ်မှတ်ခဲ့သည်။ ထိုစကားပုံများအတိုင်း အချိန်ကိုအသုံးပြုပါက ကောင်းကျိုးများဖြစ်ပေါ်လာပြီး တိုးတက်အောင်မြင်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည်။ ထို့ကြောင့် နွေရာသီရောက်တိုင်း ရေပြဿနာများနှင့် ကြုံတွေ့ခဲ့ကြရသည်။ နွေရာသီရောက်တိုင်း ကျေးလက်ဒေသများရှိ ကန်များရေခန်းခြောက်ပြီး သောက်သုံးရေနှင့် တိရစ္ဆာန်အတွက် ရေများအခက်အခဲကြုံတွေ့ကြရသည်။ ရေတစ်ထမ်း၊ ရေတစ်လှည်း၊ ရေတစ်အိုးရဖို့အတွက် သုံးလေမိုင်ဝေးသော ရေရှိရာသို့ တစ်နေကုန်တစ်နေခန်း အလုပ်ပျက်အကိုက်ပျက် ရေအတွက်သွားရောက်ခပ်ကြရသည်။ ထို့ကြောင့် အညာဒေသမှ ကျေးလက်ပြည်သူများမှာ ရွှေကိုမလို ရေကိုသာလိုချင်ကြသည်။

အညာဒေသတွင် နွေရာသီရေအခက်အခဲများနှင့် ကြုံတွေ့ရပြီး သောက်သုံးရေရှားပါးပြတ်လပ်မှုကိုနိုင်ငံတော်အကြီးအကဲများကသိရှိသဖြင့် နွေရာသီတွင် ရေခက်ခဲမှုပြဿနာကို အမြန်ဆုံးဖြေရှင်းရန်အတွက် မိုးရာသီအမီ ဒေသတွင်းရှိ ကန်၊ ချောင်းများအမြန်ဆုံး တူးဖော်ပေးရန် အထူးစီမံကိန်းတစ်ရပ် ချမှတ်ပေးခဲ့သည်။ ထိုစီမံကိန်း ဒေသအတွင်းပါဝင်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးဝန်ကြီးချုပ်များသည် တိုင်းအတွင်းရှိ ဆည်မြောင်းဦးစီးဌာနများသို့ ၂၀၁၃ ခုနှစ် မိုးရာသီအမီ ဒေသတွင်းရှိကန်ငယ်၊ဆည်ငယ်များအမြန်ဆုံးတူးဖော်ပေးရန် တာဝန်ပေးခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ပါဝင်သည့် ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်နှင့်မြင်းခြံခရိုင်တို့တွင်ပါဝင်သည့်ကန်ငယ်၊ဆည်ငယ် ၂၀၆ ခုကို မိုးရာသီအမီ အမြန်ဆုံးပြန်လည်တူးဖော်ရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဆောင်၍ ဆည်မြောင်းဌာနက စက်ယန္တရားကြီးများဖြင့် အမြန်ဆုံးတူးဖော်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းပါဝင်သည့် မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်း ပါဝင်သည့် ဆည်မြောင်းဦးစီးဌာနများသည် မိမိတို့မြို့နယ်အတွင်းပါဝင်သည့် ကန်ငယ်၊ ဆည်ငယ်များကို မိုးမကျမီအတွင်း စက်ယန္တရားကြီးများဖြင့် အမြန်ဆုံး တူးဖော်ပြုပြင်ခဲ့ကြသည်။ ဤကဲ့သို့ စက်ယန္တရားကြီးများဖြင့် ကန်အတွင်းရေပိုမိုသိုလှောင်နိုင်ရေးအတွက် သဲနုန်းတူးဖော်ခြင်း၊ တူးဖော်ရရှိသည့် မြေများကို ကန်ပေါင်အားဖြည့်ခြင်း၊ ကန်ပေါင်တောရှင်းခြင်း လုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ခဲ့သဖြင့် ကန်များမှာ ရေပိုမိုသိုလှောင်နိုင်ပြီး ကျေးလက်နေဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိနေကြပြီဖြစ်သည်။

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ကန်နားကန်ကြီးအပါအဝင် ကန်များကို စက်ယန္တရားများဖြင့် သဲနုန်းတူးဖော်ခြင်း၊ ရေထုတ်ပြွန် တိုးချဲ့ခြင်း၊ ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းများကို မိုးမကျမီ ဆောင်ရွက်ခဲ့ရာ အချိန်မီပြီးစီးပြီး ယခုမိုးရာသီတွင် ကန်နားကန်မှာ ရေများဖြင့်ပြည့်နေပြီး ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်သည်။

ထို့အတူ မြင်းခြံခရိုင် မြင်းခြံမြို့နယ် ဆည်မြောင်းဦးစီးဌာနကလည်း မိမိတို့မြို့နယ်အတွင်းရှိ ကန်များကို မိုးမကျမီ ပြုပြင်နိုင်ခဲ့သဖြင့် အိမ်ထောင်စု ၁၇၂၉ အိမ်ထောင်စုမှ လူဦးရေ ၇၇၀၀ ကျော်သည် ယခုနှစ်အတွက် သောက်သုံးရေလုံလောက်စွာရရှိနေပြီ ဖြစ်သည်။

ထိုနည်းတူ မြင်းခြံခရိုင် တောင်သာမြို့နယ်တွင်လည်း ဆည်မြောင်းဦးစီးဌာနမှ မိမိတို့မြို့နယ်အတွင်း ဆည်မြောင်း၊ ကန်ချောင်းများကို မိုးမကျမီ အချိန်မီတူးဖော်ပြုပြင်နိုင်ခဲ့သဖြင့် အိမ်ထောင်စု ၃၈၅၇ စုမှ လူဦးရေ ၂၂၂၅၀ တို့မှာ ယခုနှစ် မိုးရာသီတွင် သောက်သုံးရေ အလျှံပယ်ရရှိနေကြပြီ ဖြစ်သည်။

ညောင်ဦးခရိုင် ဆည်မြောင်းဦးစီးဌာနကလည်း မိမိတို့မြို့နယ်အတွင်းရှိ ဆည်ကန် ၁၅ ကန်ကို မိုးမကျမီ စက်ယန္တရားကြီးများဖြင့် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်ပြုပြင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးလက်နေဒေသခံအိမ်ခြေ ၃၀၄၃ စုမှ လူဦးရေ ၁၄၈၈၅ တို့မှာ သောက်သုံးရေ ဖူလုံစွာရရှိနေကြပြီ ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်မှာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွင်ပါဝင်ပြီး ကျေးရွာ ကန်များမှာ ရေဝင်ရောက်မှုနည်းကာ သောက်သုံးရေရှားပါးမှုများ တွေ့ကြုံနေရသဖြင့် ကန်ငယ်၊ ဆည်ငယ်များ ရေပိုမိုသိုလှောင်နိုင်ရေးနှင့် လာမည့်နှစ်များတွင် ကျေးရွာနေ တောင်သူလယ်သမားများ သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနက မိမိတို့မြို့နယ်အတွင်းရှိ ဆည်ကန်ငယ် ၁၅ ခုကို မိုးမကျမီ အချိန်မီတူးဖော်ဆည်ဖို့နိုင်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနက မိမိတို့မြို့နယ်အတွင်းရှိ ဆည်ကန်ငယ်များကို အချိန်မီ ဆည်ဖို့ပြုပြင်နိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၆၉ ရွာရှိ အိမ်ခြေ ၁၁၃၄၃ အိမ်မှ လူဦးရေ ၅၁၆၈၀ တို့မှာ သောက်သုံးရေလုံလောက်စွာရရှိနေပြီး ဆည်ကန်ငယ်များမှာ ရေတဖွေးဖွေးဖြင့် တင့်တယ်လှပနေသည်။

ရှေးမြန်မာပညာရှိများ၏ 'မိုးရွာတုန်းရေခံ'ဆိုသည့် စကားနှင့်အညီ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်များမှ ဆည်မြောင်းဦးစီးဌာနများသည် ယခုနှစ်မိုးမကျမီ မိမိမြို့နယ်အတွင်းရှိ ဆည်ကန်ငယ်များကို စက်ယန္တရားကြီးများဖြင့် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်အားဖြည့်ခြင်း၊ ကန်ပေါင်တောရှင်းခြင်း လုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ခဲ့သဖြင့် ကန်ရေများ ပိုမိုလှောင်နိုင်ခြင်း၊ ယခုနှစ် ကန်တိုင်းတွင် ရေအပြည့်ရှိနေခြင်းတို့ကြောင့် ဒေသခံများ သောက်သုံးရေဖူလုံစွာ ရရှိနေကြသဖြင့် ဆည်မြောင်းဌာနကို ကျေးဇူးတင်ဝမ်းသာမဆုံး ရှိနေကြသည်။

တင်လှိုင်(မိတ္ထီလာ)

သံတောင်ကြီး၌ ဆွဲခန့်ဆရာများ စွမ်းရည်မြှင့်သင်တန်းဖွင့်

သံတောင်ကြီး အောက်တိုဘာ ၂၂

၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့်သင်ဆရာ ဆရာမများ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက သံတောင်ကြီး မြို့နယ် သံတောင်မြို့ အထကျောင်း ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး ဦးစီး အရာရှိဒေါ်နန်းဌေးဌေးညွှန့်က အမှာစကားပြောကြားပြီး သံတောင်ကြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာရီက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ သင်တန်း၌ အထွေထွေဘာသာရပ်၊ ကျောင်း၏တစ်နှစ်တာလုပ်ငန်းများ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အထွေထွေသိပ္ပံ၊ လူမှုရေး၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ လောကနီတိ၊ရသနှင့်ကာယ၊ ဝန်ထမ်းကျင့်ဝတ်ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး ဆွဲခန့် ဆရာ ဆရာမ ၂၁၅ ဦးနှင့် အထွေထွေလုပ်သား ၂၈ ဦး စုစုပေါင်း ၂၄၃ ဦးတက် ရောက်ပြီး သင်တန်းကာလသုံးရက်ဖြစ်ကြောင်းသိရသည်။ **ကိုတီ(သံတောင်)**

နေပြည်တော် ခေတ်အေးကျေးရွာ၌ ပဝါရဏာနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရန်အောင်မြင်ကျောင်းတိုက်ဆရာတော် ဦးကုသလ ဦးစီးနာယကပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှစ်ကြိမ်မြောက် ပဝါရဏာနှင့်အကြိမ်(၂၀)မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းပေါင်း ၁၅ ကျောင်းမှ ပင့်သံဃာအပါး ၁၀၀ ကျော်တို့အား နဝကမ္မဝတ္ထုငွေများ၊ သင်္ကန်း၊ ထီး၊ ပဒေသာပင်နှင့် ဆွမ်းဆန်များကို ခေတ်အေး၊ ချောင်းဖျား၊ နန်းအောကျေးရွာတို့မှ မိသားစုဝင်များနှင့် နယ်မြေခံတပ်နယ်မှ မိသားစုဝင်များစုပေါင်း၍ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

တင်မောင်လွင်(မြန်မာ့အလင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါအတိုင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	နေရာ	အဆောက်အအုံအမျိုးအစား
(က)	အမှတ် (၈၄)စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့	၄၀'×၃၀'×၁၀'(၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)ထပ်အုတ်ညှပ်တစ်လုံး
(ခ)	အမှတ် (၄၇)စက်မှုလယ်ယာစခန်း လယ်ဝေးမြို့	၄၀'×၃၀'×၁၀'(၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)ထပ်အုတ်ညှပ်တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ ဗီသုကာလုပ်ပုံစံများကို ၂၃-၁၀-၂၀၁၃ရက်မှစ၍ နေပြည်တော်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ နေပြည်တော်စက်မှုလယ်ယာရုံး ရန်အောင် (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့သို့ လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁၁-၂၀၁၃ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန် နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက နေပြည်တော်စက်မှုလယ်ယာရုံး ဖုန်း-၀၆၇-၂၄၃၇၀၊ ၂၄၃၉၀၊ ဦးကျော်စိုး ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၁၉၄၂၆၃နှင့် ခရိုင်ဦးစီးမှူး-ဦးသန်းထွန်းအောင် ဖုန်း-၀၉-၈၆၀၁၉၆၈သို့ ရုံးအချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နေပြည်တော်အဆင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝါဆို၊ မြေကွက်အမှတ် ၃၂၇၊ မြေကွက်တည်နေရာအမှတ်-၆၄၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးအေးမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါ်အေးငြိမ်းမှ ဒေါပုံမြို့နယ်တရားရုံး ၂၀၁၂ခုနှစ် တရားမကြီးမှု ၃၀/၂၀၁၂ ဖြင့် ဦးအေးမြင့်၏ဇနီး ဒေါ်ခင်စောနှင့် ဦးခင်မောင်အေးတို့အား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုခဲ့ပြီး ၁၅-၃-၂၀၁၃ရက်စွဲပါ စီရင်ချက်/အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ ၂၀၁၃ခုနှစ် ဇာရီမှုအမှတ် ၆/၂၀၁၃ အမိန့်အရ တရားရုံးများကိုယ်စား ဘိလစ်ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁က တရားရုံးဒီကရီများနှင့် ဂရန်မူရင်းတင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးလှဝင်း၏သမီး အမက(လွန်)သမစိတ္တ၊ ညောင်လေးပင်မြို့ တတိယတန်းတွင် ပညာသင်ကြားနေသော မရတနာအား မရွှေပိုးရတနာဟု ပြောင်းလဲခေါ်ဆိုပါရန်။

မရွှေပိုးရတနာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
Tel; (067)067-414184, 067-414223

ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် (၃၃)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် ရောင်းချပါမည်။

၂။ နိုင်ငံသား မည်သူမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲ အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ရက် (ဗုဒ္ဓဟူးနေ့)

၀၉:၀၀-၁၆:၀၀ နာရီ	ပုလဲတွဲများ ပြသကြည့်ရှုခြင်း

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်(ကြာသပတေးနေ့)

၀၉:၀၀-၁၆:၀၀ နာရီ	ပုလဲတွဲများ ပြသကြည့်ရှုခြင်း
၁၆:၀၀ နာရီ	တင်ဒါအမှတ် (၁)ပိတ်သိမ်းခြင်း
၁၇:၀၀ နာရီ	တင်ဒါအမှတ် (၁)ကြေညာခြင်း

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက် (သောကြာနေ့)

၀၉:၀၀-၁၆:၀၀ နာရီ	ပုလဲတွဲများပြသကြည့်ရှုခြင်း
၁၂:၀၀ နာရီ	တင်ဒါအမှတ် (၂) ပိတ်သိမ်းခြင်း
၁၃:၀၀ နာရီ	တင်ဒါအမှတ် (၂) ကြေညာခြင်း
၁၆:၀၀ နာရီ	တင်ဒါအမှတ် (၃) ပိတ်သိမ်းခြင်း
၁၇:၀၀ နာရီ	တင်ဒါအမှတ် (၃)ကြေညာခြင်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

ချောက် (G.T.I) ၁၉၉၇-၂၀၀၀ ပြည့်နှစ် ချောက်သခင်ဖိုးလှကြီးစက်မှုလက်မှုသိပ္ပံမှ သူငယ်ချင်းတို့

ဆရာဖြစ်(T.T.T.I)၊ နေ့ (Day)၊ ည (Evening) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို စတုတ္ထအကြိမ်အဖြစ် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၃ရက် (တနင်္ဂနွေနေ့) တွင် ချောက်မြို့၌ ကျင်းပမှာဖြစ်ပါတယ်။ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂ရက် (စနေနေ့) ညတွင် Dinner ပြုလုပ်မည်ဖြစ်ပါ၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါတယ်။ မြတ်ဆရာများကို ပူဇော်ကန်တော့ရင်း ဒို့တစ်တွေ ပျော်ပျော်ပါးပါး တွေ့ဆုံကြရအောင်-

ဆက်သွယ်လှူဒါန်းရန်-

၁။ သူမင်းထိုက်(ရန်ကုန်မြို့) ဖုန်း-၀၉-၅၀၆၀၈၂၆၊ ၂။ စောထွန်း(ရန်ကုန်မြို့) ဖုန်း-၀၉-၅၀၅၇၃၉၆၊ ၃။ ပန်းဇာဖြူ၊ မြင့်မြင့်စန်း(ရန်ကုန်မြို့) ဖုန်း-၀၉-၄၀၁၅၁၅၅၀၁၊ ၀၉-၅၁၇၄၁၂၆၊ ၄။ ထွန်းဝင်းနိုင်(နေပြည်တော်) ဖုန်း-၀၉-၄၄၈၅၃၆၆၅၄၊ ၀၉-၄၉၂၉၇၇၇၂၊ ၅။ တင်မာနွဲ့(နေပြည်တော်) ဖုန်း-၀၉-၄၉၂၀၉၈၉၆၊ ၆။ နေလင်း(မန္တလေးမြို့) ဖုန်း-၀၉-၂၁၃၁၈၆၁၊ ၇။ အောင်မြတ်မိုး(မန္တလေးမြို့) ဖုန်း-၀၉-၂၀၂၃၂၈၈၊ ၈။ စန်းယု (M.I.T) (မန္တလေးမြို့) ဖုန်း-၀၉-၉၁၀၁၆၉၅၆၊ ၉။ ဝင်းဇော်ဇော်ဌေး(တောင်ကြီးမြို့) ဖုန်း-၀၉-၄၀၀၃၀၁၁၇၆၊ ၁၀။ ဘုန်းကျော်(မုံရွာမြို့) ဖုန်း-၀၉-၄၀၀၄၇၅၈၉၈၊ ၁၁။ လင်းလင်း(မကွေးမြို့) ဖုန်း-၀၉-၄၀၁၅၅၉၁၃၅၊ ၁၂။ ထင်ကျော်ဖြိုး(ချောက်မြို့) ဖုန်း-၀၉-၅၃၄၁၀၀၇၊ ၁၃။ အဲဂိုးလတ်(ချောက်မြို့) ဖုန်း-၀၆၁-၂၁၄၁၅၊ ၀၉-၄၉၃၀၂၅၁၁၊ ၁၄။ ဝင်းဝင်းထွေး(ပခုက္ကူမြို့) ဖုန်း-၀၉-၂၃၀၂၃၂၄၊ ၁၅။ မူမူသန့်(ကျောက်ပန်းတောင်းမြို့) ဖုန်း-၀၉-၄၀၁၅၄၁၂၄၀၊ ၁၆။ အေးလင်းညွန့်(သရက်မြို့) ဖုန်း-၀၉-၄၀၁၅၇၂၈၃၈၊

Bank Account No.ထင်ကျော်ဖြိုး+၁ SM 3942 ထွန်းဖောင်ဒေးရှင်းဘဏ် ချောက်မြို့တွင်လည်း ထည့်ဝင်လှူဒါန်းနိုင်ပါတယ်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၃၉၇၉၊ J/L, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မျိုး ၅/မရန(နိုင်)၀၉၅၀၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အခြေခံပညာနှင့် အမျိုးသား အမျိုးသမီး ခွင့်တူညီမှုရေးဆွေးနွေး

ကန်ပက်လက် အောက်တိုဘာ ၂၂

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းအကောင်အထည်ဖော်သော အခြေခံပညာနှင့် အမျိုးသား အမျိုးသမီး ခွင့်တူညီမှုရေး အစီအစဉ်၊ ကလေးပျော်ကျောင်းများမှ မူလတန်းသင် ဆရာ ဆရာမများ သင်ကြားမှုစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲကို ကန်ပက်လက်မြို့ အထက ဇလပ်ဝါခန်းမ၌ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကား ပြောကြားပြီး ဆက်လက်၍ မြို့နယ်ပညာရေးမှူးနှင့် အမှတ် (၂)အခြေခံပညာဦးစီးဌာနရုံးချုပ်မှ ဒုတိယဦးစီးမှူး ဒေါ်ပန်းမို့မို့မင်းတို့က အမျိုးသား အမျိုးသမီး ခွင့်တူညီမှုရေး သင်တန်းအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

နီပေါ-မြန်မာ ဆရာဝန်ကြီးများ အခမဲ့မျက်စိခွဲစိတ်ပေးမည်

ပဲခူး အောက်တိုဘာ ၂၂

နိုင်ငံပေါင်းစုံအလှူရှင်များနှင့် နီပေါနိုင်ငံမှ မျက်စိခွဲစိတ်ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံမှ မျက်စိခွဲစိတ်ဆရာဝန်ကြီးများ၊ အလှူရှင်များနှင့် ပူးပေါင်း၍ အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် မျက်စိအတွင်းတိမ်ဝေဒနာရှင် ၄၀၀ ခန့်အား နေထိုင်သွားလာစားသောက်စရိတ်အပါအဝင် အလုံးစုံ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်မှုအတွက် ခွဲစိတ်ရန် လိုအပ်သည့် မျက်စိဝေဒနာရှင်များအား မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဒေသကြီး (၄) ပဲခူးမြို့မှ ဒေသဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာစောသွင်မွန်သိန်း ဦးဆောင်သော အဖွဲ့သည် အောက်တိုဘာ ၁၉ ရက်က မင်းရွာကျေးရွာသို့ ကွင်းဆင်းစစ်ဆေးပေးရာ ဝေဒနာရှင် ၃၃ ဦး ခွဲစိတ်ရန် စုဆောင်းနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ရဲထွဋ် (မင်းရွာ)

မီးသတ်ရေသယ်ယာဉ်ထားရှိရန် နေရာအခက်အခဲဖြစ်နေ

မြိတ် အောက်တိုဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စုတွင် ရပ်ကွက် ၁၂ ရပ်ကွက်ရှိပြီး ဒေသခံအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖွဲ့စည်း၍ မြို့နယ်မီးသတ်ဦးစီးဌာနကို အကူအညီပေးနိုင်ရန်အတွက် ရေဂါလန် ၃၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ် တစ်စီးကို အများပြည်သူထည့်ဝင်ငွေကျပ် ၂၆၅ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုးဝယ်ယူထားရှိရာ အဆိုပါ မီးသတ်ရေသယ်ယာဉ် ထားရှိရန် မြေနေရာမရှိသေးသဖြင့် တောရကျောင်းရပ်ကွက် တောရဘုန်းတော်ကြီးကျောင်းတွင် ကြုံသလိုထားရှိရကြောင်း ဒေသခံအရန်မီးသတ်တပ်ဖွဲ့စုမှူး တပ်ကြပ်ကြီးနှင့် ရပ်မိရပ်ဖတို့ထံမှသိရသည်။ **(အပေါ်ပုံ)**

မိုးဟိန်း(မြိတ်)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

သထုံ အောက်တိုဘာ ၂၂

သထုံမြို့နယ်အုပ်ချုပ်ရေးမှူးဖလား မြို့နယ်အတွင်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို အောက်တိုဘာ ၁၉ ရက်က သထုံမြို့ မြို့မအားကစားပြိုင်ဝင်းအတွင်း၌ ကျင်းပရာ ဘင်လှိုင်ရပ်ကွက် ကိုယ်စားပြုအောင်တမာန်အသင်းနှင့်နန်းခဲရပ်ကွက် ကိုယ်စားပြု ပါဝါကင်းအသင်းတို့ယှဉ်ပြိုင် ကစားကြသည်။ ပထမဆုရရှိသည့် နန်းခဲရပ်ကွက်ကိုယ်စားပြု ပါဝါကင်းအသင်းကို ငွေသားဆုနှင့်တံခွန်စိုက်ဒိုင်းဆု၊ ဒုတိယဆုရရှိသော ဘင်လှိုင် ရပ်ကွက်ကိုယ်စားပြု အောင်တမာန်အသင်းအား ငွေသားဆုတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်ကပေးအပ်ချီးမြှင့်သည်။ အသန့်ရှင်းဆုံးအသင်းဆုရသည့် ဒုံသမိအသင်းနှင့်အကောင်းဆုံးအားကစားသမား ဆုရရှိသူများကို မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

လက်ပံတန်း အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ဆွဲခန့်ဆရာ ဆရာမများ လုပ်ငန်းခွင်စွမ်းရည်မြှင့် ရက်တိုသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က အထက (၁)နဝဒေးခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းဟောပြောပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဆရာ ဆရာမကြီး၁၄ဦးက သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၈ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

(၄၄၁)

စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံတွင် တွဲဆိုင်း ထိုးထားသော မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာမည့် အမှတ်(၃၃)အဆန်ရထားပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က ရထားရဲစခန်းမှ ဒုရဲအုပ် ညွန့်ဝေ၊ ရဲအရာခံ ရှုမောင်တင်၊ တပ်ကြပ်သူရကျော်စွာ၊ တပ်ကြပ် ခင်မောင်ထွန်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဌာနတပ်ဖွဲ့စု (၁၇)မှ တပ်ကြပ်ကြီး သန်းထွန်းနှင့်အဖွဲ့သည် အမှတ်(၁) စင်္ကြံတွင် တွဲဆိုင်းထိုးထားသော မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာမည့် အမှတ်(၃၃)အဆန် ရိုးရိုးတန်းတွဲ(၂) ခုံအမှတ်(၁)တွင် ထိုင်သော မသင်းသင်းလှိုင်ကို သက်သေများနှင့်အတူ ရထားရဲစခန်းသို့ ခေါ်ယူစစ်ဆေးရှာဖွေရာ ၄င်းသယ်ဆောင်လာသော လက်ဆွဲခြင်းအတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ အလေးချိန် ၁၉ ဂရမ်ပါ သုံးထုပ် စုစုပေါင်းဆေးပြား ၅၇၀ အလေးချိန် ၅၇ ဂရမ်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

၄င်းဖြစ်စဉ်နှင့်ပတ်သက်၍မသင်းသင်းလှိုင် (၄၃နှစ်) ကုဋ္ဌေမော်ရွာ လုံးခင်းကျေးရွာအုပ်စု ဖားကန့်မြို့နယ်နေသူအား မူးယစ်ဆေးဝါးများ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၉၅)**

ကျောက်တံခါး အောက်တိုဘာ ၂၂

ကျောက်တံခါးမြို့မရဲစခန်းတွင် ဒုရဲအုပ်သန်းဝင်းအောင် တာဝန်ယူဆောင်ရွက်နေစဉ် ရဲစခန်းမှ တောင်ဘက်၄ဖာလုံအကွာဈေးပိုင်းရပ်ကွက် သရဖီလမ်းရှိ စိန်ကမ္ဘာဆိုင်ကယ်အရောင်းဆိုင်တွင် အောက်တိုဘာ ၁၈ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မောင်ရာချိကူးမား (၂၇နှစ်) သည် ဆိုင်အတွင်းရှိ ဆိုင်ကယ်များ အရောင်းအဝယ်ပြုလုပ်နေစဉ်ကိုလွင်မိုးအောင်(၁၉နှစ်) မြို့မရပ်ပဲနွယ်ကုန်းမြို့နေသူသည် အရောင်းအဝယ်ကိစ္စများကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်ပြောဆိုနေမှုကြောင့် ထိုသို့ မပြုလုပ်ရန် ဆိုင်ရှင်က ပြောဆိုသည်ကိုမကျေနပ်၍ ကိုလွင်မိုးအောင်က ပြန်သွားခဲ့သည်။

ဆိုင်အတွင်း သံပိုက်တပ်ဓားဖြင့် ထိုးသူ

ရဲစခန်းမှ အမှုဖွင့်အရေးယူ

အရေးယူထား

ပြန်သွားပြီး တစ်နာရီခွဲခန့်အကြာတွင် ၄င်းနှင့်အတူ ဦးလေး တော်စပ်သူ ကိုမြင့်စိုး(၄ဝနှစ်) ဆိုက်ကားနင်း ကမ္ဘောဇရပ်ကွက် ပဲနွယ်ကုန်းနေသူနှင့်ရောက်လာပြီး စကားများသည့်ကိစ္စကို မေးမြန်းနေစဉ် လွင်မိုးအောင်က ဆိုင်အတွင်းဝင်ရောက်ခဲ့ပြီး၄င်းလက်ထဲတွင် အသင့်ပါလာသော ကျပ်လုံးခန့်ရှိ သံပိုက်လုံးတပ်ဓားအိမ်ဖြင့် ၄င်းအနီးတွင်ရှိသော အစ်ကိုဖြစ်သူ ကီရင်ဒါ(ခ) ပါပလူး(၄၃နှစ်)ကို ရိုက်မိပြီး သံပိုက်လုံးမှာ ကျွတ်သွားစဉ် ၄င်းက ဝင်ရောက် လုံးထွေးဖမ်းဆီးရာ လွင်မိုးအောင် လက်ထဲတွင် ကျွတ်၍ကျန်ခဲ့သော သံပိုက်လုံးအရိုးတပ်ဓားသွား ၁၂ လက်မ၊ ဗျက် တစ်လက်မခန့်ရှိသော ဓားဦးချွန်ဖြင့် ထိမိ၍ ဒဏ်ရာများရရှိခဲ့သဖြင့် အစ်ကိုဖြစ်သူ ဘီရင်ဒေါ်(ခ)ပါပလူးအား သံပိုက်လုံးဓားအိမ်ဖြင့် ထိုးသူ လွင်မိုးအောင်ကို အရေးယူပေးပါရန် ရာချိကူးမား ဟိန္ဒူရနစ္စက တိုင်ကြားသဖြင့် ကျောက်တံခါး ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဗိုလ်ခင်(ကျောက်တံတား)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ကုံကော်ရိပ်သာ(၂)၊ အမှတ် ၅ ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသန်းကျော်တိုး ၁၂/မဂဒ(နိုင်)၀၁၇၅၉၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဥပဒေအကျိုးဆောင်များ

ဒေါ်ကျော့မွန်မွန် (စဉ်-၃၃၈၁/၁၀)
ဦးအေးမင်း (စဉ်-၁၉၂၃၆/၉၁)

အောင်သမာဓိ အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၃၊ ပိတောက်ရိပ်သာ၊ မင်္ဂလာဒုံဥယျာဉ်အိမ်ရာ
ဖုန်း-၀၉-၃၃၁၈၈၂၉၁၊ ၀၉-၃၃၁၈၈၂၉၂၊ ၀၉-၃၃၁၈၈၂၉၃၊ ၀၉-၃၃၁၈၈၂၉၄၊ ၀၁-၆၃၆၅၅၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ မြေကွက်အမှတ်(၈၄၈/ခ)၊ ဒေါနလမ်း၊ ဦးညွှန့်မောင်၏ပါမစ်အမည်ပေါက်သည့် မြေအကျယ် ပေ(၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါရှိသောနေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်ချစ်သက်ဝေ ၁၀/ခဆန(နိုင်)၀၇၈၀၅၂က ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်မာသောအထောက်အထားစာချုပ်မူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးမြလှိုင်၏ ညွှန်ကြားချက်အရ-

ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး (စဉ်-၆၆၀၅) တရားလွှတ်တော်ရှေ့နေ
ဒေါ်အေးမွန်မွန် (စဉ်-၃၃၉၄၆) အထက်တန်းရှေ့နေ
အမှတ် (၃၀၄)၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၀၇၂၂၉

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂/စီ၁၊ မြေကွက်အမှတ် ၄/၃၂၃၊ မြေကွက်တည်နေရာအမှတ် ၄/၃၂၃၊ အနောက်မြို့ပတ်လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာရှိ ငယ်စာရင်းအမည်ပေါက် ဒေါ်ငွန်လိုင်ထိုင်းထံမှ ၁၆-၆-၂၀၁၃ရက်စွဲပါ မြေနှင့်အိမ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်အေးမြတ်စန္ဒာ ၁၂/ကမန(နိုင်)၁၀၃၈၀၉က အရောင်းအဝယ်ကတိစာချုပ်မိတ္တူ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၅၃၅) အမည်ပေါက် ဦးခင်မောင်သန်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးတင်အောင်လတ် ၁၂/တမန(နိုင်)၀၆၈၅၀၈ကမြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖွဲ့နုဆီစက်လမ်း၊ အမှတ် ၂ ဟုခေါ်တွင်သော မြေအကျယ် အလျားအရှေ့ ၆၃ပေ၊ အနောက် ၅၅ပေ×အနံ ပေ ၂၀၀ရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဦးမြမောင်ထံမှလည်းကောင်း၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၅၈၇ ဟု ခေါ်တွင်သော အလျားရှေ့မျက်နှာစာ ၅၅ပေ၊ နောက်ဖေးဘက် ၂၆ပေ × အနံ မင်းစေတီလမ်းဘက် ၇၅ပေ၊ ဦးအောင်ဝင်းအိမ်ဘက် ပေ၆၀ ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်နှစ်လုံး၊ ဆိုင်ခန်းသုံးခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဥ (ဘ) ဦးဘမျှင် ၁၂/အစန(နိုင်) ၀၈၇၃၀၄ ထံမှလည်းကောင်း၊ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းတင့်
တရားလွှတ်တော်ရှေ့နေ (၂၀၂၀)
အမှတ် ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလုပ်ကျေးရွာနေ မကီကွန်း(ခ)မကေဂျူနို ၁၀/ပမန(နိုင်) ၂၁၂၀၁၅သည် မိဘတို့၏ခွင့်မလွှတ်နိုင်သော ကိစ္စပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းနှင့် ဆွေမျိုးစာရင်းမှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးဝင်းနိုင်-ဒေါ်မြသီတာ
ဆွေမျိုးမိသားစု

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အီးဒ်နေ့အထိမ်းအမှတ် မိတ်ဆုံစားပွဲ ကျင်းပ

ကျိုက်ထို အောက်တိုဘာ ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့မှ အီဒွလ်အဒွဟာအီးဒ်နေ့ မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီက ကျိုက်ထိုမြို့ ဟုန်စန်စီဟိုစိန် မင်္ဂလာခန်းမ(၂)၌ ကျင်းပရာ ကျိုက်ထိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ကိုလတ် ပထမတန်းစစ်ဦးစီးမှူးနှင့် ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစ္စလာမ်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာတို့မှ ကိုယ်စားလှယ်များက ဘာသာပေါင်းစုံ စည်းလုံးညီညွတ်စွာ အတူလက်တွဲနေထိုင်ကြရန်၊ ထင်းစည်းပြေသကဲ့သို့ မဖြစ်စေရန်၊ သံသယကင်းစွာ နေထိုင်သွားကြရန်၊ ကျိုက်ထိုမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ရေးနှင့် သွေးစည်းညီညွတ်ရေးအဖွဲ့ကိုလည်း မြို့နယ်တာဝန်ရှိသူများ၏ ညွှန်ကြားမှုဖြင့် အောင်မြင်စွာ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရောင်ခြည် တောက်ပလျက်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားတွင် ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့မှ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

မောင်မောင်ငြိမ်းချမ်း

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ၁၉ရက်)က မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရားကြီးကျောင်းသိမ်တော်၌ မြဝတီခရိုင်ရှိ ကျောင်းပေါင်း၁၁၇ကျောင်းမှ ဝါဆိုရဟန်း ၁၂၀၆ပါးတို့အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာပြုပွဲနှင့် နေ့ဆွမ်းဆက်ကပ်ခြင်း၊ သိမ်ဆင်း ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်နှင့် အသင်းဝင်များက ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာလေးများကို ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နဒီမြင့်မိုရ်(မြဝတီ)

Pre-SEAGames Test Match-2013
ပြိုင်ပွဲကျင်းပရေး စည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုအဖြစ် (MYANMAR Griendship Shooting Tournament Pre-SEA Games ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း(ဒဂုံမြောက်)၌လည်းကောင်း၊ (Pre-SEA Games Hockey Test Match-2013)ကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်း၌လည်းကောင်း ကျင်းပနိုင်ရေး အစည်းအဝေးကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ရန်ကုန်မြို့၌ကျင်းပမည့် အားကစားနည်းများ အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေးနှင့် ဒေသတွင်း အားကစားသမားများ၏အားနည်းချက်/အားသာချက်များ လေ့လာဆန်းစစ်နိုင်ရေး၊ အချင်းချင်း ရင်းနှီးမှုရရှိစေရေးနှင့် Pre-SEA Games အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားပြီး သေနတ်ပစ်အဖွဲ့ချုပ်နှင့်ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပြိုင်ပွဲနှင့်ပတ်သက်၍ စီစဉ်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂန့်ဂေါတွင် လျှပ်စစ်မီးလင်းပြီ

ဂန့်ဂေါ အောက်တိုဘာ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၆၆/၁၁ ကေဗွီ (၂)အမ်ဗွီအေ ဂန့်ဂေါဓာတ်အားခွဲစက်ရုံနှင့် ကျောဓာတ်အားခွဲစက်ရုံတို့ကို တည်ဆောက်ခဲ့ရာ အောက်တိုဘာလတွင် ပြီးစီးသဖြင့် အောက်တိုဘာ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ဂန့်ဂေါမြို့၌လည်းကောင်း၊ အောက်တိုဘာ ၁၃ ရက်ညနေ ၅ နာရီတွင် ပုံတောင်၊ ပုံညာဒေသရှိ ကျောနှင့်ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ပြီဖြစ်၍ ဘုရားစေတီနှင့် သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ လမ်းများ၊ လူနေအိမ်များ၌လျှပ်စစ်မီး ရရှိထွန်းလင်းနေပြီဖြစ်သည်။

ဂန့်ဂေါဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်လေးခုအပြင် အနောက်ဂန့်ဂေါနှင့်ရှုံးရှီကျေးရွာများ၊ ကျောဓာတ်အားခွဲရုံမှ ကျော၊ ကွဲကိုင်း၊ ရွှေပင်၊ ပဲမစား၊ ရွာငယ်၊ စခါးကျေးရွာများတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့တွင် ၁၉၇၈ ခုနှစ်မှစ၍ ၃၆ ကေဗွီအေဓာတ်အားပေးစက်ဖြင့် လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးခဲ့ပြီး ၁၉၈၀ ခုနှစ်တွင် ၁၅၀ ကေဗွီအေဓာတ်အားပေးစက်၊ ၁၉၈၃ ခုနှစ်တွင် ၁၅၀ ကေဗွီအေဓာတ်အားပေးစက်နှစ်လုံး၊ ၁၉၉၈ ခုနှစ်တွင် ၁၅၀ ကေဗွီအေဓာတ်အားပေးစက် သုံးလုံးနှင့် ၈၈ ကေဗွီအေ ဓာတ်အားပေးစက် တစ်လုံး၊ ၂၀၁၂ ခုနှစ်မှစတင်၍ ၅၀၀ ကေဗွီအေဓာတ်အားပေးစက်တို့ဖြင့် တစ်ညလျှင် နှစ်နာရီခွဲခန့် ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ယခုအခါတွင် နေ့၊ ည မရွေး လျှပ်စစ်မီးရရှိနေပြီဖြစ်သည့်အတွက် မီးအလင်းရောင်အတွက်သာမက ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

မွန်ပြည်နယ် ၁၀ မြို့နယ်
ဘောလုံးပြိုင်ပွဲ သံဖြူဇရပ်၌ ကျင်းပမည်

သံဖြူဇရပ် အောက်တိုဘာ ၂၂

တတိယအကြိမ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒိုင်း ၁၀ မြို့နယ်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၂၂ ရက်အထိ သံဖြူဇရပ်မြို့နယ်အားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပသွားနိုင်ရေး မြို့နယ်ပြိုင်ပွဲကျင်းပရေးကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းအသင်း ကိုရီးယားသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၂

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အခြေစိုက် Honbeot Welyare Foundation ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းအသင်း ဥက္ကဋ္ဌ ဦးမြတ်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုးဦးသည် အောက်တိုဘာ ၂၀ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကိုရီးယားနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာသွားကြသည်။

အဆိုပါ အဖွဲ့သည် အောက်တိုဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ဆိုးလ်မြို့နှင့်ချန်ချီမြို့ရှိ မသန်စွမ်းများ ကုန်ပစ္စည်းထုတ်လုပ်မှု၊ လေ့ကျင့်ရေးကျောင်း ပြန်လည်ထူထောင်ရေးစခန်းများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

မင်္ဂလာဒုံမြို့နယ်တွင် ယာဉ်လေးစီးဆင့်ကဲတိုက်

ရန်ကုန် အောက်တိုဘာ ၂၂

မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပဲခူးလမ်းအတိုင်း အောက်တိုဘာ ၂၀ ရက် ည ၈ နာရီ ၁၅ မိနစ်က ထောက်ကြန့်ဘက်မှ ပဲခူးဘက်သို့ ယာဉ်မောင်း ဝင်းသိန်း ပြည်မြို့ ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ရန်ကုန်-နေပြည်တော် ဇာနည်ဘွား ယာဉ်လိုင်းခရီးသည်တင်ယာဉ် ၆ခ/--- ပထမယာဉ်သည် ဇိနမာန်အောင် ဘုရားအနီးအရောက် ယာဘက်လမ်းဘေး၌ ရပ်ထားသော ယာဉ်မောင်း ဦးတင်စိုး၊ မင်္ဂလာဒုံမြို့နယ်နေသူ၏ နစ်ဆန်း ၁၀ဘီးယာဉ် ၃ခ/--- ဒုတိယယာဉ်ကို နောက်မှ ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်ခံရသည့်အရှိန်ကြောင့် ၃ခ/--- ဒုတိယယာဉ်သည် ၎င်းရှေ့ရပ်ထားသော ယာဉ်မောင်း ဦးအောင်ကျော်မင်း လှည်းကူးမြို့နယ်နေသူ၏ နစ်ဆန်း ၁၀ဘီး ၉ခ/---တတိယယာဉ်နှင့်လမ်းလျှောက်လာသော မသဥ္စာဇော်၊ မနှင်းရွှေရည်၊ မအေးသဒ္ဒါနိုင်၊ မောင်ဖိုးသူရတို့ကို ထပ်ဆင့်တိုက်မိခဲ့ပြီး လမ်းလျှောက်လာသူများ ဒဏ်ရာများ ရရှိခဲ့ကြသည်။

၉ခ/---တတိယယာဉ်မှလည်း ၎င်းရှေ့ရပ်တန့်ထားသော ယာဉ်မောင်း ဦးဝင်းနိုင် လှည်းကူးမြို့နယ်နေသူ၏ နစ်ဆန်း၁၀ဘီး ၃ခ/--- စတုတ္ထယာဉ်ကို ဆင့်ကဲထပ်မံ၍ တိုက်မိခဲ့ပြန်သည်။

အရေးယူဆောင်ရွက်

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်လေးစီးလုံးမှာ ပျက်စီးခဲ့ရသည့်အပြင် လမ်းလျှောက်လာသူ မောင်ဖိုးသူရ ထောက်ကြန့် မင်္ဂလာဒုံမြို့နယ်နေသူတွင် ဒဏ်ရာများရရှိကာ မြောက်ဥက္ကလာပ ဆေးရုံသို့တင်ပို့စဉ် လမ်း၌သေဆုံးသွားခဲ့ပြီး ယာဉ်ကိုမဆင်မခြင် မောင်းနှင်သူ ၆ခ/---ပထမ ယာဉ် ယာဉ်မောင်း ဝင်းသိန်းကို ထောက်ကြန့်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။ **စိုး၀င်း(SP)**

25 ယောက်စီး
MINI BUS
များ
ရောင်းရန်ရှိသည်။
Hot Line
၀၉-၅၃၁၁၁၇၃

ကျေးဇူးတင်မှတ်တမ်းလွှာ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အောင်တော်မူပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်ဘဒ္ဒန္တသီလာစာရ သဒ္ဓမ္မဇောတိကဓဇ သည် ကျောက်ကပ်အစားထိုး၍ ကျန်းမာစွာဖြင့် ရန်ကုန်မြို့တွင် သီတင်းသုံးလျက်ရှိပါသည်။

ကျောက်ကပ်အစားထိုးပေးသော ဆီးနှင့်ကျောက်ကပ်ပါမောက္ခ ဦးခင်မောင်မောင်သန်း၊ ဆီးနှင့်ကျောက်ကပ် ပါမောက္ခဦးသန်းအေး(ခုတင် ၁၀၀၀၊မင်္ဂလာဒုံတပ်မတော်ဆေးရုံ)၊ ဗိုလ်မှူးချုပ်ဦးတင်မောင်အေး၊ ဒုဗိုလ်မှူးကြီးကျော်စိုးဝင်း၊ ဗိုလ်မှူးကိုကိုမောင်၊ ဗိုလ်မှူးဝင်းကျော်ရွှေနှင့် ဆရာ ဆရာမများကိုလည်းကောင်း၊ မေ့ဆေးဆရာဝန်ကြီး ဦးစိုးဝင်း၊ သွေးရှာဖွေပေးသော မဝင်းဝင်းအေးနှင့် သွေးလှူဒါန်းပေးသော အလှူရှင်များအားလည်းကောင်း၊ ယာဉ်တာဝန်ယူလှူဒါန်းပေးသော ကိုအောင်မျိုး-မနီနီစိုး၊ ရဟန်းဒါယကာ ဦးမြင့်စန်း-ဒေါ်အေးအေးစန်း မိသားစုကိုလည်းကောင်း၊ ကျောက်ကပ်လှူဒါန်းပေးသော ညီလေး မောင်ချစ်ကိုအားလည်းကောင်း၊ ဆေးရုံတက်စဉ် ဝေယျာဝစ္စဆောင်ရွက်ပေးသော ညီအစ်ကိုမောင်နှမများနှင့် မိတ်ဆွေများအားလည်းကောင်း၊ ရဟန်းမယ်တော် ဒေါ်လုံးနှင့်မိသားစုများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ဆရာတော် ဦးသီလာစာရ
သဒ္ဓမ္မဇောတိကဓဇ
အောင်တော်မူပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း
လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၂၇၈၊ မြေကွက်တည်နေရာအမှတ် ၁၂၇၈၊ မြရတနာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့်ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၄၁၂၊ မြေကွက်တည်နေရာအမှတ် ၄၁၂၊(၅)ရပ်ကွက်၊ဒဂုံအရှေ့မြို့နယ် ဦးတင်ဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးတင်ဝင်း ကွယ်လွန်သဖြင့် ဦးတင့်လွင် ၁၂/ဗတထ(နိုင်)၀၁၉၅၁၆၊ ဦးကျော်မျိုးခိုင် ၁၂/ဗတထ(နိုင်)၀၀၀၃၇၃ တို့က တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော ညီအစ်ကိုများဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့်ကြော်ငြာ

ခရမ်းမြို့မှ မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်စစ်ဆေးပေး မျက်မှန်တပ်ရမည့်သူနှင့်ခွဲစိတ်ရမည့်သူတို့အား ဆက်လက်ဆောင်ရွက်ပေးမည်

ခရမ်း အောက်တိုဘာ ၂၂

ခရမ်းမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များကိုအခမဲ့စစ်ဆေးကုသပေးခြင်းအား အောက်တိုဘာ ၂၀ ရက်က ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီးဝင်းအတွင်းရှိ သာသနာ့ဗိမ္မာန်၌ ကျင်းပရာ မြို့ပေါ်ရပ်ကွက်အတွင်းမှ မျက်စိဝေဒနာရှင် ၆၀၀ ကျော် လာရောက်ကုသကြသည်။

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် ကျွမ်းကျင်သူအဖွဲ့သည် နံနက် ၉ နာရီမှစ၍ မျက်စိဝေဒနာရှင်များကို အဖွဲ့ ငါး ဖွဲ့ခွဲကာ စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ မျက်မှန်တပ်ရမည့် မျက်စိဝေဒနာရှင် ၄၂၀ တို့အား မျက်မှန်လုပ်နိုင်ရန် စမ်းသပ်စစ်ဆေးပေးခဲ့သည်။ ခွဲစိတ်ကုသရမည့် မျက်စိဝေဒနာရှင် ၁၃၀ တို့ကို ခွဲစိတ်ကုသနိုင်ရန် စစ်ဆေးပေးခဲ့သည်။ **(အောက်ယာပုံ)**

စစ်ဆေးရေးအဖွဲ့က စစ်ဆေးတွေ့ရှိခဲ့ရသည့် မျက်မှန်အလက် ၄၂၀ ပြုလုပ်ပေးမည်ဖြစ်ပြီး ခွဲစိတ်ကုသရန်လိုအပ်သည့် ဝေဒနာရှင် ၁၃၀ တို့ကို မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများက ခရမ်းမြို့သို့လာ၍ ခွဲစိတ်ကုသမှုများ ဆက်လက်ပြုလုပ်ပေးသွားမည်ဟု သိရသည်။

မျက်စိဝေဒနာရှင်များအတွက် ခွဲစိတ်ကုသခြင်းလုပ်ငန်းနှင့် မျက်မှန်ပြုလုပ်ခြင်းလုပ်ငန်းများ အတွက် မျက်စိအလင်းကုသိုလ်ရှင် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ အမှုဆောင်အဖွဲ့ဝင်တစ်ဦးနှင့် မိသားစုဖြစ်ပြီး မျက်စိဝေဒနာရှင်များ စစ်ဆေး ခွဲစိတ်ကုသပေးခြင်း၊ မျက်မှန်ပြုလုပ်ပေးခြင်းများအပြင် အဆိုပါဝေဒနာရှင် ၆၀၀ ကျော်ကို နံနက်နှင့်ညစာများဖြင့် ကျွေးမွေးလှူဒါန်းသွားသည်။

မျက်စိအလင်းကုသိုလ်ပြပွဲတွင် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)နှင့်အတူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဌာန၊ မြို့မိမြို့ဖအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် တပ်မတော်ရေတပ်သင်္ဘောကျဉ်းဌာနချုပ်မှ တာဝန်ရှိသူများ လာရောက်ကူညီပေးကြသည်။ **(ခရမ်းစိုးမြင့်)**

၁၂ဘီးကားနှင့် ဆိုင်ကယ်တိုက်မိ လေးဦးသေဆုံး

မြဝတီ အောက်တိုဘာ ၂၂

Excavator စက် တင်ဆောင်လာသော ထိုင်း-မြန်မာ ချစ်ကြည်ရေးလမ်းဖောက်လုပ်ရေးမှ ထိုင်းနိုင်ငံသားပိုင် Transporter ၁၂ ဘီးယာဉ်သည် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြဝတီမှအထွက် မဲကနယ်ကျေးရွာ မဲကနယ်ဘုန်းကြီးကျောင်းရှေ့တွင် ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးအား တိုက်မိရာ ဆိုင်ကယ်စီးနင်းသူနှစ်ဦး ပွဲချင်းပြီး သေဆုံးပြီး ကားမှာ အရှိန်ဖြင့် ရှေ့တွင်ရပ်ထားသော ဘောက်ဆာတစ်စီးနှင့်လမ်းဘေးရှိ သစ်ပင်ကို ထပ်မံတိုက်မိပြီး ကားပေါ်ပါလာသော Excavator စက်မှာ ယာဉ်တိုက်မှု အရှိန်ကြောင့် ဆိုင်းကြိုးများ ပြတ်ကာ Transporter ယာဉ်၏ ဦးခေါင်းပိုင်းကို ပြန်လည်ဆောင့်မိပြီး လမ်းပေါ်သို့ ပြုတ်ကျသွားသည်။ ယာဉ်မောင်းနှင့်ယာဉ်အကူမှာလည်း Excavator စက်၏ လာရောက်ဆောင့်တွန်းမှုကြောင့် ကားတွင်ညပ်မိနေပြီး ထိုလူနာနှစ်ဦးအား ထိုင်းဘက်ကမ်းရှိ ဆေးရုံသို့ စေတနာနာရေးကူညီမှုအသင်း၏ ကားဖြင့်တင်ပို့ပေးခဲ့သော်လည်းသေဆုံးသွားကြောင်း သိရသည်။ **မြတ်ကို(ဒေါနမြေ)**

ရေကြည်နှင့်ငါးသိုင်းချောင်းမြို့တို့တွင် ယာဉ်များ ရှောင်တခင်စစ်ဆေး

ရေကြည် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် မြို့မရပ်ကွက် ရေကြည်မြို့အဝင်လမ်းဆုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှောင်တခင်စစ်ဆေး၍ စည်းကမ်းမဲ့ဆိုင်ကယ်ယာဉ်ပိုင်ရှင်များ၊ ဂွန်ဒေါင်း ယာဉ်ပိုင်ရှင်များ၊ ကားပိုင်ရှင် ၅၀ ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးအဖွဲ့များက ယာဉ်စည်းကမ်းနှင့် ပတ်သက်သောအကြောင်းအရာများကို အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးခြင်းတို့ကို အောက်တိုဘာ ၁၈ ရက်က ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထို့နောက် ငါးသိုင်းချောင်းမြို့နယ်ခွဲတွင်လည်း စည်းကမ်းမဲ့သွားလာသော ဆိုင်ကယ်စီးရေ ၁၀၀၊ ကားအစီး ၂၀၊ ဂွန်ဒေါင်းအစီး ၃၀ တို့ကို မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးအဖွဲ့က ရှောင်တခင်စစ်ဆေးပြီး စည်းကမ်းမဲ့ယာဉ်ပိုင်ရှင်များကို ယာဉ်နှင့်ပတ်သက်သော အသိပညာများဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆိုင်ကယ်စီးလျှင်လည်း ဦးထုပ်ဆောင်းကြရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေး ပူးပေါင်းအဖွဲ့က တိုက်တွန်းပြောဆိုခဲ့ကြောင်း သိရသည်။ **(၁၈၁)**

မြိုင်ကလေး တန် ၄၀၀၀ဘီလပ်မြေစက်ရုံ မီးသင်းဖိုဌာနတွင် သေမှုသေခင်းဖြစ်ပွား

ဘားအံ အောက်တိုဘာ ၂၂

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာ တန် ၄၀၀၀ ဘီလပ်မြေစက်ရုံမီးသင်းဖိုတွင် စက်ရုံ လုပ်သားတစ်ဦးသေဆုံးပြီး လုပ်သား ငါးဦးဒဏ်ရာရရှိမှုဖြစ်စဉ်တစ်ခု အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီက ဖြစ်ပွားသည်။

သတင်းအရမြိုင်ကလေးရဲစခန်းမှူး ရဲအုပ်အောင်သန်း၊ နယ်ထိန်းရဲတပ်ကြပ် မျိုးဇော်မြင့်၊ သက်သေအဖြစ် လှာကာကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောကျော်ဝင်းနှင့်အဖွဲ့ဝင် ဦးဝင်းဘိုတို့နှင့်အတူအခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးခဲ့ရာ စက်ရုံမီးသင်းဖိုတွင် ယခင်ချိုးကပ်နေသော (အစာဟောင်း) ဘီလပ်မြေပြုလုပ်သည့်မြေများ ပိတ်ဆို့နေမှုကို ရှင်းလင်းဆောင်ရွက်ရန် လက်ထောက်စက်ရုံမှူးဦးသိမ်းချမ်း မီးသင်းဖိုဌာနမှူးဦးဆောင်၍ စက်ရုံလုပ်သား ၁၅ ဦးတို့ဖြင့် ရှင်းလင်းဆောင်ရွက်စဉ် မီးသင်းဖိုအမိုးပိုင်းမှ ပြာပူမှုန့်များကို သန့်ရှင်းနိုင်ရေးအတွက် သံပိုက်ရှည်များဖြင့် ထိုးချနေစဉ် အမိုးပိုင်းတွင်ကပ်နေသော ပြာပူမှုန့်များမှာ သန့်ရှင်းရေးဆောင်ရွက်နေသူ ကျော်ဝင်းထွဋ်(ခ)ကျောက်ဖား၊ (၃၂ နှစ်) ကျွမ်းကျင် (၂)မီးသင်းဖိုဌာန၏ ခန္ဓာကိုယ်ပေါ်သို့ကျရောက်၍ အပူလောင်ဒဏ်ရာဖြင့် နေရာတွင်ပင်သေဆုံးခဲ့သည်။ ၎င်းနှင့်အတူ ဝင်ရောက်လုပ်ကိုင်နေကြသော ဟိန်းထက်အောင် (၂၂နှစ်) စက်မောင်းကျွမ်းကျင် (၂) ကုန်ကြမ်းဌာန၊ ဝေယံထွန်း (၂၂နှစ်) ကျွမ်းကျင်(၄)မီးသင်းဖိုဌာနနှင့်ဟိန်းစိုးဦး (၂၁နှစ်) ကျွမ်းကျင်(၄) ကျောက်ခွဲဌာနတို့တွင် ဘယ်ညာခြေကျင်းဝတ်အောက်ပိုင်း အပူလောင်ဒဏ်ရာများ၊ မျိုးကျော်သူ (၂၇နှစ်) ဌာနစုမှူး ဝဲဘက်မျက်စိ အပူဟပ်ဒဏ်ရာနှင့် ကျော်မင်းနိုင်(၃၀နှစ်) လက်ထောက်အင်ဂျင်နီယာ မီးသင်းဖိုဌာနတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့်ဘားအံပြည်သူ့ဆေးရုံကြီးတွင် ရဲဆေးစာဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်းပြာပူမှုန့်၏ အပူချိန်မှာ ၆၀၀/ ၇၀၀ ဒီဂရီဖာရင်ဟိုက်မျှရှိနိုင်ကြောင်း စက်ရုံလုပ်သားများက ခန့်မှန်းပြောကြားသည်။

ထွန်းထွန်းထွေး(ဘားအံ)

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ဆက်သွယ်၍ မိမိတို့တတ်စွမ်းသမျှ ဒါနကုသိုလ် ရယူနိုင်ပါသည် -

	ဂယာ	မိဂဒါဝုန်	ကုသိနာရုံ	နယူးဒေလီ
၁။ မြေ(၁)စတုရန်းပေ/(၁)ယူနစ် (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀	၃၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ	နယူးဒေလီ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀	၃၀,၀၀၀

၃။ သာရိပုတ္တရာကျောင်းဆောင်သစ် တရုတ်မြန်မာဗုဒ္ဓဘာသာကျောင်း ၊ နာလန္ဒာ

(နှုန်းထားသတ်မှတ်ချက်မရှိပါ ၊ စေတနာသာအဓိကဖြစ်ပါသည်။)

ရုံးချုပ် - ကွန်ဒို(E)၊မြေညီထပ်၊ကမ္ဘာအေးဇီလာအိမ်ရာ၊ကမ္ဘာအေးစေတီလမ်း၊(၈)မိုင်၊မရမ်းကုန်း၊ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၁၂၂၁၉၈

ရုံးခွဲ(၁) - အမှတ်(၂၈၉)၊မြေညီထပ်၊ပန်းဆိုးတန်းလမ်း၊(ရုံးကျော်တံတားအနီး)၊ကျောက်တံတား၊ရန်ကုန်။
☎ ၀၁-၃၇၇၆၁၅၊ ၀၉-၇၃၂၂၇၅၃၅၊ ၀၉-၂၄၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale ၊မြေညီထပ်၊ ဝေဇယန္တာလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊မရမ်းကုန်း၊ရန်ကုန်။
☎ ၀၁-၆၅၇၇၉၄၊ ၀၉-၅၆၀၀၄၄၄

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၁၀၄၅၇ Yamaha DT 200 R,M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဆွေ ၅/တဆန(နိုင်)၀၆၄၃၈၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး(မုံရွာမြို့)**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၈၈၂၊ မြေကွက်တည်နေရာအမှတ် ၈၈၂၊ (၄)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးမောင်စိန်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်စိန် ISN-၁၅၁၅၆၄ကပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ လူနေရပ်ကွက်အမှတ် ၃၀၊ ဆောင်းဟေမာန်အိမ်ရာ၊တိုက်အမှတ် ၁၀၊ အခန်းအမှတ် ၂၇ အမည်ပေါက် ဒေါ်နီလာမိုးထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သင်းသင်းမြတ် ၁၂/အစန(နိုင်)၁၂၈၂၉၂က အဆောက်အအုံနေထိုင်ခွင့် စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၁၅၆၊ မြေကွက်တည်နေရာအမှတ် ၃၉၊ ၄ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးသိန်းမြင့်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးသိန်းမြင့်၊ မိခင်ဒေါ်ချို ကွယ်လွန်သဖြင့် (၁) ဒေါ်နန်းအေးခိုင် ၁၂/မဂတ(နိုင်)၀၇၂၀၀၅၊ (၂) ဒေါ်အေးဆုမွန် ၁၂/မဂတ(နိုင်)၀၈၅၈၅၄တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ် ၂၈/ခ၊ မြေကွက်တည်နေရာအမှတ် ၂၈/ခ၊ မြေနီ၂လမ်း၊ ၇/အနောက်၊ သာကေတမြို့နယ် ဒေါ်ခင်စန်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စန်း ၉/မရမ(နိုင်)၀၀၉၃၁၂က ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းနှင့် ၂၀၀၅ ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးခဲ့ပြီး ယင်းမြေပုံဖြင့် မည်သည့်ဘဏ်တွင်မျှ ဘဏ်ငွေချေးယူခြင်းမရှိဘဲ ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နယ်သတင်းနှင့်ကြော်ငြာ

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းပို့ချ

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိခင်နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် နံနက်က ပြည်ကြီးရန်လုံရပ်ကွက် ရွှေနှင်းဆီဓမ္မာရုံတွင် ဖွင့်လှစ်ထားသော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စတုတ္ထနေ့အဖြစ် သင်တန်းသူ သင်တန်းသားများအား ပို့ချမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထို့နောက် အကွက် (၄၁၅/အက်စ်သရီး)နေ အသက် (၁၀၆) နှစ် ကျန်းမာစွာသွားလာနိုင်သော ဒေါ်လှအုန်းနေအိမ်သို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးလွင်၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့ လိုက်ပါလျက် ကန်တော့ပစ္စည်းများနှင့်အတူ ရှိခိုးကန်တော့သည်။ ဆက်လက်၍ အဘွားဒေါ်လှသန်း၏ ကျန်းမာရေး အခြေအနေတို့ကိုလည်း မေးမြန်းပြီး လိုအပ်သည်များ၊ ဆေးဝါးများကိုလည်း ပံ့ပိုးပေးခဲ့သည်။ အဘွား ဒေါ်လှအုန်းကလည်း ဆုတောင်းမေတ္တာစကားများ ချီးမြှင့်သည်။ **(အပေါ်ပုံ)** (ဝ၂၆)

စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုဒုတိယဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၂

စာပေဗိမာန်စာမူဆု ပြိုင်ပွဲနှင့် ပခုက္ကူစာပေဆု ပြိုင်ပွဲများတွင် ဒုတိယဆု ရရှိသော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းစာပေဗိမာန်က ထုတ်ဝေ ဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါ စာအုပ်များမှာ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု စာပဒေသာစာပေဆုရ နေမျိုးနွယ်၏ ပြည်သူကြားသို့ အရောက်သွားခဲ့သော ဆေးကျောင်းသား တစ်ယောက်၏ ရသမှတ်တမ်း (ရောင်းဈေး- ၆၀၀ ကျပ်)၊ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ်ဆုရ မြေလတ်မင်းလွင်၏ လက်ရည်တစ်ပြင်တည်းနှင့် အခြားဝတ္ထုတိုများ (ရောင်းဈေး-၇၀၀ကျပ်)၊ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆုရ ဒေါက်တာချိုချိုတင့် (မြန်မာစာ)၏ ကိုလိုနီခေတ်ဦး မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု (ရောင်းဈေး-၁၂၀၀ကျပ်)၊ ၂၀၁၀ ခုနှစ်အတွက် ပခုက္ကူစာပေဆု ကျမ်းစာပေဆုရ ဒေါက်တာတင်သိန်း(ဘူမိဗေဒ) ၏ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု (ရောင်းဈေး-၇၀၀ကျပ်)၊ ၂၀၁၀ ခုနှစ်အတွက် ပခုက္ကူစာပေဆု သုတေသနစာပေဆုရ မောင်ရင့်ကျူး (မြောင်းမြ)၏ မြန်မာနိုင်ငံ ဗုဒ္ဓယဉ်ကျေးမှု အနုပညာ (ရောင်းဈေး-၈၀၀ကျပ်)၊ ၂၀၁၀ ခုနှစ်အတွက် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ်ဆုရ ကျွန်းစဉ်မြေစောခက်၏ ကျားပါးစပ်ထဲက အာဟာရနှင့် အခြားဝတ္ထုတိုများ (ရောင်းဈေး-၇၀၀ကျပ်)၊ ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူစာပေဆု ကဗျာ ပေါင်းချုပ်ဆုရ မောင်လွန်းမြိုင် (ပင်လည်ဘူး) ၏ လတစ်စင်းပန်းတစ်ခင်း အလင်းရန့် ကဗျာများ (ရောင်းဈေး-၈၀၀ကျပ်) တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၀၄၆၈၁၊ မန္တလေးမြို့ ၈၆ လမ်း၊ ၂၁ လမ်း နှင့် ၂၂ လမ်းကြားရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်ပွဲ မိုးကောင်း၌ကျင်းပ

မိုးကောင်း အောက်တိုဘာ ၂၂

မိုးကောင်းမြို့နယ် မီးသတ်ဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၇ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့် တက်ရောက်အမှာ စကားပြောကြားသည်။

ပေးအပ်

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်နှင့် ဦးကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်နှင့်ကျေးရွာ အရန် မီးသတ်တပ်ဖွဲ့ဝင် ၈၇၅ ဦးအတွက် တူညီဝတ်စုံများပေးအပ်ကြကြောင်း သိရသည်။ (ဝ၆၂)

စစ်တွေအဘိဓမ္မာအခါတော်နေ့တွင် ယခင်နှစ်များကထက် ထူးကဲစွာစည်ကား

စစ်တွေ အောက်တိုဘာ ၂၂

သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ဖြစ်သည်။ ယခုနှစ်တွင် စစ်တွေမြို့၏ အဘိဓမ္မာ အခါတော်နေ့၌ ယခင်နှစ်များကထက် ထူးကဲစွာ စည်ကားနေကြောင်း တွေ့ရသည်။ သီတင်းကျွတ်လဆန်း၁၄ရက်(အဖိတ်နေ့)ကပင် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းများတွင် ကုသိုလ်ဒါန ပြုလုပ်နေသူများအား တွေ့ရသည်။ သီတင်းကျွတ်လပြည့်နေ့ အရုဏ်တက်ချိန်မှစ၍ စစ်တွေမြို့ရှိ လမ်းများတွင် ဥပုသ်သီလဆောက်တည်ရန် သွားသူများ၊ ကုသိုလ်ဒါနပြုလုပ်ရန် သွားသူများ၏ ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ နှစ်ဘီးဆိုင်ကယ်များ၊ ဆိုက္ကားများဖြင့် စည်ကားနေသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်တွေမြို့လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲကို စစ်တွေမြို့ ကျက်သရေဆောင် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး အနီးရှိ ဝင်္ကပါကွင်း၌ ကျင်းပရာ စစ်တွေမြို့ပေါ်ရှိ ကျောင်းများက ဆရာတော်ကြီးများနှင့် သီလရှင်များ ကြွရောက်ကြသည်။

ပွဲတော်သို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စစ်တွေဒေသ ကွပ်ကဲရေး စစ်ဌာနချုပ်မှူးနှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများ၊ မြို့သူမြို့သားများ လာရောက်ပြီး ဆွမ်းခဲဖွယ်မျိုးစုံနှင့် နဝကမ္မငွေများလောင်းလှူကြသည်။

ဆွမ်းတော်ကြီးလောင်းပွဲကို နံနက် ၉နာရီတွင် ကျင်းပသော်လည်း ဒါနပြုလိုသူများက နံနက် အရုဏ်တက်ချိန်ကပင် ဝင်္ကပါကွင်းသို့ တဖွဲဖွဲရောက်ရှိကာ နေရာယူထားကြသည်။ ယခုနှစ် ဆွမ်းတော်ကြီးလောင်းပွဲသည် ယခင်နှစ်များကထက် ထူးကဲစွာ စည်ကားသည်။

အာဂျိတ်တော်ကုန်းမြေရှိ ဓာတ်လယ်ကျောင်းတိုက်၊ အဓိဋ္ဌာန်ကျောင်းတိုက် စိတ္တသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ စသော ဘုန်းတော်ကြီးကျောင်းများ၊ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် ဘုရားစေတီများ၊ တွင် ဥပုသ်သီလဆောက်တည်သူများ၊ ဝိပဿနာတရားအားထုတ်ကြသူများ အလွန်များပြားကြောင်း တွေ့ရသည်။

ထို့ပြင် ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်း စသော လှူဖွယ်ဝတ္ထု အစုစုတို့ကို လှူဒါန်းနေသူများလည်း အလွန်များပြားနေသည်။

ညနေပိုင်းတွင် ပြည်လုံးချမ်းသာ ဘုရားကြီး လောကနန္ဒာစေတီတော် မြတ်ကြီးများ၌လည်း ဘုရားဖူးလာသူများဖြင့် စည်ကားနေကြောင်း တွေ့ရသည်။ (လ/၀၀၃)

မီးခြစ်ဆော့ကစားရာမှ နေအိမ်မီးလောင်မှုဖြစ်ပွား

လွိုင်ကော် အောက်တိုဘာ ၂၂

ကယားပြည်နယ် လွိုင်ကော်မြို့ ရှမ်းပိုင်းရပ်ကွက် အုပ်စု ၆ အိမ်အမှတ် ၁၂၉(က)၌ အောက်တိုဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက မီးလောင်မှုဖြစ်ပွားရာ လွိုင်ကော်မြို့ မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးဟန်စိုး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့သည် မီးသတ်ယာဉ်လေးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ကြသည်။

ဖြစ်စဉ်မှာ အိမ်ရှင်(ဦးလှမောင်)-ဒေါ်နန်းမီးနေအိမ်၌ မြေးဖြစ်သူ စိုင်းခေးလျှံ (ဘ) ဦးလှ အသက် (၁၃) နှစ်က မီးခြစ်ဆော့ကစားရာမှ အိမ်တွင်းပစ္စည်းများကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ အဆိုပါ မီးလောင်မှုကြောင့် သုံးပင်×နှစ်ခန်း၊ သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ညှပ်နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ၎င်းမီးလောင်မှုဖြစ်ပွားစဉ်တွင် အိမ်ရှင်နှင့် ကျန်မိသားစုများမှာ လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်နေပြီး နေအိမ်တွင် နေထိုင်သူ အိမ်အကူ မတင်တင်ထွေး(ဘ)ဦးစံ(၂၆)နှစ်အား(ပ) ၁၅၀/၂၀၁၃ ပုဒ်မ ၂၈၅ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ) (ပြည်နယ် ပြန်/ဆက်)**

အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရစေခြင်းငှာ
လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ်-၁၉၀

ဒေါက်တာမိုးသူဇာ **လျှောက်ထားသူ**
တိုက် ၈၊အခန်း ၁၊ ဆရာဝန်များရိပ်သာ
ရွှေတိဂုံဘုရားလမ်း၊ (၉)ရပ်ကွက်၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

ကွယ်လွန်သူ ဦးအောင်ဖေယျ၏ ကြွေးမြီအရပ်ရပ်ကောက်ခံရန်အတွက် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၁ အရ အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ ဆရာဝန်များရိပ်သာ၊ တိုက် ၈၊ အခန်း ၁ နေ ကွယ်လွန်သူဦးအောင်ဖေယျ၏ဇနီး ဒေါက်တာမိုးသူဇာမှ ကွယ်လွန်သူတွင် မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်၌ အမေရိကန်ဒေါ်လာ ၅၉၅၇ ဒသမ ၁၃ ကျန်ရစ်ကြောင်းနှင့် ၎င်းပစ္စည်းများနှင့် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများပြည်သူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးအောင်ဖေယျ ကျန်ရစ်သောပစ္စည်းများပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၇ ရက် နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါက်တာမိုးသူဇာ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့် သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မိမိမော်)**

ဒုတိယခရိုင်တရားသူကြီး (၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်၏မိတ်ဆွေသည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ စောမဟာလမ်း၊ အမှတ် ၁/၁၄၇ဟုခေါ်တွင်သော အကျယ်(၂၄×၄၄)ပေ၊ (၅၅×၅၁)ပေရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသော ဦးထွန်းထွန်းဦး ၁၂/ဗဟန(နိုင်)၀၀၇၅၀၈နှင့် ဒေါ်သီသီခိုင်မြင့် ၁၂/ဗဟန(နိုင်)၀၀၈၀၇၀တို့ထံမှ ဝယ်ယူရန် သဘောတူညီခဲ့ပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

မည်သူမဆို ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ကျွန်တော်၏ထံသို့ ခိုင်မာသောအထောက်အထားများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်ဘွား — **တရားလွှတ်တော်ရှေ့နေ** — **(စဥ်-၈၁၃၀)**
ဒေါ်မေသီဂီလှိုင် — **အထက်တန်းရှေ့နေ** — **(စဥ်-၃၈၀၆၆)**
အမှတ် ၄၇၅၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၅၅၂၂၀၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ ရန်ကြီးအောင် ၂ လမ်း၊ မြေကွက်အမှတ် ၉၆၇ဟုခေါ်တွင်သောဧရိယာအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မခွဲမစိတ်ရသေးသောမြေကွက်၏ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ခြေရင်းခြမ်း (အမှတ် ၉၆၈နှင့် ကပ်လျက်အခြမ်း)မြေကွက်နှင့် ၎င်း၏အပေါ်ရှိ ရေ၊ မီး၊ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်မြစိန် ၁၂/ပဇတ(နိုင်)၀၂၄၁၈၃ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုသော ဒေါ်တင်မိုးခိုင် ၇/သဝတ(နိုင်)၀၀၉၃၅၂ထံမှ ကျွန်ုပ်က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေဝယ်ယူထားပြီးဖြစ်သည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခိုင်ဇော်အေးမောင် ၁၂/ကမရ(နိုင်)၀၀၁၄၄၅
အမှတ် ၆၈/စီ၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၁၆၆၆၊ ၀၁-၅၁၁၈၀၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ လူနေရပ်ကွက်အမှတ် ၃၀၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် ၅၊ အခန်း ၁၇ အမည်ပေါက် ဦးသန်းလှိုင်ဦး ၁၂/သဃက (နိုင်)၀၃၃၀၅၆ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်လှကြင် ၁၂/အစန(နိုင်)၁၃၂၉၈၅က အဆောက်အအုံနေထိုင်ခွင့်စာချုပ် တင်ပြ၍ တိုက်ခန်းအမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ၆၇-င၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းအိမ်ရာရှိ တိုက်အမှတ် C 9၊ အခန်းအမှတ် 9th Floor 10 Storey ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းလွင်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးသန်းစိုး ၁၂/လမတ(နိုင်) ၀၂၈၅၄၄ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ဦးညွန့်စိန်(စိန်ကဖီး) (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဒေးဒရဲမြို့၊ လမ်းမတော်လမ်း၊ အမှတ် ၅၁ နေ ချစ်သောဖေဖေ ဦးညွန့်စိန်၏ ၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်(ဗုဒ္ဓဟူးနေ့)တွင်ကျရောက်သည့် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးများ	-	ဒေါ်လွှင်လွှင်စိန်နှင့် ဒေါ်အိအိလွှင်
ချစ်သားများ	-	ဒေါက်တာထွန်းလွှင်-ဒေါ်ခင်အေးမိုး၊ ဦးကျော်လွှင်-ဒေါ်ခင်ဆွေဝင်း၊ ဦးဌေးလွှင်-နန့်ခင်သက်သက်အောင်၊ ဦးအောင်လွှင်-ဒေါ်ပပထွေး၊
ချစ်မြေးများ	-	မောင်ဉာဏ်ကောင်းဆက်၊ မဆုသဥ္ဇာစံ၊ မပန်းသိမ်မွေ့ဖြူ၊ မခြူးသက်ချယ်၊ မောင်မင်းသန့်လွှင်၊ မောင်မင်းခန့်ကို၊ မောင်ပြည်လျှံပိုင်

လိုင်းကားအမြန်ရောင်းမည်

လက်ရှိပြေးဆွဲလျက်ရှိသော CNG ဟိုင်းလတ် ထ/---- နှစ်စီး အမြန်ရောင်းမည်။
ဖုန်း-၀၉-၅၁၁၆၈၅၅

"အသည်းရောဂါရှင်များနဲ့ အသည်းရောဂါ ကာကွယ်လိုသူတွေအတွက် ကိုယ်တိုင်ကုသရင်း သုတေသနပြု ထုတ်လုပ်ထားတဲ့ ....."

မန်းရာဇာ အသည်းအားဆေး
အမှတ်တံဆိပ်

အသည်းရောဂါရှင်များအတွက် အစွမ်းထက်၍ သဘာဝတိုင်းရင်းဆေးစစ်စစ်ဖြစ်သော မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးကို သုံးစွဲခြင်းအားဖြင့် အသည်းရောင်အသားဝါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းကြီးခြင်း၊ အသည်းမာ၊ အသည်းခြောက်ဖြစ်ခြင်း၊ ပိုးကြောင့်ဖြစ်သော အသည်းရောဂါအမျိုးမျိုးနှင့် အသည်းရောဂါကို အခံကဖြစ်စေနိုင်သော အရက်နှင့်အစားအသောက်များကို နေ့စဉ်စားသောက်နေသူများ၊ အသည်းရောဂါကာကွယ်လိုသူများအတွက် အသည်းရောဂါရှင်များစွာကို ကိုယ်တိုင်ကုသရင်းမှ ထုတ်လုပ်ထားသော ဆေးဖြစ်ခြင်းကြောင့် စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါသည်။

➤ ပင်ရင်း-ကြာမင်းဆေးတိုက် - အမှတ်(၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ ၈/ရပ်ကွက်၊ မ/ဥက္ကလာ၊ ရန်ကုန်၊ ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၄၃၁ ၉၇၅ ၂၄။
➤ ရှမ်းပြည်နယ်မြန်မာ့ဂုဏ်ရည် - အမှတ်(၉)၊ ဘူတာလမ်း၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့၊ ဖုန်း-၀၈၂ ၂၆ ၂၅၁၊ ၀၉ ၄၇၃ ၂၂ ၂၁၃။

FAME **Uritec®**
For urinary tract infection
ကရစ်ဘယ်ဒီ
TMR 012033 (05/16)
[illegible]
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Urocrush®**
For renal stones
ဆီးကျောက်ပျော်ဆေး
TMR 006045 (07/14)
[illegible]
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

UK's Top Computing Diploma in Yangon

Gusto Institute နှင့် UK နိုင်ငံ၏ အကြီးမားဆုံးပညာရေး အဖွဲ့အစည်းဖြစ်သည့် edexcel တို့ပူးပေါင်းဖွင့်လှစ်မည့်

HND Diploma in Computing (Batch 8)အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ [illegible] IGCSE [illegible]

၂။ [illegible] Student-Centered Learning Approach [illegible]

၃။ [illegible] Higher National Diploma (HND) ကို Edexcel (UK) မှ [illegible]

၄။ HND Diploma [illegible] Gusto Institute [illegible] B.Sc (Hons.) Computing [illegible]

၅။ ၂၀၁၃ [illegible]

GUSTO INSTITUTE
School of Computing & Software Engineering
edexcel

#332D, Pyay Road(Near Manarmyaing Bus stop), Sanchaung Tsp., Yangon.
Call Us: 09-86 28806, 09 4500 56104

[illegible] B.O.T [illegible]

တစ်အုပ်လုံးရောင်စုံကာလာ (၂၄-၁၀-၁၃) ထွက်မည်။

[illegible]

TAXI ငှားမည်

Suzuki R+တစ်လက်ကိုင်၊ အိမ်ပေးစပေါ် သုံးသိန်း၊ တစ်ရက်-၁၀၀၀၀၊
ဖုန်း-၀၉-၃၁၁၁၂၇၃၅၊ ၀၉-၇၃၀၆၉၈၄၁

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း

(L.L.B.) [illegible]
394727, 399426, 09-73069994
[illegible]

ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာချက်

[illegible]

GOLD SQUARE	**KING BIRD**
[illegible]	[illegible]
SCALLER	**WIN**
[illegible]	[illegible]
ရော်ကီ	**စပိတ်-1**
[illegible]	[illegible]
မေရှာ-5	**အားသစ်**
[illegible]	[illegible]

[illegible]
Int'l Class 32: "Beers, mineral and aerated waters and other non-alcoholic drinks, fruit drinks and fruit juices; syrups and other preparations for making beverages"
Int'l Class 33: "Alcoholic beverages (except beers)"
[illegible]

M.A (Law), LL.B, LL.M
MYANMAR TRADEMARK AND PATENT LAW FIRM
[illegible]
E-mail: mtplp@mptmail.net.mm

ထိုက်သူရမည်

တောင်/မြောက်လမ်းဆုံအနီး၊ အခန်းကျယ်၊ ထောင့်ခန်း မျက်နှာစာနှစ်ဖက်၊ ဒုတိယထပ်၊ ဘုရားနှစ်ဆူနေ့စဉ်ဖူးနိုင် သံပန်း၊ ဆန်းရိုတ်ပတ်လည်၊ အဲကွန်း၊ ကိုရီးယားဘဲ(လ်)၊ ကြွေပြားပြည့်၊ လှလှပပမွမ်းမံပြီး၊ ရေ၊ မီးကောင်း၊ ဈေး၊ ကျောင်း၊ ကားဂိတ်နီး နေရာကောင်း ကျပ်(၂၅၅)သိန်း။
ဖုန်း-၀၉-၇၃၁၃၅၄၄၄၊ ၀၉-၇၃၁၀၆၅၇၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ လူနေရပ်ကွက်အမှတ် ၃၀၊ ဆောင်းပေဟမာန်အိမ်ရာ၊ တိုက်အမှတ် (၁၀)၊ အခန်း(၂) အမည်ပေါက် ဦးအောင်မြတ် ၁၂/ရကန(နိုင်)၀၀၄၁၆၃၊ ဒေါ်ခင်လပြည့်ဝန်း ၁၂/ရကန(နိုင်)၀၀၀၈၅၇ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ၁။ ဦးတင်အုန်း ၁၂/ဒဂမ(နိုင်)၀၃၇၄၃၈၊ ၂။ ဒေါ်ငွေကြင် ၁၂/ရကန(နိုင်)၀၂၇၇၈၂က ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

